ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

## ယောက်ျားအာဇာနည်

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 19 July 2021 ၁၀၄၃၉




ဒီဇိုင်း - မင်းလုလင်

# အာဇာနည်ခေါင်းဆောင်ကြီးများကို ဦးညွတ်အလေးပြုပါ၏။

ကြေးမုံ

# ထာဝရမမေ့ကြသည့် အမျိုးသားအာဇာနည်

အကြောင်း ဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည် နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူကို အာဇာနေယျ အာဇာနည်ဟု မြန်မာအဘိဓာန်တွင် ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ တကယ့်ယောကျ်ား အမျိုးသားကောင်းအာဇာနည်ကား ဤမျှမက ဂုဏ်အင်္ဂါအရည်အချင်းများနှင့် အဘက်ဘက်က ပြည့်စုံသူကိုခေါ်သည်။

ထိုပုဂ္ဂိုလ်သည်ကား ရှားမရှား ယောကျ်ားဖြစ်၏။ အစားထိုးမရသော မည်သူနှင့်မတူ တစ်မူထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်၏။ ရာစုနှစ်အဆက်ဆက် မည်မျှကြာပါစေ သူလိုလူ တစ်ကြိမ်တစ်ခါ ပေါ်ပေါက်ဖို့အရေးမှာ လွန်စွာခဲယဉ်းလှ၏။ စိတ်အားထက်သန်မှုအစဉ်ရှိ၏။ ဆန္ဒအား အလွန်ကောင်းသူဖြစ်၏။ ဖွဲ့လုံ့လအရာတွင် ဘယ်သောအခါမှ မလျှော့သောလူစားဖြစ်၏။ အကြောင်းပြကာ နောက်ဆုတ်တတ်သည့် လူစားမျိုးမဟုတ်ပေ။ အခွင့်အလမ်းကိုသော်လည်းကောင်း၊ ကံကောင်းထောက်မမှုကိုသော်လည်းကောင်း စောင့်မျှော်တတ်သည့် လူစားမျိုးမဟုတ်ပေ။ တကယ့်အာဇာနည်ယောကျ်ားဖြစ်သည်။

ပုဂ္ဂလော ပုရိသာဇညော
နှ၊ သောသဗ္ဗတ္တ ဇယတိ
ယတ္ထ သောဇာယတေ ပေါသော
တံကုလံ ခုခ မေဓတိ

ပါဠိအဆိုရှိသည့်အတိုင်း "ယောကျ်ားအာဇာနည်ဟူသည် နေရာဒေသတိုင်း၌ အခါခပ်သိမ်း မပေါ်ပေါက်။ အကြင်အရပ်၊ အကြင်နိုင်ငံ၌ မတစ်ထောင် တစ်ကောင်ဘွား၊ ယောကျ်ားအာဇာနည် ပေါ်ပေါက်ခဲ့သော် ထိုဒေသ၊ ထိုနိုင်ငံ၊ ထိုလူမျိုးတို့မှာ အဖိုးတန်သမှု အကျိုးအန္တ" ဟု ဆိုထား၏။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ တကယ့်အာဇာနည်မြောက်သော ပုရိသအာဇာနည်သည်ကား အမြင်ကျယ်၏၊ အသိကျယ်ပြန့်၏၊ တွေးခေါ်ဉာဏ်ကောင်းလှ၏။ ဆင်ခြင်သုံးသပ်ကာ ကောက်နုတ်ချက်ချမှတ်တတ်သူဖြစ်၏၊ ဆုံးဖြတ်ချက်၊ ပြဋ္ဌာန်းရည်ကောင်း၏၊ အခြေအနေကိုလည်းကောင်း၊ အကြောင်းခြင်းရာကိုလည်းကောင်း စိစစ်ဝေဖန်နိုင်စွမ်း ထူးကဲ၏။ စီမံခန့်ခွဲမှု ကျွမ်းကျင်၏။

လူဖြောင့်တို့ သဘာဝအတိုင်း၊ ဒိုးခနဲဒေါက်ခနဲ ပြတ်ပြတ်သားသား၊ တိတိကျကျပြောတတ်၏။ ဟောတတ်၏။ သူကားကိုယ်ကျိုး၊ ကိုယ့်ဆွေမျိုးအကျိုး၊ ကိုယ့်ပါတီအကျိုးသက်သက်ကိုသာ ကြည့်တတ်သူ မဟုတ်ပေ။ နိုင်ငံအကျိုးကိုသာ ကြည့်တတ်သူဖြစ်သည်။ သူလိုပုဂ္ဂိုလ်ကား ငွေ၊ ရာထူး၊ ဂုဏ်ထူးကို မက်မောမှု မရှိပေ။ နာမည်ကြီးချင်၍၊ ခေါင်းဆောင်လုပ်ချင်၍ စွန့်စားသူမျိုးမဟုတ်ပေ။ နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်ဝံ့သူသာဖြစ်သည်။ သူကား ခေါင်းဆောင်ဘဝကို မျှော်မှန်းလမ်းထွင်၍ ရောက်လာသူမဟုတ်ပေ။ အချောင်ရောက်လာသူလည်းမဟုတ်ပေ။ အတ္တစွဲလုံးဝမဖက်သော စေတနာနှင့် ထိရောက်သော လုပ်ဆောင်ချက်များကြောင့် တစ်နိုင်ငံလုံး၊ လူအားလုံးက ထောက်ခံရပ်တည်ကြကာ၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးက ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုသဖြင့် ခေါင်းဆောင်ဖြစ်လာသူဖြစ်၏။ အသင်းအဖွဲ့တစ်ခု၊ ပါတီတစ်ခုက တင်လိုက်သဖြင့် ဖြစ်လာသော ခေါင်းဆောင်အမျိုးအစားမဟုတ်ပေ။ တစ်နိုင်ငံလုံးနှင့်ဆိုင်သော၊ တစ်မျိုးသားလုံးက လေးစားသော ခေါင်းဆောင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ်နန်း၊ ကိုယ့်အရှင်သခင်နှင့် နေထိုင်ကြပြီးနောက် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ ရောက်ခဲ့သည်။ မြန်မာနိုင်ငံကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား အမျိုးသားအာဇာနည်သူရဲကောင်းကြီးများက သူမတူအောင် စည်းရုံးနိုင်ခဲ့ပြီးနောက် သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် လွတ်လပ်ရေးအတွက် အောင်ပန်းဆွတ်ချူပေးခဲ့သော ၂၀ ရာစုခေတ် မြန်မာနိုင်ငံ လွတ်လပ်ရေးဗိသုကာဖြစ်သော၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ခေတ်တွင် တစ်ယောက်၊ မတစ်ထောင် တစ်ကောင်ဘွား တကယ့်ယောကျ်ားကောင်း အာဇာနည်ဖြစ်သည်။

ဤမျှ အဘက်ဘက်မှ ပြည့်စုံသော၊ အရည်အသွေးပြည့်ဝသော ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းသည်ကား အများအကျိုးအတွက်သာ အကာအကွယ်ပြုတတ်ပြီး မိမိအတွက်မူ မကာကွယ်လို၊ မကာကွယ်တတ်သည့်အားလျော်စွာ နယ်ချဲ့လက်ပါးစေ နိုင်ငံရေးအာဏာယစ်မူးသူ၏ စေခိုင်းချက်အရ အကြမ်းဖက်လူသတ်သမားတို့လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့တွင် ကျဆုံးခဲ့ရပေသည်။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြင့်မြတ်သောအာဇာနည်တို့၏ အစဉ်အလာအတိုင်း လူပင်သေသော်လည်း နာမည် ဘယ်သောအခါမှ မသေဘဲ ကမ္ဘာပင်ပျက်စေ ထာဝရမမေ့နိုင်သည့် အမျိုးသားအာဇာနည်သူရဲကောင်းကြီး ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးမိတ်မြို့၌ အောက်ဆီဂျင်အိုးများ လွှဲပြောင်းပေးအပ်



**မိုးမိတ် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ကျော်ဇော်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်ဗိုလ်မှူးအောင်ဇော်ထက်နှင့် တာဝန်ရှိသူများက အောက်ဆီဂျင်ဖြည့်တင်းရန် လိုအပ်နေသော အောက်ဆီဂျင်အိုးကြီး ၁၈ လုံးအား စစ်ဗျူဟာ(အခြေချ) မိုးမိတ်၏ကူညီထောက်ပံ့မှုဖြင့် ပြန်လည်ဖြည့်တင်း၍ မိုးမိတ်နှင့် မဘိမ်းမြို့နယ်များရှိ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက် ၁၁ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မိုးမိတ်သား**

# ဝန်းသိုမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်လျက်ရှိ

**ဝန်းသို ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဝင်းကြီးအုပ်စု ကံကုန်းကျေးရွာ၌ ပေ ၈၀ ကျော် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်တံတားမှာ အရှည် ၈၄ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၀ ပေဖြစ်ပြီး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးချိန်တွင် ၂၄ ပေတစ်ခန်းနှင့် ပေ ၂၀ တစ်ခန်း သံပေါင်တင် ကွန်ကရစ်ကြမ်းခင်းခြင်း ကွန်ကရစ်လောင်းခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်ရှိနေသော အကျယ် ပေ ၄၀ တစ်ခန်း သံပေါင်တင်ခြင်းနှင့် ကြမ်းခင်းကွန်ကရစ်လောင်းခြင်း လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကံကုန်းကျေးရွာ ရွာအဝင် ကွန်ကရစ်တံတားကြီးအား စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ အလှူရှင်တစ်ဦးမှ ငွေကျပ် သိန်း ၅၀၊ ပြည်သူထည့်ဝင် ငွေကျပ် ၁၃၈ ဒသမ ၆ သိန်းအပြင် ကျောက်၊ သဲ အလှူရှင်များ၊ ကျေးရွာလူထု၏ လုပ်အားများဖြင့် ကျေးလက်ဦးစီးဌာန၏ နည်းပညာအကူအညီ ရယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အငယ်တန်း** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | – ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **ဘာသာပြန်** | – ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | – ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **ဒီဇိုင်း** | |
| **အကြီးတန်း** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | – ဒေါ်အေးအေးသင်း |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | | |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ရှိသူများသာမက နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်၍ အင်တိုက်အားတိုက်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရန်လို




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ပြီး ကုသရေး လုပ်ငန်းသည် အများနှင့်ဆိုင်သည့် ကိစ္စရပ်ဖြစ်သဖြင့် ကျန်းမာရေးဝန်ထမ်းများသာမက ပြင်ပမှ ကျွမ်းကျင်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် အနီးကပ်ဆုံး၊ လက်တွေ့အကျဆုံးတာဝန်ယူ ဆောင်ရွက်နေကြရသူများဖြစ်သဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ အားပေးမှုများနှင့် စောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားစဉ်ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**တတိယလှိုင်းတွင် ဖြစ်ပွားမှုနှုန်းများပြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြား ရာတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုသည် ပထမလှိုင်းနှင့် ဒုတိယလှိုင်းဖြစ်ပေါ်ခဲ့စဉ် မသိသာခဲ့ သော်လည်း လက်ရှိတတိယလှိုင်းတွင် ဖြစ်ပွားမှုနှုန်း များပြား မြန်ဆန်လာသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများတွင် ရောဂါဖြစ်ပွား မှုအနေဖြင့် လူဦးရေသန်း ၁၉၀ ကျော်ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံတွင် ဇူလိုင် ၁၇ ရက်အထိ ၂၂၄၂၃၆ ဦးရှိပြီဖြစ်ကြောင်း၊ ကိုဗစ် – ၁၉ တတိယလှိုင်းသည် မိမိတို့နိုင်ငံ၌ ဇွန်လမှ စတင်ဖြစ်ပွားလာခဲ့ပြီး ဇူလိုင် ၁ ရက်မှစ၍ ကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လာ သည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့၏ ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်းများကို သုတေသနပြု နှိုင်းယှဉ် ရာတွင် များစွာကွာခြားမှုရှိပြီး တတိယလှိုင်းတွင် ကူးစက်ဖြစ်ပွားမှုနှုန်းများသည်ကို ဆတိုးဖြင့် ကူးစက်ပြန့်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ၁ ဒသမ ၆ သန်းကျော်ကို ကာကွယ်ဆေး ထိုးနှံပြီးဖြစ်ပြီး ဒုတိယအကြိမ်ထိုးနှံမှုများကို ဆောင်ရွက်လျက်ရှိ ကြောင်း၊ ပြည်သူလူထုအားလုံးကို ရာနှုန်းပြည့်ထိုးနှံ နိုင်ရေးအတွက် ကာကွယ်ဆေးများကို လှူဒါန်းရရှိမှု များ၊ မှာယူမှုများဖြင့် အဆက်မပြတ် တင်သွင်းလျက် ရှိပြီး ဇူလိုင် ၂၂ ရက်တွင် တရုတ်နိုင်ငံမှ ကာကွယ်ဆေး ခုနစ်သိန်းခွဲ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်းနှင့် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင်လည်း ဆက်တိုက်ရောက်ရှိ လာမည်ဖြစ်ကြောင်း၊ ဩဂုတ်လ ပထမပတ်အတွင်း၌ လည်း ကာကွယ်ဆေးများ ဆက်လက်ရောက်ရှိလာ မည်ဖြစ်သဖြင့် ယခုနှစ်အတွင်း လူဦးရေ၏ ၅၀ ရာခိုင် နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် မျှော်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိက ကုမ္ပဏီများ ကိုလည်း ဆေးဝါးတင်သွင်းမှုနှင့် ပတ်သက်၍ ကန့်သတ်ချက်မထားရှိဘဲ ခွင့်ပြုပေးထားကြောင်း။

**ကူးစက်မှုလျော့ကျနိုင်ရေး**

အောက်ဆီဂျင်နှင့်ပတ်သက်၍ လူအများ စိတ်ဝင်စားလျက်ရှိပြီး အောက်ဆီဂျင်ပေး၍ ကုသ သည်ဆိုသော်လည်း လိုအပ်သည့်သူများကိုသာ အောက်ဆီဂျင်ပေးကုသရသည်ဖြစ်ကြောင်း၊ သို့သော် လည်း ပြည်သူလူထုအနေဖြင့် ကောလာဟလသတင်း များကြောင့် စိုးရိမ်ပူပန်ပြီး အောက်ဆီဂျင်များကို ဝယ်ယူသိုလှောင်ခြင်း၊ တစ်ဆင့်ခံရောင်းချခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်း၊ အောက်ဆီဂျင်ကို ဆေးရုံများနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၏ အကြံပြုချက်များဖြင့် အသုံး ပြုခြင်းသာ အကောင်းဆုံးဖြစ်မည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ စက်ရုံ၊ အလုပ်ရုံများရှိ Oxygen Plant များမှ အောက်ဆီဂျင် များ ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှလည်း liquid အောက်ဆီဂျင်နှင့် အောက်ဆီဂျင်အိုးများကို နယ်စပ်ကုန်သွယ်ရေးစခန်း များမှတစ်ဆင့် တင်သွင်းပေးလျက်ရှိကြောင်း၊ တတိယ လှိုင်းတွင် မိမိတို့သာမက အိမ်နီးချင်းနိုင်ငံများ၌လည်း အလားတူ အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး မိမိတို့ အနေဖြင့် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကာ ကူးစက်မှုလျော့ကျ နိုင်ရေးကို အဓိကထားဆောင်ရွက်ကြရမည်ဖြစ် ကြောင်း။

**လက်ရှိအချိန်တွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သုတေသနပြုထားသည်များကို လေ့လာ မှုများနှင့် Mobility Pattern အရ လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှုများ လျော့နည်းလာသည်ကို လက်တွေ့တွေ့မြင်ရပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှု မှာ မြင့်တက်လာသည်ကို တွေ့ရှိရကာ သတ်မှတ်ထား သည့် စည်းကမ်းများကို အလေးထားလိုက်နာလျက် ရှိသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိပါ ကြောင်း၊ ထုတ်ပြန်ထားရှိသည့် သွားလာနေထိုင်မှု အခြေခံစည်းကမ်းများကို တစ်ဦးချင်း တာဝန်သိစွာ ဖြင့် လိုက်နာဆောင်ရွက်ပြီး အားလုံးပူးပေါင်း ဆောင်ရွက်မည်ဆိုပါက ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ် နိုင်မည်ဖြစ်**ကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရန် တာဝန် ရှိသူများအနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ် ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါ ဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိသော်လည်း ကုန်စည် စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးနှင့် ကုန်ထုတ် လုပ်ငန်းများ အခက်အခဲမရှိစေရေးအတွက် ပို့ဆောင် ဆက်သွယ်ရေးဆိုင်ရာ လေကြောင်း၊ ရထားလမ်း၊ ကားလမ်းများကို ဖွင့်လှစ်ပေးထားလျက်ရှိပြီး ပို့ဆောင်ဆက်သွယ်ရေး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာတို့နှင့် ပတ်သက်၍လည်း စောင့်ရှောက်ပေးရန် လိုအပ် မည်ဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိ လာမည့် ရောဂါကာကွယ်ဆေးများကို အများနှင့် ထိတွေ့ဆက်ဆံနေရသော ပို့ဆောင်ဆက်သွယ်ရေး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား ဦးစားပေး ထိုးနှံပေးသွားနိုင်ရေးစီစဉ်ရန် လိုကြောင်း။

**သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ**

မကြာမီရက်သတ္တပတ်အတွင်း ကျရောက်မည့် အာဇာနည်နေ့၊ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ နှင့် အီဒုလ်အဿွဟာ(ကုရ်ဘာနီအီး‌ဒ်)နေ့ အခမ်း အနားများသည် မဖြစ်မနေကျင်းပရန် လိုအပ်သည့် အခမ်းအနားများဖြစ်သော်လည်း ကျန်းမာရေး ဆိုင်ရာ ထိခိုက်မှုတစ်စုံတစ်ရာ မရှိစေရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပ သွားရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုဗစ်–၁၉ ရောဂါကာကွယ်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည့်အခြေ အနေများနှင့်ပတ်သက်၍ **စာမျက်နှာ ၄ သို့** ✪

- ❖ **လက်ရှိအချိန်တွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သုတေသနပြုထားသည်များကို လေ့လာမှုများနှင့်** Mobility Pattern **အရ လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှုများ လျော့နည်းလာသည်ကို လက်တွေ့တွေ့မြင်ရပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုမှာ မြင့်တက်လာသည်ကို တွေ့ရှိရကာ သတ်မှတ်ထားသည့် စည်းကမ်းများကို အလေးထားလိုက်နာလျက်ရှိသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိ**
- ❖ **ထုတ်ပြန်ထားရှိသည့် သွားလာနေထိုင်မှု အခြေခံစည်းကမ်းများကို တစ်ဦးချင်း တာဝန်သိစွာဖြင့် လိုက်နာဆောင်ရွက်ပြီး အားလုံး ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်**

# ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြ



တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာ ကိုယ့်အစွမ်းကိုအားမကိုးဘဲ လူတွေက ကြည်ညိုတန်ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြပြီးလာစေကာမူ ဘယ်နည်းနဲ့မျှ အားမပေးကြပါနဲ့။ ခင်ဗျားတို့လည်ပင်း ခင်ဗျားတို့ ကြိုးတပ်ချင်ရင်ဖြင့် ကျုပ်ဘာမှမပြောလိုတော့ဘူး။ သို့သော်လည်း ခင်ဗျားတို့ ဒါမျိုးအလုပ် မခံချင်ရင် ခင်ဗျားတို့အကျိုးဖြစ်စေချင်ရင် ဒီလူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေကို ရှောင်ရှားကြပါ။

(၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ပြည်သူ့အစည်းအဝေးကြီးတွင် မြွက်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

✪ စာမျက်နှာ ၃ မှ

ပြောကြားရာတွင် “ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်လို့ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန် လိုပါတယ်။ အဓိက ဘာလဲဆိုတော့ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုက ပိုပြီး အရေးကြီးပါတယ်။ ဒီရောဂါက ဘယ်လိုမှ တားဆီးလို့ရတာလဲမဟုတ်ပါဘူး။ မြင်လည်းမမြင်ရဘူး၊ ကြားလည်းမကြားရဘူး၊ အနံ့လည်းမရဘူး၊ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ အနေနဲ့ အားလုံးက ပူးပေါင်းဆောင်ရွက်မှုပိုအရေးကြီးတယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ အဓိက က ကုသရေးပိုင်းဆိုင်ရာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ကိစ္စ၊ ဝန်ထမ်းတွေမှာလည်း နိုင်ငံ့ဝန်ထမ်းတွေရှိသလိုပဲ၊ နောက်တစ်ခါအပြင်မှာ ရှိနေတဲ့ ကျွမ်းကျင်တဲ့လူတွေရှိပါတယ်။ ဆေးဘက်ပညာရှင်တွေရှိပါတယ်။ အများနဲ့ပတ်သက်တဲ့ကိစ္စ ဖြစ်လို့ အားလုံးပူးပေါင်းဆောင်ရွက်ပေးရန်လိုပါတယ်လို့ ပြောလိုပါတယ်။ သူတို့၏ ကျန်းမာရေးဆိုင်ရာ အကာအကွယ်ကိုလည်း ကာကွယ်ပေးဖို့လိုတယ်။ သူတို့ ဖျားနာနေလို့မရဘူး။ သူတို့ကိုလည်း ပိုပြီးတော့ ဂရုစိုက်ဖို့လိုတယ်။ သူတို့ရဲ့ ကုသပေးမှုက လူအများကို ဆောင်ရွက်ပေးတာ။ လူတစ်ယောက်က လူအများကို ဆောင်ရွက်ပေးတာဖြစ်တယ်။ လူအများက သူ့ကို ဆောင်ရွက်ပေးတာမဟုတ်ဘူး။ လူတစ်ယောက်က လူအများကို ဆောင်ရွက်ပေးတာ ဖြစ်တယ်။ ဒါကြောင့် သူတို့က ပိုပြီးအရေးကြီးပါတယ်။ ဦးစားပေးပါ။ သူတို့ကို ပြန်ပြီးတော့ ဦးစားပေးဖို့ လိုပါတယ်။ ဒါတွေကလည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အဆင့်ဆင့်ကလည်း အထူး အလေးထားပြီးတော့ ဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်။ တစ်ဖက်ကလည်း စောစောကကျွန်တော် ပြောတဲ့ နိုင်ငံ့ဝန်ထမ်းများနဲ့ ကျွမ်းကျင်သူများ ကလည်း အပြင်မှာရှိတဲ့ကျွမ်းကျင်သူ အားလုံးကလည်း ဒီဟာက နိုင်ငံရဲ့ နိုင်ငံ့အရေးဖြစ်တဲ့အတွက်ကြောင့် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုတယ်လို့ ကျွန်တော်ပြောလိုပါတယ်။ စေတနာ ဝန်ထမ်းများ ခေါ်နေတာ ရှိပါတယ်။ တချို့လည်း လာရောက်သတင်းပို့ကြတာရှိပါတယ်။ ဒါပေမယ့် လည်း အကြောင်းအမျိုးမျိုးကြောင့် ဟိုကလည်း ခြိမ်းခြောက်၊ ဒီကလည်း ခြိမ်းခြောက်ဆိုတော့ မလာရဲ၊ မပြုရဲနဲ့ လုပ်ကြတာရှိတယ်။ တချို့လည်း အပြင်ရောက်နေတဲ့သူတွေ လာချင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်နေ တာကို တွေ့ရတယ်။ ဒါတွေကို ကြိုဆိုတယ်လို့ ကျွန်တော် ပြောထားပြီးသားဖြစ်ပါတယ်။ ကြိုဆို တယ်လို့ ပြောထားပြီးသားဖြစ်တာကြောင့် ပူးပေါင်း ဆောင်ရွက်ပေးမှု လိုအပ်တာဆိုတာ ပြောလိုပါတယ်။ နောက်တစ်ခါ လိုအပ်သည့်ပစ္စည်းနှင့်ပတ်သက်ပြီး လှူနေတာတွေရှိပါတယ်။ မနေ့က တင်ပြတဲ့ ကိန်းဂဏန်းအရဆိုလျှင် ပြည်နယ်နှင့် တိုင်းအသီးသီး မှာ တော်တော်ကိုများကြပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေက လှူမှုရေးစိတ်ဓာတ်တွေရှိကြ တယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ အခက်အခဲအကျပ် အတည်းတွေရှိတဲ့ကြားထဲက သိန်းပေါင်းများစွာ ပြည်နယ်နှင့်တိုင်းအသီးသီးမှာ လာရောက်လှူဒါန်းတဲ့ ပုဂ္ဂိုလ်များကိုလည်း အလှူရှင်အသီးသီးကိုလည်း ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လှူတယ်ဆိုကတည်းက ဝမ်းသာစရာကိစ္စဖြစ်ပါတယ်။ အလှူရှင်အားလုံး ကိုလည်း ကျေးဇူးတင်ကြောင်း ကျွန်တော်ပြောလိုပါ တယ်။ ဆက်လက်ပြီးတော့လည်း တတ်နိုင်သည့် အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေကလည်း ပူးပေါင်း ဆောင်ရွက်ပေးကြပါလို့ ပြောလိုပါတယ်။”

### ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး၊ ပြည်နယ် နှင့် တိုင်းစစ်ဌာနချုပ်အလိုက် Oxygen Plant များ၊ အောက်ဆီဂျင်အိုးများ မှာယူရောက်ရှိနေမှု၊ ဆေးဝါး နှင့် ကျန်းမာရေးဆိုင်ရာ လက်ကားဆေးဆိုင်ကြီး များ၏ ဖြန့်ဝေရောင်းချနေမှုနှင့် သုံးသပ်ချက်များ၊ ကုန်စည်စီးဆင်းမှုနှင့် ရောဂါကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်စေရေး အတွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးနေမှု၊ ကျန်းမာရေးဆိုင်ရာ အသိပညာ ပေးနှိုးဆော်ခြင်းနှင့် ရောဂါဖြစ်ပွားမှုဆိုင်ရာ၊ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက် နေမှုများကို သတင်းထုတ်ပြန်ပေး၊ ပညာပေး၊ လှုံ့ဆော်နေမှု၊ ယနေ့အချိန်အထိ မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် ရောဂါပိုးအတည်ပြုလူနာ ၃၁၅ ဦးရှိသည့်အနက် ဆေးရုံဆင်းလာသူ ၁၂၀၊ ကုသဆဲ ၁၉၀ ဖြစ်ပြီး သေဆုံးသူ ၅ ဦးရှိကာ ၎င်း ၅ ဦး သည်လည်း မူလရောဂါအခံရှိမှုကြောင့်သေဆုံးခဲ့ရ သည့် အခြေအနေများနှင့် အကျဉ်းစခန်းများရှိ ရောဂါပိုးအတည်ပြုသူများကို သက်ဆိုင်ရာအကျဉ်း စခန်း၊ အချုပ်စခန်းများတွင် ဆေးခန်း၊ ဆေးကုသမှု နေရာများဖြင့် စနစ်တကျကုသမှုများ ဆောင်ရွက်ပေး လျက်ရှိမှုကြောင့် အခြေအနေထိန်းချုပ်ထားနိုင်မှု၊ မဖြစ်မနေ ကျင်းပရန် လိုအပ်သည့်အခမ်းအနား များအား အနည်းဆုံးသော အင်အားဖြင့် သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အောက်ဆီဂျင် များလိုအပ်ချက်များ မရှိစေရေးအတွက် တပ်မတော် စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံများမှ နေ့စဉ် ထုတ်လုပ်၍ ဆေးရုံများသို့ နေ့စဉ်ဖြန့်ဝေပေးနေမှု၊ ပြည်ပမှမှာယူတင်သွင်းပေးနေမှုနှင့် အောက်ဆီဂျင် များ လုံလောက်စွာရရှိရေးစီမံဆောင်ရွက်နေမှု၊ ကျန်းမာရေးဝန်ထမ်းများအား လိုအပ်သည့် ကူညီ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးစီမံ ဆောင်ရွက်နေမှု၊ တပ်မတော်စက်ရုံ အလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံများမှ အောက်ဆီဂျင်များ နေ့စဉ် ထုတ်လုပ်ဆောင်ရွက်ပေးနေမှု၊ ရောဂါကူးစက် ပြန့်ပွားမှုလျော့ပါးစေရေးအတွက် သတ်မှတ်ထား သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင် သွားလာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကျယ်တဝင့် ရှင်းလင်းတင်ပြကြ သည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း များသည် ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍတို့ အတွက် မရှိမဖြစ်အရေးပါပြီး ရပ်တန့်သွား၍မရ သည့်အတွက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း များကို တိတိကျကျ လိုက်နာကြရန်လိုအပ်မည်ဖြစ် ကြောင်း၊ ဒေသအလိုက် မဖြစ်မနေခရီးသွားရသည် များ ရှိသည်ဖြစ်၍ RBE ရထားများ ပြေးဆွဲပေးရန် လိုကြောင်း၊ လျှပ်စစ်ဓာတ်အားမရရှိပါက ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်မဟုတ်သောကြောင့် လျှပ်စစ် ဓာတ်အားပြတ်တောက်မှု မရှိစေရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရန်နှင့် လျှပ်စစ်ဝန်ထမ်း များကို လုံခြုံရေးအရ အကာအကွယ်ပေးရန်လိုအပ် မည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ပုံနှိပ် လုပ်ငန်းများမှတစ်ဆင့် ပြည်သူများသို့ ကျန်းမာရေး ဆိုင်ရာ အသိပညာပေးခြင်းများကို ဆောင်ရွက်ရာတွင် ထိမိစွာဖြင့် သတိပေးနှိုးဆော်ကြရမည်ဖြစ်ပြီး တိုင်းရင်းသားဘာသာစကားများဖြင့်လည်း ထုတ်လွှင့် ရန်လိုကြောင်း၊ ပညာပေးအစီအစဉ်များ၊ ဆောင်းပါး များ၊ သတင်းများကို လူတိုင်းနားလည်အောင်၊ ထိမိအောင် ရေးသား၊ ထုတ်လွှင့်ရန်လိုကြောင်း၊ နှိုးဆော်ချက်၊ လှုံ့ဆော်ချက်များကို လူထုနားထဲ အရောက် အသံချဲ့စက်များသုံး၍ ပညာပေးရန်၊ လှုံ့ဆော်ရန် လုပ်ဆောင်နိုင်ကြောင်း၊ ကာကွယ် ဆေးထိုးနှံမှုနှင့် ပတ်သက်၍ ထိုးနှံရမည့်သူအားလုံးကို မပျက်မကွက်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန် ထမ်းဆောင်မှုကို စိတ်ရောကိုယ်ပါ အားပေးကြရမည် ဖြစ်ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ထောက်ပံ့ကြေးများကိုလည်း ခွင့်ပြုထားသည့်အပြင် ကျန်းမာရေးဝန်ထမ်းများ၏ စိတ်ဓာတ်မြှင့်တင်ရေးကို တာဝန်ရှိသူအားလုံးက လိုအပ်သည်များ ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ ဝေးလံခေါင်ဖျားသည့် ဒေသများ၏ အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ အရေးပေါ်လိုအပ်ပါက တပ်မတော်ရဟတ်ယာဉ်၊ လေယာဉ်များအသုံးပြု နိုင်ရေး စီမံခန့်ခွဲထားပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ပေးရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဆွေးနွေးမှုများ၏ အဓိကရည်ရွယ်ချက်သည် ရောဂါကူးစက်ပြန့်ပွားမှု လျော့ကျစေရေးပင်ဖြစ်ပြီး ရောဂါပိုးကူးစက်မှု ကြောင့် ပြည်သူများ စိုးရိမ်ပူပန်နေရမှုများကို ဖြေလျှော့ပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ သတိပေးနှိုးဆော်မှုများကို ဆက်တိုက် ဆောင်ရွက်ခဲ့သဖြင့်

စာမျက်နှာ ၅ သို့ ✪

**ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်လို့ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန် လိုပါတယ်။ အဓိကဘာလဲဆိုတော့ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုက ပိုပြီးအရေးကြီး ပါတယ်။ ဒီရောဂါက ဘယ်လိုမှ တားဆီးလို့ရတာလဲ မဟုတ်ပါဘူး။ မြင်လည်းမမြင်ရဘူး၊ ကြားလည်းမကြားရဘူး၊ အနံ့လည်းမရဘူး၊ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့အနေနဲ့ အားလုံးက ပူးပေါင်းဆောင်ရွက်မှု ပိုအရေးကြီးတယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ အဓိက က ကုသရေးပိုင်းဆိုင်ရာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ကိစ္စ၊ ဝန်ထမ်းတွေမှာလည်း နိုင်ငံ့ဝန်ထမ်းတွေရှိသလိုပဲ၊ နောက်တစ်ခါ အပြင်မှာရှိနေတဲ့ ကျွမ်းကျင်တဲ့ လူတွေရှိပါတယ်။ ဆေးဘက်ပညာရှင်တွေရှိပါတယ်။ အများနဲ့ပတ်သက်တဲ့ ကိစ္စဖြစ်လို့ အားလုံးပူးပေါင်းဆောင်ရွက်ပေးရန်လိုပါတယ်လို့ ပြောလိုပါတယ်**

## နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်

**နိုင်ငံအတွင်းတရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေးအနက်ထား ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန် လိုအပ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ် ထုတ်ဝေ

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါမိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် ဇွန်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောကြားခဲ့သည့် မိန့်ခွန်းများ စုစုပေါင်း(၈)ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

ဇွန်လ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁၂/၂၀၂၁) အခမ်းအနားတွင် "သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွဲ့စည်းထားသည့်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများက ချက်ချင်းအရေးယူဆောင်ရွက်ရန်လို၊ အဂတိလိုက်စားမှုများနှင့် ပတ်သက်ပြီး လုပ်ပိုင်ခွင့်ကျော်လွန် ဆောင်ရွက်ခဲ့သည့် အဂတိမှုများကို ပြန်လည်စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုကိစ္စများကို ဥပဒေနှင့်အညီ ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ရန် ဆောင်ရွက်နေကြောင်း" ပြောကြားသည့် အမှာစကား။

ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၉/၂၀၂၁)အခမ်းအနားတွင် "နိုင်ငံ၏ကျေးလက်စီးပွားရေးကို အထောက်အကူပြုနေသည့်လုပ်ငန်းများတွင် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များသည် အဓိကအရေးကြီးကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်ပသို့ နွားများတင်ပို့လျက်ရှိသဖြင့် ပြည်တွင်းမှ လယ်ယာကဏ္ဍစိုက်ပျိုးရေးအတွက် အသုံးဝင်သည့် ခိုင်းနွားများ လျော့နည်းမသွားရန် လိုသကဲ့သို့ စက်မှုလယ်ယာကဏ္ဍကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း" ပြောကြားသည့် အမှာစကား စသည့်အကြောင်းအရာများအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

သတင်းစဉ်




✪ စာမျက်နှာ ၄ မှ

လှုပ်ရှားသွားလာမှုများလျော့ကျလာသည်ကို တွေ့ရှိရပြီး ရုံးပိတ်ရက်ရှည်ကာလအတွင်း၌လည်း သွားလာမှုများကို စနစ်တကျရှိစေရေး နှီးဆော်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝါတွင်းကာလ ဝါဆိုကြမည့် ရဟန်း၊ သံဃာ၊ သီလရှင်များ၏ ကျန်းမာရေး၊ ဆွမ်းကွမ်းကိစ္စမလစ်ဟင်းစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ပြင် ကိုးကွယ်ရာဘာသာများအလိုက် ဘုရားသွားကျောင်းတက်ခြင်း၊ ဝတ်ပြုခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ရာ စည်းကမ်းနှင့်အညီဖြစ်စေရေး ကြပ်မတ်ကြရမည်ဖြစ်ကြောင်း။

### ပြောကြား

ကုန်ထုတ်လုပ်ငန်းများ လည်ပတ်နေစေရေးနှင့် ကိုဗစ်ကာလ သွားလာမှုကန့်သတ်ချက်အချို့ကြောင့် စိုက်ပျိုးကုန်များ၊ မွေးမြူရေးထုတ်ကုန်များ ပို့ဆောင်ဖြန့်ချိမှု ခက်ခဲလာလျှင် ကူညီဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်နှင့် သင့်လျော်သော အမြတ်ငွေရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အခြေခံစားကုန်သဖွယ်ဖြစ်နေသော ကြက်ဥဈေးနှုန်းနှင့် ပတ်သက်ပြီး ကောလာဟလဖြစ်အောင် ဈေးနှုန်းမြင့်တက်အောင် လုပ်ဆောင်နေမှုများကို တွေ့ရှိရပြီး ဥစားကြက်မွေးမြူရေးကို မိမိတို့အနေဖြင့် လွန်ခဲ့သည့် ခြောက်နှစ်၊ ခုနစ်နှစ်ကတည်းကပင် အားသွန်ခွန်စိုက် လုပ်ခဲ့ကြောင်း၊ ယခင်ကပင် တပ်မတော်က ပြည်သူလူထုကို ရောင်းချပေးနေသည်ကိုတွေ့နိုင်မည်ဖြစ်ကြောင်း၊ စိုးရိမ်စရာမရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်၍ ပြည်သူလူထုတစ်ရပ်လုံး၏ စိုးရိမ်ကြောင့်ကြမှုများကို လျော့ပါးအောင် ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရောဂါကာကွယ်ကုသထိန်းချုပ်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ပြောကြားရာတွင် **"Quarantine Center နဲ့ ပတ်သက်၍ ပြင်ထားတာရှိပါတယ်။ တပ်မတော်နဲ့အရပ်ဘက်ဆေးရုံတွေ၊ နေရာ၊ ဌာနတွေကို အားလုံးပေါင်း**

**Quarantine Center နဲ့ ပတ်သက်၍ ပြင်ထားတာရှိပါတယ်။ တပ်မတော်နဲ့ အရပ်ဘက်ဆေးရုံတွေ၊ နေရာ၊ ဌာနတွေကို အားလုံးပေါင်း ၆၉၈၀၀ ဦးရေခန့်အတွက် Center ၁၉၃၄ နေရာမှာ ပြင်ဆင်ထားပါတယ်။ လက်ရှိ ၂၅ ရာခိုင်နှုန်းပဲ Quarantine Center များတွင် ရှိပါတယ်။ အလားတူ Positive လူနာများနဲ့ ပတ်သက်ပြီး နေရာပေါင်း ၁၁၁၄ နေရာမှာ ၄၅၉၀၀ ၊ ၄၆၀၀၀ ခန့်ဝင်ဆံ့တဲ့ အင်အား ရှိပါတယ်။**

**၆၉၈၀၀ ဦးရေခန့်အတွက် Center ၁၉၃၄ နေရာမှာ ပြင်ဆင်ထားပါတယ်။ လက်ရှိ ၂၅ ရာခိုင်နှုန်းပဲ Quarantine Center များတွင် ရှိပါတယ်။ အလားတူ Positive လူနာများနဲ့ပတ်သက်ပြီး နေရာပေါင်း ၁၁၁၄ နေရာမှာ ၄၅၉၀၀၊ ၄၆၀၀၀ ခန့် ဝင်ဆံ့တဲ့ အင်အားရှိပါတယ်။ လောလောဆယ် ၆၂ ရာခိုင်နှုန်းပဲ Positive လူနာထားတဲ့နေရာမှာ ရှိပါတယ်။ ကုသရေး Center ပေါင်း ၅၆၀ လုပ်ထားတဲ့နေရာမှာ ဝင်ဆံ့တာက ၂၅၅၀၀ ခန့်ရှိပါတယ်။ ၉၂ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။ သူကတော့ ပိုများပါတယ်။ ကုသရေး Center မှာရှိတဲ့ လူနာများနဲ့ပတ်သက်၍ တချို့ကလည်း Positive လူနာထားတဲ့ နေရာဘက်သို့ ရွှေ့သင့်ရင် ပြန်ရွှေ့ရမှာပဲ။ ဒါကတော့ လက်ရှိအခြေအနေမှာ မဖြစ်သေးပါဘူး။ သို့သော်လည်း ကြိုတင်ပြီးစဉ်းစားထားဖို့လိုတယ်။ ဘယ်လိုဖြစ်လာလို့ရှိရင် ဘယ်နေရာမှာ Shift လုပ်မလဲဆိုတာ အဲ့မှာ စီမံခန့်ခွဲရေးလုပ်ဖို့ အရေးကြီးပါတယ်။ သူတို့ရဲ့ စားရေး၊ သောက်ရေး အရေးကြီးပါတယ်။ သူတို့ စားရေး၊ သောက်ရေး၊ ကျွေးမွေးရေးပေါ့။ တပ်မတော်ကတော့ တပ်မတော်မှာ တက်နေတဲ့ ဆေးရုံတွေမှာ နေရာ သုံးနေရာမှာ အကုန်လုံး ကျွေးမွေးထားပါတယ်။ ထို့အတူပဲ ဆေးရုံတွေမှာလည်း တတ်နိုင်သလောက် ကျွေးမွေးနေတယ်။ အလှူရှင်တွေနဲ့ လုပ်ပေးထားတာရှိတယ်။ ဒါတွေလည်း မျက်ခြည်မပြတ်ကြည့်နေဖို့ လိုပါတယ်။ လူနာတွေကလည်း အာဟာရရှိဖို့လိုပါတယ်။ ကိုဗစ်နဲ့ပတ်သက်ပြီး ခံနိုင်ရည်ရှိအောင် အာဟာရရှိအောင် ဆောင်ရွက်ပေးဖို့လိုတယ်။ စားနိုင်တဲ့ လူနာတွေရှိသလို မစားနိုင်တဲ့လူနာတွေရှိမယ်။ မျက်ခြည်မပြတ်ကြည့်ဖို့လိုပါတယ်။ ဆင်းရဲချမ်းသာ မဟုတ်ပါဘူး။ ဆင်းရဲလို့ မလုပ်နိုင်ဘူး၊ မကျွေးနိုင်ဘူး၊ မစားနိုင်ဘူးဆိုတာ မဖြစ်ပါစေနဲ့။ အားလုံးကို ကျွန်တော်တို့က လူသားတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ဟာတွေကို ပေးလို့ရအောင်ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ ပြောလိုပါတယ်။"**

### အလေးထားဆောင်ရွက်

ဆက်လက်ပြောကြားရာတွင် ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခက်အခဲများရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းစစ်ဌာနချုပ်များသို့ ဆက်သွယ်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းနှင့် ကုသရေးနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် စီမံခန့်ခွဲသူများ၊ ပူးပေါင်းပါဝင်သူများ၏ လုံခြုံရေး ထိခိုက်မည့်ကိစ္စရပ်များအပေါ် ပြည်သူလူထုက ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ဆောင်ရွက်ရန်လိုပြီး ပါဝင်သည့် ပြည်သူလူထုကိုလည်း အသိအမှတ်ပြုရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အားလုံးပါဝင်ကြရမယ့် ကိုဗစ်စစ်ဆင်ရေး

ကိုကိုလှိုင်

၁၂-၇-၂၀၂၁ ရက်နေ့က ပြုလုပ်ခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ထိန်းချုပ်ရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ခဲ့ရပါတယ်။ ဒီအစည်းအဝေးမှာ လတ်တလော ဖြစ်ပွားနှုန်း မြင့်တက်လာနေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်ထိန်းချုပ်တွန်းလှန်ရေးနဲ့ပတ်သက်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တက်ရောက်လမ်းညွှန်ဆွေးနွေးခဲ့ပြီး တက်ရောက်ခဲ့ကြတဲ့ တာဝန်ရှိသူအသီးသီးကလည်း သက်ဆိုင်ရာကဏ္ဍအလိုက်ရရှိထားတဲ့ သတင်းအချက်အလက်တွေ၊ လက်တွေ့လုပ်ဆောင်နေတာတွေနဲ့ ဆက်လက်ဆောင်ရွက်သွားသင့်တာတွေကို တင်ပြဆွေးနွေးသွားခဲ့ကြပါတယ်။

ဒီအစည်းအဝေးမှာ သိခွင့်ရခဲ့တဲ့အချက်အလက်အတော်များများက ပြည်သူလူထုကြီးအနေနဲ့ သိချင်နေကြတဲ့၊ သိသင့်သိထိုက်တဲ့ကိစ္စတွေဖြစ်တဲ့အတွက် သိနိုင်ကြရအောင် ရေးသားတင်ပြလိုက်ရပါတယ်။ ရေးသားချက်တွေဟာ မိမိရဲ့ တစ်ဦးချင်းအသိအမြင်သဘောထားမျှသာဖြစ်ကြောင်း ဦးစွာစကားပလ္လင်ခံထားလိုပါတယ်။

**တစ်မျိုးသားလုံး စည်းရုံးလုပ်ဆောင်ကြရမယ့်အရေးကိစ္စ**

ပထမဆုံး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အလေးထားပြီး မီးမောင်းထိုးပြသွားတဲ့အချက်က ဒီကိုဗစ်ကပ်ရောဂါဟာ တစ်နိုင်ငံလုံးအပေါ် ကြီးမားတဲ့စိန်ခေါ်မှုပြဿနာကြီးဖြစ်နေတဲ့အတွက် တစ်မျိုးသားလုံးကို စည်းရုံးလုပ်ဆောင်ကြရမယ့်ကိစ္စ (National Mobilization) ဖြစ်တယ်ဆိုတာပါပဲ။ တစ်မျိုးသားလုံး စည်းရုံးလုပ်ဆောင်တယ်ဆိုတာက နိုင်ငံတော်အစိုးရဝန်ကြီးဌာနအားလုံး (တပ်မတော်အပါအဝင်)၊ အရပ်ဘက်အသင်းအဖွဲ့တွေနဲ့ ပြည်သူလူထုတွေအားလုံး ပါဝင်လုပ်ဆောင်ကြရမှာပါ။ ဆိုလိုတာက တစ်နိုင်ငံလုံးရဲ့ လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အား၊ သယ်ယူပို့ဆောင်ရေးနဲ့ အဆက်အသွယ်အင်အား၊ သတင်းအချက်အလက်အင်အား၊ စီမံခန့်ခွဲမှုအင်အား စတဲ့အင်အားတွေအားလုံးကို စုစည်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမယ့်ကိစ္စဖြစ်ပါတယ်။

ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို အရှိအတိုင်း ရှုမြင်သုံးသပ်မယ်ဆိုရင် ဒီကိုဗစ်ရောဂါရဲ့ တတိယလှိုင်း အရှိန်မြင့်လာချိန်မှာ နိုင်ငံရေးမတည်ငြိမ်မှုကလည်း အကင်းမသေသေးသလို တစ်နှစ်ကျော်ကြာပြီဖြစ်တဲ့ ကပ်ရောဂါကြောင့် နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေကလည်း အကျပ်အတည်းဖြစ်နေကြတဲ့အတွက် တွေ့ကြုံရင်ဆိုင်နေကြရတဲ့ စိန်ခေါ်မှုက ရှုပ်ထွေးခက်ခဲတယ်ဆိုတာ ငြင်းလို့မရပါဘူး။ ဒါပေမဲ့ ဒီစိန်ခေါ်မှုကိုလည်း မဖြစ်မနေအောင်မြင်အောင် ဖြတ်သန်းကျော်လွှားကြရမှာ ဖြစ်ပါတယ်။ ဒါက နိုင်ငံသားတွေရဲ့ အသက်ရှင်သန်မှုနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ သေရေးရှင်ရေးကိစ္စဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံအတွက် အသက်တမျှအရေးပါတဲ့ အကျိုးစီးပွား (Vital Interest) ဖြစ်ပါတယ်။

**အခြေအနေသုံးသပ်ခြင်း (SWOT Analysis)**

ကိုဗစ်ကပ်ရောဂါ ထိန်းချုပ်တွန်းလှန်ရေးကို တစ်မျိုးသားလုံးပါဝင်တဲ့စစ်ဆင်ရေး (National Campaign) အနေနဲ့လုပ်မယ်ဆိုရင် စစ်ဘက်မှာ စစ်ရေးသုံးသပ်ချက်၊ အရပ်ဘက်မှာတော့ SWOT လို့ခေါ်တဲ့ အခြေအနေသုံးသပ်ချက်တွေကို အရင်လုပ်ရမှာဖြစ်ပါတယ်။ မိမိရဲ့ အားသာချက် (Strength)၊ အားနည်းချက် (Weakness)၊ အခွင့်အလမ်း (Opportunity) နဲ့ ခြိမ်းခြောက်မှု (Threat) တွေကို ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ထုတ်သုံးသပ်နိုင်မှ "လက်တွေ့အခြေအနေအမှန်" ကို သိမှာဖြစ်ပါတယ်။

SWOT ပုံစံနဲ့ အကျဉ်းချုပ်သုံးသပ်ရမယ်ဆိုရင် မိမိဘက် အားသာချက်က အစိုးရယန္တရားကြီးရှိတယ်၊ အားကောင်းတဲ့ Institution ဖြစ်တဲ့ တပ်မတော်ရှိတယ်၊ ပြည်သူလူထုအကျိုးကို အမှန်တကယ်သယ်ပိုးချင်တဲ့ အရပ်ဘက်ပရဟိတအသင်းအဖွဲ့တွေ ရှိတယ်၊ ဝိုင်းဝန်းကူညီမယ့် စေတနာရှင်ပြည်သူတွေရှိတယ်။ ငွေအရင်းအမြစ်အင်အားအနေနဲ့ကြည့်ရင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့လက်ထဲမှာ ကာကွယ်ဆေးဝယ်ယူရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ ADB နဲ့ JICA က ထောက်ပံ့ပေးထားတဲ့ အတိုးသက်သာချေးငွေနဲ့ အလှူငွေ အမေရိကန်ဒေါ်လာ ၁၇၁ သန်းနဲ့ မြန်မာကျပ်ငွေ ဘီလီယံ ၃၀ ကျော်ရှိတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာလည်း နိုင်ငံတော်ဘတ်ဂျက်နဲ့ သီးခြားကိုဗစ်ရန်ပုံငွေတွေရှိသလို တပ်မတော်ဘက်မှာလည်း ဆေးတပ်ဖွဲ့ဘတ်ဂျက်အပြင် တပ်ပိုင်စီးပွားရေးလုပ်ငန်းတွေက ရန်ပုံငွေတွေလည်းရှိပါတယ်။ ပြည်သူလူထုတွေထဲမှာလည်း ကိုယ့်မြို့ကိုယ့်ရွာအတွက် ဝိုင်းဝန်းပံ့ပိုးလှူဒါန်းကြမယ့်သူတွေ မရှားပါဘူး။

အားနည်းချက်ကတော့ ဒီလိုနိုင်ငံတစ်ဝန်းလုံး သေရေးရှင်ရေးကိစ္စဖြစ်နေချိန်မှာ တိုင်းပြည်ကို မပျက်ပျက်အောင် ဖျက်ချင်နေတဲ့ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်လုပ်ရပ်တွေ၊ နိုင်ငံကို ပြာပုံဖြစ်အောင် လုပ်ပြီးမှ အာဏာယူချင်နေတဲ့ အတ္တကြီးလွန်းနေသူတွေ၊ ခေတ်ပျက်တုန်း စီးပွားရှာချင်တဲ့ ဝိသမလောဘသားတောကြောင်တွေ၊ အပြင်ကမြှောက်ပေးတိုင်း တစ်ယောက်တစ်ပေါက်နဲ့ လူမဆန်တဲ့အလုပ်တွေ လုပ်နေကြတဲ့ ထိန်းချုပ်ခံဦးနှောက်နည်းသူတွေကလည်း အတော်များများရှိနေတာပဲ။ အခုအချိန်အထိ CDM လုပ်နေကြတဲ့ ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကြောင့် အရပ်ဘက်ဆေးရုံတွေအများစုက လူအင်အားချို့တဲ့ပြီး ပုံမှန်မလည်ပတ်နိုင်ပါဘူး။ ဒီအတွက် တပ်မတော်ဆေးရုံတွေမှာ အရပ်သားလူနာတွေကို လက်ခံကုသပေးနေရတာ လူနာသုံးသိန်းနီးပါးကပ်နေပြီဖြစ်လို့ တပ်ဆရာဝန်တွေလည်း အတော်ပင်ပန်းနေကြပါပြီ။

အခွင့်အလမ်းကတော့ ဘေးကနေ ဝိုင်းဝန်းကူညီပေးမယ့် မိတ်ကောင်းဆွေကောင်းတွေလည်း ရှိနေတာပါပဲ။ တရုတ်နဲ့ ရုရှားက ကာကွယ်ဆေးနဲ့ ဆေးပစ္စည်းတွေ ရောင်းတာလည်းရောင်း၊ လှူတာလည်းလှူမယ်၊ ရေရှည်အတွက် ကာကွယ်ဆေးထုတ်ဖို့နဲ့ သုတေသနလုပ်ဖို့လည်း ကူညီမယ်။ ထိုင်း၊ တရုတ်နယ်စပ်တွေ ပိတ်ထားပေမယ့် ကျန်းမာရေးဆေးပစ္စည်းတင်သွင်းမှုကို ဖွင့်ပေးမယ်။

ခြိမ်းခြောက်မှု အဖျက်အန္တရာယ်ကတော့ အနောက်အုပ်စုနဲ့ အနောက်ဩဇာခံနိုင်ငံတွေ အဖွဲ့အစည်းတွေက နိုင်ငံရေးဖိအားပေးမှုတွေ ဘဏ္ဍာရေးပိတ်ဆို့မှုတွေ၊ တရားဝင်အကူအညီရပ်ဆိုင်းမှုတွေ အကြမ်းဖက်သမားတွေကို ငရဲပန်းကို ရွှေပန်းထင်ပြီး ထောက်ပံ့အားပေးကူညီမှုတွေ လုပ်နေတာပါ။

**မဟာဗျူဟာ**

ကျင့်သုံးမယ့် မဟာဗျူဟာကတော့ ကာကွယ်ဆေးထိုးမှု၊ ပြုစုကုသမှုနဲ့ နေထိုင်မှု စည်းကမ်းထိန်းကျောင်းမှုတွေကို ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်သွားဖို့ဖြစ်ပါတယ်။ ဦးစားပေးအနေနဲ့ ရောဂါအဖြစ်များတဲ့ လူသူထူထပ်တဲ့ မြို့ကြီးတွေကို အားအပြည့်သုံးပြီး ဖြေရှင်းဆောင်ရွက်သလို တခြားဒေသတွေမှာလည်း ရောဂါဖြစ်ပွားမှုအခြေအနေကိုလိုက်ပြီး လိုအပ်သလို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရေတိုနည်းဗျူဟာကတော့ ရောဂါခံစားရမှုတွေသက်သာစေဖို့နဲ့ ပျံ့နှံ့ကူးစက်မှုတွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ဖို့ပါ။ ရောဂါပိုးတွေ့သူအားလုံးကို ဆေးရုံတင်ကုသဖို့ကတော့ ဒီအနေအထားမှာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် တခြားနိုင်ငံကြီးတွေမှာလိုပဲ ဖြစ်ပွားသူ ၁၀၀ မှာ ဆေးရုံတင်ဖို့ လိုအပ်တဲ့ ၁၅ ရာခိုင်နှုန်းလောက်ကိုပဲ ဆေးရုံတင်ကုသပြီး သက်သာတဲ့သူတွေကို အိမ်မှာပဲ သီးခြားခွဲနေ၊ အောက်ဆီဂျင်လိုမယ့်သူတွေ၊ ဂရုစိုက်ပြုစုဖို့လိုမယ့်သူတွေကို မြို့နယ်အလိုက် Community Covid Center တွေထူထောင်ပြီး ဆေးဝန်ထမ်းတွေအပြင် စေတနာ့ဝန်ထမ်းတွေနဲ့ စုပေါင်းပြီး ပြုစုထားကြဖို့ပါ။

ကာကွယ်ဆေးတွေ ရလာတဲ့အခါကျရင်တော့ ကျန်းမာရေးဝန်ထမ်းတွေ၊ အစိုးရဝန်ထမ်းတွေထဲက ထိုးဖို့ကျန်တဲ့သူတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ သက်ကြီးရွယ်အိုတွေ၊ ရောဂါသယ်ဆောင်ပြန့်ပွားစေနိုင်သူတွေ စသည်ဖြင့် လိုအပ်သလို ဦးစားပေးထိုးနှံသွားမှာ ဖြစ်ပါတယ်။

Stay at Home အစီအစဉ်တွေကိုလည်း အခြေအနေပေါ်မူတည်ပြီး တုံ့ပြန်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လုံးဝပိတ်ချလိုက်ဖို့ကတော့ အောက်ခြေလူထုရဲ့ လူမှုစီးပွားရေးအနေအထားအရ လုပ်ဆောင်ဖို့ခက်တာကို နားလည်ရပါမယ်။

ရေရှည်အတွက်မှာတော့ ဒီကိုရိုနာဗိုင်းရပ်စ်က အသွင်အမျိုးမျိုး၊ မျိုးဗီဇအမျိုးမျိုးနဲ့ အမြဲရှိနေမယ့်သဘောဆိုတော့ ပေါ်လာသမျှ ဗိုင်းရပ်စ်မျိုးကွဲတွေကို အမြန်ဆုံးတုံ့ပြန်နိုင်ဖို့ ကိုယ်ပိုင်ကာကွယ်ဆေးထုတ်လုပ်နိုင်မှုစွမ်းရည်နဲ့ ဇီဝနည်းပညာသုတေသနတွေကို ဦးစားပေးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

**စီမံခန့်ခွဲမှုနဲ့ စိန်ခေါ်မှုများ**

အကျပ်အတည်းစီမံခန့်ခွဲမှု (Crisis Management) မှာ အရေးကြီးဆုံးက အရေးပေါ်အခြေအနေတုံ့ပြန်မှု (Emergency Response) ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့



**HFNC လူနာတွေအတွက် အောက်ဆီဂျင်လုံလုံလောက်လောက်ရဖို့အတွက် တပ်မတော်ဘက်က စက်ရုံတွေဖြစ်တဲ့ မင်းဓမ္မ၊ အင်းစိန်သံမဏိ၊ မြောင်းတကာသံမဏိ၊ ပြင်ဦးလွင်ဆေးဝါးစက်ရုံတွေကနေထုတ်တဲ့ စက်မှုသုံးအောက်ဆီဂျင်တွေကို ဆေးဝါးသုံး အဆင့်မြှင့်တင်ပြီး တိုးတက်ထုတ်လုပ်ပေးနေပါတယ်။ အရပ်ဘက်မှာလည်း သီလဝါစက်မှုဇုန်က ဂျပန်စက်ရုံနဲ့ညှိနှိုင်းပြီး မီတာခကြောင့် အရင်ကရပ်ဆိုင်းထားတဲ့ အောက်ဆီဂျင်ထုတ်လုပ်မှုကို ပြန်ထုတ်ပေးဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြို့နယ်တွေအလိုက်လည်း ပြည်သူတွေ စုပေါင်းလှူဒါန်းမှုနဲ့ ဆေးရုံသုံးအောက်ဆီဂျင်စက်တွေ တည်ဆောက်ဖို့ ဆောင်ရွက်နေကြတာ တွေ့ပါတယ်။**

**အဓိကကြုံရတဲ့စိန်ခေါ်မှုကတော့ "ရှင်နည်းရာ အဂ္ဂလူထွက်" ဆိုတာလို ဆေးရုံတွေမှာ ဆရာဝန် နည်းရတဲ့အထဲမှာ အနားမရဘဲ ကုသပေးနေရတဲ့ ဆရာဝန်တွေကိုယ်တိုင် ကိုဗစ်ရောဂါပိုးကူးစက်ပြီး လူနာဖြစ်ကုန်ကြတာပါပဲ။ ဥပမာ - အိန္ဒိယနယ်စပ်က တမူးဆိုရင် ဆရာဝန် နှစ်ယောက်ပဲရှိရာမှာ တစ်ယောက်က ကိုဗစ်ဖြစ်နေတယ်လို့ ဆိုပါတယ်။ လိုတဲ့နေရာတွေမှာ တပ်မတော်က ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်တွေနဲ့ ကြိုးစားဖြည့်တင်းပေးနေပါတယ်။ စာရင်းအရဆိုရင် စောင့်ရှောက်ကုသရေးနေရာ ၂၇၀၀ ကျော်မှာ တပ်မတော်နဲ့ အရပ်ဘက်ကျန်းမာရေးဝန်ထမ်းက ၄၇၀၀၀ ကျော်ပဲ စုစည်းထုတ်နုတ်နိုင်လို့ ပျမ်းမျှအားဖြင့် နေရာတစ်နေရာကို ဆေးမှူး/ ပါရဂူကနေ သူနာပြု/ သန့်ရှင်းရေးအထိ ၁၈ ယောက်နဲ့ တာဝန်ယူနေရတဲ့သဘောရှိပါတယ်။ ဒါကြောင့် ပြည်သူတွေဘက်က စေတနာ့ဝန်ထမ်းတွေ ဝိုင်းဝန်းကူညီကြဖို့ အလွန်အရေးကြီး။**

❁ စာမျက်နှာ ၆ မှ

ဒီလုပ်ငန်းက အပြောလွယ်သလောက် အလုပ်ခက်တဲ့ကိစ္စပါ။ အရေးပေါ်အခြေအနေတစ်ရပ်ကို ချက်ချင်းအောင်မြင်အောင် တုံ့ပြန်နိုင်ဖို့ဆိုတာ အရင်ကတည်းက အခြေခံအဆောက်အအုံ၊ လူအင်အား၊ ပစ္စည်းအင်အား၊ ငွေအင်အား၊ စီမံချက်နဲ့ ဇာတ်တိုက်လေ့ကျင့်မှုတွေ သေချာစုဖွဲ့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အခုတတိယလှိုင်းအခြေအနေမှာ တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေကတော့ အတော်ကြီးမားတဲ့အတွက် စီမံခန့်ခွဲမှုအပေါ်မှာ သက်ရောက်မှုရှိခဲ့ပါတယ်။ ဥပမာအားဖြင့် – ဆေးရုံတွေမှာ CDM တွေကြောင့် ဝန်ထမ်းအင်အား ကန့်သတ်မှုတွေရှိနေပါတယ်။ အခြေခံအဆောက်အအုံအပိုင်းမှာ ဒုတိယလှိုင်းပြီးသွားတော့ အရင်တပ်ဆင်ထားတဲ့ ပစ္စည်း၊ အဆောက်အအုံတွေကို ပြန်ဖြုတ်ပြီး သိမ်းသွားတာ၊ မူလအဆောက်အအုံပိုင်ရှင်တွေကို ပြန်လွှဲလိုက်ရတာမျိုးတွေရှိတယ်လို့ သိရပါတယ်။ သတင်းအမှားတွေ ထုတ်လွှင့်ပြီးတော့ ပြည်သူတွေ ထိတ်လန့်ချောက်ချားအောင်လုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်တာတွေ ရှိပါတယ်။ ကိုဗစ်ရောဂါ စစ်ဆေးရေးဂိတ်တွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ပြည်သူတွေကို သတ်ဖြတ်တာ၊ ရောဂါကာကွယ်တားဆီးရေးအတွက် နှာခေါင်းစည်းတွေဝေငှပြီး ပြည်သူကိုအသိပညာပေးနေတဲ့ စေတနာ့ဝန်ထမ်းတွေကို ပစ်ခတ်သတ်ဖြတ်တာ စတဲ့အကြမ်းဖက်လုပ်ရပ်တွေ၊ အောက်ဆီဂျင်ဖြန့်ဝေရေးအစီအစဉ်တွေမှာ နည်းမျိုးစုံနဲ့ အဖျက်အမှောင့်လုပ်ကိုင်နေတာတွေ ရှိပါတယ်။

ဒါပေမဲ့ တစ်ဖက်မှာလည်း ဒီကိစ္စအပေါ် နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ချင်တဲ့ ပြည်သူတွေအများကြီးရှိနေတာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် အထက်အောက် တိကျတဲ့ ကွပ်ကဲမှုတွေစနစ်နဲ့ လုပ်ငန်းတွေကို အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်တဲ့ တပ်မတော်ရဲ့ ပါဝင်ပူးပေါင်းမှုတွေကိုလည်း ဒီတစ်ကြိမ်မှာ အပြည့်အဝအသုံးချနိုင်မှာပါ။

**လတ်တလောစိန်ခေါ်မှုများကိုဖြေရှင်းခြင်း**

**ဆေးရုံတွေမှာ လူနာတွေပြည့်လျှံနေတဲ့ကိစ္စ**

ကိုဗစ်တတိယလှိုင်းမှာ ကူးစက်မှုက ပိုမြန်သလို ပြင်းထန်တာမို့ လူနာတွေ အလျင်အမြန်တိုးလာပြီး ကုသပေးနိုင်တဲ့ ဆေးရုံခုတင်အရေအတွက်က အဲဒီလူနာအရေအတွက်ကို မမီနိုင်တဲ့အတွက် ဒီပြဿနာက အလျင်အမြန်ဖြေရှင်းရမယ့် စိန်ခေါ်မှုဖြစ်လာပါတယ်။ ရုတ်တရက်မိုးကြီးရွာလိုက်တဲ့အခါ ချောင်းတွေ၊ မြောင်းတွေထဲက ရေတွေစုဝင်ပြီး ကန်တွေ၊ ဆည်တွေမှာ ရေလျှံတဲ့ပုံစံမျိုးပါပဲ။

ဒါကိုဖြေရှင်းဖို့ကြားမှာ လူနာတွေကို အဆင့်ဆင့်ထိန်းသိမ်းစစ်ဆေးပြုစုပေးမယ့်ကြားခံ (Catchment System) စနစ်တစ်ခု ချရပါမယ်။ တွေ့ရှိချက်တွေအရ ရောဂါပိုးတွေ့တဲ့ လူနာတွေရဲ့ ၁၅ ရာခိုင်နှုန်းလောက်ပဲ ဆေးရုံမှာတင်ပြီး ကုသဖို့လိုတာဖြစ်ပါတယ်။ အဲဒီထဲကမှ ငါးရာခိုင်နှုန်းလောက်ကပဲ ICU မှာထားရှိပြီး အထူးစောင့်ကြပ်ကြည့်ရှုဖို့ လိုတာပါ။ ဒါပေမဲ့ ကျန်တဲ့ပိုးတွေ့လူနာတွေကို ဒီအတိုင်းပစ်ထားလို့လည်း မဖြစ်ပါဘူး။

အဲဒီတော့ ပထမဆုံး မြို့နယ်အလိုက် ဒေသန္တရကျန်းမာရေးဌာနနဲ့ ဆေးရုံတွေမှာလာပြီး သတင်းပို့တဲ့သူတွေကို စစ်မယ်။ စိုးရိမ်စရာမရှိဘဲ အခြေအနေကောင်းတဲ့သူတွေကို အိမ်မှာပဲ စောင့်ကြည့်ထားဖို့၊ အခြားသူတွေနဲ့ ခပ်ခွာခွာနေဖို့ ပြန်လွှတ်မယ်။ အိမ်ပြန်လွှတ်ဖို့မသင့်တဲ့သူတွေ၊ အောက်ဆီဂျင်လိုအပ်နိုင်တဲ့သူတွေကိုတော့ မြို့နယ်အလိုက် Community Covid Center တွေမှာ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပရဟိတအဖွဲ့တွေ ပူးပေါင်းပြီး စောင့်ရှောက်ထားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒေသအလိုက်ရှိနေတဲ့ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့တွေကလည်း တပ်အစီအစဉ်နဲ့ ကိုဗစ်စင်တာတွေ တည်ဆောက်ပြီး လက်ခံစောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။ ဇူလိုင်လ ၁၂ ရက်နေ့က အချက်အလက်တွေအရ စောင့်ရှောက်ကုသမယ့်နေရာနဲ့ ဝင်ဆံ့မှုက အောက်ပါအတိုင်း ဖြစ်ပါတယ်။

| | တပ်မတော် | | အရပ်ဘက် | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | နေရာ | ဝင်ဆံ့အင်အား | နေရာ | ဝင်ဆံ့အင်အား | နေရာ | ဝင်ဆံ့အင်အား |
| ကွာရင်တင်းစင်တာ | ၁၁၉၄ | ၃၂၁၀၄ | ၉၃၃ | ၄၄၇၈၄ | ၂၁၂၇ | ၇၆၈၈၈ |
| ပိုးတွေ့လူနာစင်တာ | ၂၃ | ၂၉၉၈ | ၁၈၂ | ၁၀၂၃၉ | ၂၀၅ | ၁၃၂၃၇ |
| ကုသရေးစင်တာ | ၆၁ | ၃၈၇၀ | ၃၃၈ | ၁၆၄၅၂ | ၃၉၉ | ၂၀၃၂၂ |
| **စုစုပေါင်း** | **၁၂၇၈** | **၃၈၉၇၂** | **၁၄၅၃** | **၇၁၄၇၅** | **၂၇၃၁** | **၁၁၀၄၄၇** |

ဒီစာရင်းအရ **တပ်မတော်နဲ့ အရပ်ဘက်နေရာပေါင်း ၂၇၀၀ ကျော်မှာ လူပေါင်း တစ်သိန်းကျော်ကို ထားရှိစောင့်ရှောက်နိုင်မယ့် အနေအထားရှိတာကို တွေ့ရပါတယ်။ ဒါပေမဲ့ လူနာတစ်ယောက်ကို ဒီစင်တာတွေမှာ အနည်းဆုံး ၁၀ ရက်လောက်ထားရမှာဖြစ်တဲ့အတွက် တစ်ရက်ကို လူနာသစ် တစ်သောင်းကျော်လောက်နဲ့ ကုသစောင့်ရှောက်မှုပြီးဆုံးသူ တစ်သောင်းကျော်လောက် အဝင်အထွက်ရှိနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ အခုနောက်ပိုင်းမှာ ဒီစင်တာတွေကို တိုးချဲ့ထူထောင်နေမှာဖြစ်လို့ ဒီထက်မက တိုးတက်လာမယ်လို့ မျှော်လင့်ရပါတယ်။ လူနာတွေ စပြီးအလျင်အမြန်တိုးပွားခဲ့ချိန်မှာ အဆင်သင့်မဖြစ်နိုင်ခဲ့သေးတာကြောင့် အရေးကြီးလူနာတွေကို လက်ခံနိုင်မယ့်ဆေးရုံတွေ ရှာဖွေရင်း အောက်ဆီဂျင်ထိုးကျပြီး အသက်ဆုံးပါးသွားရတဲ့ ကြေကွဲစရာအဖြစ်မျိုးတွေ နောင်မှာမဖြစ်ရလေအောင် လူနာလက်ခံစီမံခန့်ခွဲရေးအဖွဲ့ (Bed Management Team) တွေကိုလည်း မြို့နယ် ၂၂၆ မြို့နယ်မှာ အဖွဲ့ပေါင်း ၆၀၀ နီးပါး ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။**

အရေးကြီးတာက ရောဂါဖြစ်ပွားတဲ့လူနာတွေ အဆင့်ဆင့်ဘယ်လိုသတင်းပို့ရမယ်၊ ရောဂါဖြစ်ပွားမှု အဆင့်အလိုက် ဘယ်နေရာတွေမှာ ထားရှိစောင့်ရှောက်ကုသသွားမယ်ဆိုတာ ပြည်သူတွေအားလုံး အလွယ်တကူ သိနိုင်အောင် မီဒီယာလမ်းကြောင်းအမျိုးမျိုးကနေ သတင်းပေးဖော်ပြသွားဖို့နဲ့ အဲဒီနေရာတွေမှာ အမှန်တကယ်အဆင်ပြေ ထိရောက်စွာ ကြည့်ရှုစောင့်ရှောက်ပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ဒေသန္တရကနေစပြီး သတင်းပို့နေရအောင် အချိန်မရှိတော့တဲ့ အရေးပေါ်လူနာတွေကို ဆေးရုံတွေမှာ အရေးပေါ်ကိုဗစ်ကုသရေးဌာနတွေပို့ပြီး ကုသပေးဖို့လည်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ မြို့ကြီးတွေမှာ ဘယ်မြို့နယ်က ဘယ်ဆေးရုံကို ပို့ရမယ်ဆိုတဲ့ သတင်းအချက်အလက်တွေကိုလည်း လူတွေသိအောင် ဖြန့်ဝေထားရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဌာနက ထုတ်ပြန်ပေးတဲ့အချက်အလက်တွေကို ပြည်သူလူထုကလည်း အချင်းချင်း ဝိုင်းပြီးဖြန့်ချိအသိပေးသွားကြဖို့လိုမှာ ဖြစ်ပါတယ်။

ရောဂါစစ်ဆေးကုသရေးနဲ့ပတ်သက်လို့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေကိုလည်း သတ်မှတ်ဘေးကင်းလုံခြုံမှုအဆင့်မီ၊ မမီ စစ်ဆေးဆောင်ရွက်ပြီး ခွင့်ပြုနေပြီဖြစ်လို့ ငွေကြေးမတတ်နိုင်သူတွေ အဲဒီဆေးရုံတွေမှာ သွားရောက်ကုသနိုင်ကြပါလိမ့်မယ်။

**အောက်ဆီဂျင်ရရှိရေးကိစ္စ**

တတိယလှိုင်းမှာ လူနာတွေအတွက် အောက်ဆီဂျင်လိုအပ်မှုက ထူးထူးခြားခြား မြင့်တက်လာခဲ့ပါတယ်။ ကုသရေးနဲ့ ကွာရင်တင်းစင်တာတွေမှာ ဒုတိယလှိုင်းအပြီး တပ်ဆင်ထားတဲ့ အောက်ဆီဂျင်အားမြင့်စက်တွေ ဖြုတ်ယူသွားခဲ့တာတွေရှိသလို တချို့ဆေးရုံတွေမှာ အောက်ဆီဂျင်ထုတ်လုပ်တဲ့စက်သစ်တွေ တည်ဆောက်ထားတာကို မသိတာမျိုးတောင် ရှိခဲ့ရာမှာ လိုအပ်ချက်နဲ့ ဖြည့်ဆည်းနိုင်မှုက ကွာဟသွားခဲ့ပါတယ်။ အစိုးရဆေးရုံတွေမှာ အောက်ဆီဂျင်လိုအပ်ချက်တွေရရှိဖို့ အစိုးရဆေးရုံတွေက အောက်ဆီဂျင်ထုတ်လုပ်မှုတွေကို ဆေးရုံအတွက် ဦးစားပေးလိုက်ရတဲ့အခါ ပုဂ္ဂလိကစက်တွေက ပုဂ္ဂလိကလိုအပ်ချက်တွေကို လုံလောက်အောင် မပေးနိုင်တော့ ကြောက်လန့်တကြားနဲ့ အုတ်အော်သောင်းတင်းဖြစ်ပြီး အတင်းတိုးဝယ်ကြတဲ့ Panic Buying ဖြစ်လာတော့တာပဲ။ ဒီနေရာမှာ နိုင်ငံရေးတိုက်ကွက်ဖော်ပြီး အဖျက်အမှောင့်လုပ်သူတွေ ပေါ်လာပါတယ်။ သတင်းမှားတွေပေးပြီး လူတိုင်းစိုးရိမ်စိတ်နဲ့ အောက်ဆီဂျင်မရရင် သေတော့မှာပဲဆိုတဲ့စိတ် ဖြစ်လာအောင် လှုံ့ဆော်မှုတွေလည်း ရှိလာပြီး အဲဒီကနေမှ ကြက်ဥနဲ့ ခွေးတောက်ရှက်တွေ ဈေးမတန်တဆ ထိုးတက်သွားတဲ့အထိ ဖြစ်ကုန်တာလည်း ရှိပါတယ်။ အထူးသဖြင့်တော့ လူဦးရေသိပ်သည်းမှုမြင့်မားပြီး လူနေထူထပ်တဲ့ ရန်ကုန်၊ မန္တလေးလို မြို့ကြီးတွေမှာ ဖြစ်ကုန်တာပါ။

အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုနဲ့ ပတ်သက်လို့ ဇူလိုင်လ ၁၂ ရက်နေ့က အချက်အလက်တွေအရ တပ်မတော်နဲ့ အရပ်ဘက်ဆေးရုံတွေက နေ့စဉ်ထုတ်လုပ်နိုင်စွမ်းဟာ ခတ်ငွေ့ရည် လီတာ ၁၂၅၀၀ လောက်ရှိပြီး သုံးစွဲမှုက လီတာတစ်သောင်းကျော်ရှိတယ်လို့ သိရပါတယ်။ ခတ်ငွေ့ရည်အိုးအနေနဲ့ပြောရင်တော့ စုစုပေါင်းအိုး ၄၅၀၀ နီးပါး ထုတ်လုပ်နိုင်တယ်လို့ ဆိုပါတယ်။ အသည်းအသန် အောက်ဆီဂျင်လိုအပ်တဲ့ High Flow Nasal Cannula (HFNC) လူနာတွေအတွက် အိုးတစ်လုံးကို လေးနာရီလောက် သုံးရတယ်ဆိုတော့ ၂၄ နာရီကို အိုး ခြောက်လုံးလောက် လိုနိုင်ပါတယ်။ ဒီနှုန်းနဲ့တွက်ရင်တော့ အသည်းအသန်လူနာ ၇၅၀ အတွက်ပဲ လုံလောက်မယ့်ပမာဏ ဖြစ်ပါတယ်။ ထပ်ပြီးလိုအပ်မယ့် အောက်ဆီဂျင်အတွက် နိုင်ငံတော်က အောက်ဆီဂျင်စက်ရုံအသစ်တွေ ဆောက်နေပါတယ်။ တစ်ရက်ကို အိုးအလုံး ၁၄၄၀ ထုတ်နိုင်မယ့် စက်ရုံကတော့ အုတ်မြစ်ပိုင်းပြီးသွားလို့ အပေါ်ပိုင်းအဆောက်အအုံတွေ တည်ဆောက်နေပြီဖြစ်ပါတယ်။ ဇူလိုင်လကုန်လောက် အပြီးသတ်နိုင်အောင် ကြိုးပမ်းနေကြောင်း သိရပါတယ်။

ဒါကြောင့် ရေတိုလုံလောက်ဖို့ကတော့ အပြင်ကနေ အောက်ဆီဂျင်သွင်းရမှာပါ။ အောက်ဆီဂျင်အရည်အနေနဲ့ သွင်းနိုင်ရင်တော့ အကောင်းဆုံးပါ။ အောက်ဆီဂျင်အရည်ကို တန် ၂၀ စည်ကြီးတွေနဲ့ သွင်းရတာဖြစ်ပြီး မီးလောင်လွယ်တဲ့အတွက် ပေါင်တွေနဲ့ သေချာထိန်းထားတဲ့ ကွန်တိန်နာကြီးတွေနဲ့တင်ပြီး ကုန်တင်ယာဉ်အကြီးစားတွေနဲ့ သယ်ရတာဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံဘက်က သွင်းနေပြီး ကိုဗစ်နဲ့ပတ်သက်တဲ့ပစ္စည်းတွေအတွက် အခွန်အခတွေ ဖြေလျှော့လိုက်ပြီဖြစ်လို့ မူလအဆက်အသွယ်ရှိတဲ့ ကုန်သည်တွေက အားတက်သရော ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ တပ်မတော်ဘက်ကလည်း လိုအပ်ရင် အောက်ဆီဂျင်စည်ကြီးတွေ သယ်ဆောင်ဖို့ ကုန်တင်ယာဉ်ကြီးတွေနဲ့ ကူညီသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

တကယ်တော့ ပိုးတွေ့သူတိုင်းဟာ HFNC အဆင့်ကိုရောက်ကြတာ မဟုတ်ပါဘူး။ ဆေးရုံမှာ တင်ထားရတဲ့လူနာတွေမှာ အောက်ဆီဂျင် Level ၉၀ အောက်ကျသွားတဲ့အချိန်ကျမှ အပြင်အောက်ဆီဂျင်ရှူဖို့ လိုတာဖြစ်ပြီး လူအနည်းအကျဉ်းပဲ အောက်ဆီဂျင်ပိုက် အမြဲတပ်ထားဖို့လိုတဲ့ HFNC အဆင့်ကို ရောက်တာပါ။ ဒီလိုအောက်ဆီဂျင် အမြဲမလို၊ များများမလိုတဲ့ လူနာတွေအတွက် ကိုယ့်ဘေးမှာရှိတဲ့ လေထုထဲက အောက်ဆီဂျင်ကို သန့်စင်ရယူနိုင်တဲ့ အောက်ဆီဂျင်သန့်စင်အားမြှင့်စက် Oxygen Concentrator တွေကို သုံးရင် လုံလောက်ပါတယ်။

**စာမျက်နှာ ၈ သို့** ✳

✳ စာမျက်နှာ ၇ မှ

ဒုတိယလှိုင်းတုန်းက ဒီစက်တွေအများကြီး ကိုဗစ်စင်တာတွေမှာ တပ်ဆင်ထားခဲ့ဖူးတာ တွေ့မိပါတယ်။ အခုတော့ တချို့လည်း ခြေရာပျောက်သွားကြပေမယ့် ကျန်နေသေးတဲ့စက်တွေကို ပြန်သုံးနိုင်အောင် စီစဉ်ဖို့လိုမှာပါ။ တတ်နိုင်တဲ့သူတွေအတွက် ရောင်းချပေးဖို့နဲ့ တိုးမြှင့်တည်ဆောက်တဲ့ ကိုဗစ်စင်တာတွေမှာ တပ်ဆင်ဖို့လည်း ထိုင်း၊ စင်ကာပူ၊ တရုတ်စတဲ့နိုင်ငံတွေက မှာယူနိုင်ဖို့ လမ်းဖွင့်ပေးထားပြီဆိုတော့ မကြာခင်မှာ အတော်များများဝင်လာမယ်လို့ မျှော်လင့်ရပါတယ်။

**HFNC လူနာတွေအတွက် အောက်ဆီဂျင်လုံလုံလောက်လောက် ရဖို့အတွက် တပ်မတော်ဘက်က စက်ရုံတွေဖြစ်တဲ့ မင်းဓမ္မ၊ အင်းစိန်သံမဏိ၊ မြောင်းတကာသံမဏိ၊ ပြင်ဦးလွင်ဆေးဝါးစက်ရုံတွေကနေ ထုတ်တဲ့ စက်မှုသုံးအောက်ဆီဂျင်တွေကို ဆေးဝါးသုံး အဆင့်မြှင့်တင်ပြီး တိုးတက်ထုတ်လုပ်ပေးနေပါတယ်။ အရပ်ဘက်မှာလည်း သီလဝါစက်မှုဇုန်က ဂျပန်စက်ရုံနဲ့ညှိနှိုင်းပြီး မီတာခကြောင့် အရင်က ရပ်ဆိုင်းထားတဲ့ အောက်ဆီဂျင်ထုတ်လုပ်မှုကို ပြန်ထုတ်ပေးဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြို့နယ်တွေအလိုက်လည်း ပြည်သူတွေ စုပေါင်းလှူဒါန်းမှုနဲ့ ဆေးရုံသုံးအောက်ဆီဂျင်စက်တွေ တည်ဆောက်ဖို့ ဆောင်ရွက်နေကြတာ တွေ့ပါတယ်။**

ဝေးလံခေါင်ဖျားပြီး သွားလာရေးခက်ခဲတဲ့ နေရာဒေသတွေကိုလည်း အောက်ဆီဂျင်ရရှိရေးအတွက် တပ်မတော်တပ်ရင်းတပ်ဖွဲ့တွေက ကူညီပို့ဆောင်ပေးသွားဖို့ ရှိနေပါတယ်။ ဥပမာ – ချင်းပြည်နယ်က ဟားခါး၊ တီးတိန်၊ ဖလမ်း၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ စတဲ့ မြို့အတော်များများမှာ အောက်ဆီဂျင်စက်မရှိသေးတဲ့အတွက် အချက်အချာကျတဲ့ ဟားခါးနဲ့ မင်းတပ်တို့မှာ အောက်ဆီဂျင်စက်တွေ အရင်ပို့ပေးပြီး တပ်ဆင်သွားဖို့ရှိပါတယ်။ လိုအပ်ရင် တပ်မတော်က လေယာဉ်၊ ရဟတ်ယာဉ်တွေနဲ့ သယ်ပို့ပေးမယ်လို့ သိရပါတယ်။

နာဂဒေသတစ်ခုလုံးမှာလည်း အောက်ဆီဂျင်စက်မရှိသေးတာကို အမြန်ဖြည့်ဆည်းသွားဖို့ရှိပါတယ်။ တပ်မတော်ကာကွယ်ရေးပစ္စည်းစက်ရုံတွေက အောက်ဆီဂျင်ကို နီးစပ်ရာဒေသက မြို့နယ်ဆေးရုံတွေကို ထောက်ပံ့ပေးဖို့ရှိသလို အရပ်ဘက်ကလည်း မြင်းခြံသံမဏိစက်ရုံ၊ တကောင်းနီကယ်စက်ရုံစတဲ့စက်ရုံတွေကနေ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။

**လူ့အရင်းအမြစ်ရရှိရေး**

**အဓိကကြုံရတဲ့စိန်ခေါ်မှုကတော့ “ရှင်နည်းရာ အဂ္ဂလူထွက်” ဆိုတာလို ဆေးရုံတွေမှာ ဆရာဝန်နည်းရတဲ့အထဲမှာ အနားမရဘဲ ကုသပေးနေရတဲ့ ဆရာဝန်တွေကိုယ်တိုင် ကိုဗစ်ရောဂါပိုးကူးစက်ပြီး လူနာဖြစ်ကုန်ကြတာပါပဲ။ ဥပမာ – အိန္ဒိယနယ်စပ်က တမူးဆိုရင် ဆရာဝန် နှစ်ယောက်ပဲရှိရာမှာ တစ်ယောက်က ကိုဗစ်ဖြစ်နေတယ်လို့ဆိုပါတယ်။ လိုတဲ့နေရာတွေမှာ တပ်မတော်က ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေနဲ့ ကြိုးစားဖြည့်တင်းပေးနေပါတယ်။ စာရင်းအရ ဆိုရင် စောင့်ရှောက်ကုသရေးနေရာ ၂၇၀၀ ကျော်မှာ တပ်မတော်နဲ့ အရပ်ဘက်ကျန်းမာရေးဝန်ထမ်းက ၄၇၀၀၀ ကျော်ပဲ စုစည်းထုတ်နုတ်နိုင်လို့ ပျမ်းမျှအားဖြင့် နေရာတစ်နေရာကို ဆေးမှူး/ ပါရဂူကနေ သူနာပြု/သန့်ရှင်းရေးအထိ ၁၈ ယောက်နဲ့ တာဝန်ယူနေရတဲ့ သဘောရှိပါတယ်။ ဒါကြောင့် ပြည်သူတွေဘက်က စေတနာ့ဝန်ထမ်းတွေ ဝိုင်းဝန်းကူညီကြဖို့ အလွန်အရေးကြီးပါတယ်။**

တပ်မတော်ဘက်က ဆေးဝန်ထမ်းတပ်ဖွဲ့ စစ်မှုထမ်းဟောင်းတွေ၊ အရပ်ဘက်က အငြိမ်းစားကျန်းမာရေးဝန်ထမ်းဟောင်းတွေကို တိုင်းပြည်အတွက် အရေးကြုံရတဲ့အချိန်မှာ ပါဝင်ကူညီပေးကြဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။ ဒီစေတနာ့ဝန်ထမ်းတွေကိုလည်း နိုင်ငံတော်က အတတ်နိုင်ဆုံး ထောက်ပံ့ဖြည့်ဆည်းသွားမှာ ဖြစ်ပါတယ်။ အခုလို အရေးကြီးတဲ့အခြေအနေ၊ အချိန်အခါမှာ မိမိတို့ရဲ့ စိတ်ရင်းစေတနာနဲ့ ငွေကြေးကို အဓိကမထားဘဲ မိမိတို့ရပ်ရွာအကျိုး၊ လူထုအကျိုးအတွက် ပါဝင်ကူညီကြဖို့ တိုက်တွန်းလိုပါတယ်။

**ကာကွယ်ဆေးကိစ္စ**

လောလောဆယ်မှာ တရုတ်နိုင်ငံက ကာကွယ်ဆေးအလုံးရေ နှစ်သန်း လှူဒါန်းသွားမှာဖြစ်ပြီး ပထမအသုတ် တစ်သန်းက မကြာမီမှာ ရောက်လာဖို့ရှိပါတယ်။ ဒါ့အပြင် Sinovac ကုမ္ပဏီက ဆေးအလုံးရေနှစ်သန်းနဲ့ Sinofarm ကုမ္ပဏီက ဆေးအလုံးရေ နှစ်သန်းကိုလည်း ဝယ်ယူထားလို့ ကာကွယ်ဆေးတွေက နောက်ပိုင်းမှာ ဆက်တိုက်ရောက်လာနိုင်ပါတယ်။ ရုရှားနိုင်ငံကလည်း ကာကွယ်ဆေးအလုံးရေ ခုနစ်သန်းဝယ်ယူဖို့ ညှိနှိုင်းထားပါတယ်။

ကာကွယ်ဆေးထုတ်လုပ်မှုနဲ့ပတ်သက်လို့ တရုတ်နိုင်ငံကနေ Ready to Fill (RTF) စနစ်နဲ့ ဒီမှာ စက်ရုံတပ်ဆင်ထုတ်လုပ်နိုင်ဖို့ ဆွေးနွေးနေသလို ရုရှားနိုင်ငံနဲ့လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ခရီးစဉ်မှာ ဒီကိစ္စကို ဆွေးနွေးခဲ့လို့ ရုရှားဘက်က မြန်မာနိုင်ငံရဲ့ စွမ်းဆောင်နိုင်မှု အနေအထားဖြစ်တန်စွမ်းကို လာရောက်လေ့လာဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

ရေရှည်မှာ ကာကွယ်ဆေးသုတေသနအတွက်လည်း တရုတ်နိုင်ငံဘက်က ကူညီသွားဖို့ရှိပြီး လန်ချန်းမဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်မှာ မြန်မာနိုင်ငံအတွက် ဒေါ်လာ သုံးသန်းကျော်တန် အဆင့် (၃) ဇီဝနည်းပညာဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ရေးအတွက် ထည့်သွင်းပေးထားပါတယ်။ ပြည်တွင်းမှာလည်း အသည်းရောင်အသားဝါ (ဘီ) ဗိုင်းရပ်စ်ကာကွယ်ဆေးကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ် နိုင်ခဲ့တဲ့ ဆေးသုတေသနနဲ့ တပ်က သုတေသနအဖွဲ့တွေ ပူးပေါင်းပြီး ဇီဝသုတေသနလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်။

**သုံးသပ်တင်ပြချက်**

မြန်မာနိုင်ငံလိုပဲ ကမ္ဘာမှာ အခုဖြစ်ပွားနေတဲ့ ကိုဗစ်ကပ်ရောဂါ တတိယလှိုင်းဟာ အရင်ထက်ပိုပြီး ပြင်းထန်ကျယ်ပြန့်ပါတယ်။ အောက်ဆီဂျင်ပြတ်လပ်တဲ့ပြဿနာတွေ၊ သေဆုံးမှုနှုန်းမြင့်မားလို့ သုသာန်မှာ သင်္ဂြိုဟ်ဖို့ မနိုင်မနင်းဖြစ်နေတာတွေ၊ ဆေးရုံခုတင်မလောက်တဲ့ ပြဿနာတွေက ဖွံ့ဖြိုးတဲ့နိုင်ငံတွေ၊ ကာကွယ်ဆေးထုတ်လုပ်မှုအများဆုံးဖြစ်တဲ့ အိန္ဒိယလိုနိုင်ငံမျိုးတွေမှာတောင်မှ တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီစိန်ခေါ်မှုတွေကို နိုင်ငံတွေက အောင်မြင်အောင် ကျော်လွှားကြရမှာပါ။

မြန်မာနိုင်ငံမှာလည်း အထက်မှာဖော်ပြခဲ့တဲ့အတိုင်း ကာကွယ်ဆေးထိုးနှံရေး၊ ရောဂါဖြစ်ပွားသူတွေကို အဆင့်လိုက်ဖြန့်ခွဲစောင့်ရှောက်ကုသပေးရေးနဲ့ ပြည်သူလူထုက ကိုဗစ်ရောဂါကာကွယ်ရေး စည်းကမ်းချက်တွေနဲ့အညီ လိုက်နာနေထိုင်ရေးဆိုတဲ့ နည်းလမ်းသုံးခုကို ထိရောက်အောင်ဆောင်ရွက်နိုင်ရင် ဒီတတိယလှိုင်းကိုလည်း အောင်အောင်မြင်မြင် ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

**ဒါပေမဲ့ ဒီကပ်ရောဂါ ကမ္ဘာမြေပေါ်က အပြီးတိုင်ကွယ်ပျောက်သွားလေမလားဆိုတာကတော့ ဖြစ်နိုင်ခြေနည်းလှပါတယ်၊ ဗိုင်းရပ်စ်ပိုးတွေရဲ့ သဘောသဘာဝအရ မျိုးဗီဇတွေ အမျိုးမျိုးပြောင်းပြီး ပုံစံအမျိုးမျိုး၊ အမည်ကွဲအမျိုးမျိုးနဲ့ ပြန်ပေါ်လာနေဖို့ပဲ များပါတယ်။ ဒီအတွက်လည်း ဖြစ်ပေါ်လာမယ့် ပုံမှန်အနေအထားအသစ်မှာ လိုက်လျောညီထွေစွာ ရှင်သန်နေထိုင်သွားနိုင်အောင် ပြင်ဆင်ထားကြဖို့ လိုအပ်ပါလိမ့်မယ်။**

လက်ရှိအခြေအနေမှာတော့ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ တွေ့ကြုံခဲ့တာတွေကို သင်ခန်းစာယူပြီး အကောင်းဆုံးပြင်ဆင်ဆောင်ရွက်သွားဖို့ပါပဲ။ စုဖွဲ့မှုတွေမှာ အလွှာလိုက်– ဗဟိုအဆင့်ကနေ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းထားသလို လုပ်ငန်းကဏ္ဍအလိုက်လည်း လက်တွေ့လိုအပ်တဲ့ အောက်ဆီဂျင်ရရှိရေး၊ လူနာနေရာချထားရေး၊ သတင်းပြန်ကြားရေး၊ ဘဏ္ဍာငွေစုဆောင်းရေး၊ လူအင်အားစီမံခန့်ခွဲရေးစတဲ့လုပ်ငန်းတွေမှာ ထိထိရောက်ရောက် လုပ်ဆောင်နိုင်အောင် တာဝန်ခွဲဝေစုဖွဲ့ဆောင်ရွက်သွားဖို့လိုမှာ ဖြစ်ပါတယ်။

ပြည်သူလူထုဘက်ကလည်း သတင်းအမှားတွေနောက်လိုက်ပြီး အကြောက်မလွန်ဖို့၊ ကိုဗစ်စည်းကမ်းတွေကို တိတိကျကျလိုက်နာနေထိုင်ဖို့နဲ့ တာဝန်ရှိသူအဖွဲ့အစည်းတွေကို အားပေးကူညီပြီး ပူးပေါင်း ဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။

ဒီလိုကပ်ရောဂါကာလမှာ အများနည်းတူ ထိခိုက်ခံစားရတာတွေကတော့ ရှိမှာပါပဲ။ ဒီရောဂါကတော့ အနီးသော အစိမ်းသော၊ လူငယ်သော လူကြီးသော၊ ဆင်းရဲသော ချမ်းသာသော ဘာမှရွေးမှာမဟုတ်ပါဘူး။ လူတွေအကုန်လုံး အနည်းနဲ့အများ ထိခိုက်ခံစားနေကြရတာကို သဘောပေါက်နားလည်လက်ခံပြီး အားလုံးဝိုင်းဝန်း စုပေါင်းတွန်းလှန်သွားကြဖို့လိုအပ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

## အာဇာနည်နေ့ ဆုတောင်း

☆ သည်နေ့ရောက်တိုင်း၊ ရင်တွင်းလှိုင်းထ
ကြေကွဲရ၏၊ အဖအောင်ဆန်း
ပြည်ချစ်ပန်းသည်၊ လက်လှမ်းမဝေး
လွတ်လပ်ရေးတွက်၊ ဆွေးနွေးနေတုန်း
ဗြုန်းခနဲပင်၊ ဝင်သည့်မုန်တိုင်း
ရိုင်းစိုင်းကောက်ကျစ်၊ ပစ်ခတ်လုပ်ကြံ
နယ်ချဲ့ဉာဏ်အောက်၊ သက်ပျောက်ကျဆုံး
တစ်ပြည်လုံးပင်၊ ယူကြုံးမရ
ဖြစ်ခဲ့ကြသည်၊ ကာလရှည်ကြာ
ရှိခဲ့ပါလည်း၊ မကြာကာလ
မနေ့ကပင်၊ စိတ်ကထင်မိ
ဖခင်အောင်ဆန်း၊ ပြည်ချစ်ပန်းကို
ရည်မှန်းတမ်းတ၊ တသသဖြင့်
အမှူပေးဝေပါရစေ၊
☆ ပြည်သူ့ကောင်းမှု၊ အစုစုကို
သာဓုခေါ်ပါ၊ မှူဝေပါ၏
ဗိုလ်တေဇရေ
အမျှအမျှ၊ အမျှရ၍
လောဘဒေါသ၊ မောဟဖိစီး
အတ္တကြီးလှ၊ လူ့ဗာလများနှင့်
ဘဝဆက်တိုင်းဝေးပါစေ၊
☆ လွတ်လပ်ရေးတွက်၊ သက်ကိုစတေး
ရယူပေးခဲ့၊ ဖ ရဲ့ကျေးဇူး
ဦးထိပ်တင်ကာ၊ ဆုတောင်းပါသည်
အဖကောင်းရာရောက်ပါစေ၊
☆ အဖယူပေး၊ “လွတ်လပ်ရေး” နှင့်
သွေးသားနှောင်ရင်း၊ “စည်းလုံးခြင်း” ကို
လက်တွင်းကိုင်ဆုပ်၊ အချုပ်အခြာ
အာဏာပိုင်စိုး၊ တို့ဘိုးဘွားမွေ
မြန်မာပြည်
ကမ္ဘာတည်သရွေ့ တည်ပါစေ။ ။

သန်းမြင့်ညိမ်း(ပုသိမ်)

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ပြည်သူ့စွမ်းအား အထူးကြီးမား

**ကိုရေချမ်း**

**ယခုလည်း မြေပေါ်၊ မြေအောက်၊ ပြည်တွင်းပြည်ပ နှစ်ဖက်ညှပ်တိုက်ခဲ့သည်။ မြေပေါ်တွင် ဆူပူဆန္ဒပြမှုများ ပြုလုပ်နေချိန်တွင် တစ်ဖက်တွင် အကြမ်းဖက် တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ NLD နှင့် NLD မှ မြောက်ပင့်အားပေး ထောက်ပံ့ပေးသည့် အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များ ဆက်တိုက်လုပ်ကိုင်လာခဲ့သည်။ အကြမ်းဖက်သမားများကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဖမ်းဆီးရမိသလို အကြမ်းဖက်အဖျက်သမားများ၏ လက်လုပ်သေနတ်၊ လက်လုပ်ဗုံးများအပါအဝင် လက်နက်ပစ္စည်းများ ပေါင်းစုလိုက်လျှင် ထောင်သောင်းချီနေလောက်ပြီ။**

**မရောက်မီက ကြို့နှင့်သည်။**
**မရိုက်မီက ငိုနှင့်သည်။**
**မဆောက်မီက ဖြို့နှင့်သည်။**
**၂၀၂၁ ခုနှစ် ဇွန်လ ၃၀ ရက်။**

'ယ' ရက်နှင့် 'န' နာရီတို့သည် မစမီကတည်းကပင် ပျက်သုဉ်းပျောက်ကွယ်ခဲ့ရလေပြီ။

NLD မှ ဖြစ်လာသည့် NUG နှင့် PDF တို့သည် "ပြည်ဖျက်စီမံကိန်း" ကို စိတ်ကူးနှင့် ရှူးခဲ့ကြသည်။ ပြည်သိမ်း၊ ပြည်ဖျက်စီမံချက်သည် ဝက်ဝက်ကွဲအောင် အထိတ်တလန့်ဖြစ်ခဲ့သည်။ အံ့သြဘနန်းအောင်ပွဲကြီးခံနိုင်လိမ့်မည်ဟု စိတ်ကူးယဉ်ခဲ့ကြသည်။ နွေဦးတော်လှန်ရေးအမည်ခံ၊ ဒီမိုကရေစီတော်လှန်ရေးအမည်ခံ အကြမ်းဖက်လုပ်ရပ်များကို လက်တွေ့ကျူးလွန်နေကြသူများသည် ပြည်တွင်းမှ GZ၊ PDF လေးများဖြစ်သည်။ လက်တွေ့ကျူးလွန်အောင် သွေးထိုးလှုံ့ဆော်၊ စည်းရုံးဦးဆောင်လမ်းညွှန်နေကြသူများမှာ NLD မှ ပေါက်ဖွားလာသော CRPH နှင့် NUG တို့ဖြစ်သည်။ တကယ်တော့ လေထဲမှ အိပ်မက်သည် ပျက်စီးလေလွင့် မျောပါခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။

ဤသို့ဤပုံ စိတ်ကူးယဉ်အိပ်မက်သည် ယခုမှထ၍ ပေါ်ပေါက်လာသည်တော့မဟုတ်ပေ။ NLD ဟူ၍ စတင်ဖြစ်တည်လာကတည်းက 'ထိပ်တိုက်ရင်ဆိုင်ရေး'၊ 'အလုံးစုံပျက်သုဉ်းရေး' ဝါဒနှင့် မွေးဖွားလာခဲ့သည်။ ၁၉၈၈ ခုနှစ်မှ စတင်ရေတွက်လျှင် လေထဲတွင် တိုက်အိမ်ဆောက်ခဲ့သော နယ်ချဲ့လက်ပါးစေ တစ္ဆေသရဲတို့၏ "အလုံးစုံ ပျက်သုဉ်းရေး" တစ်စစီ၊ တစ်ပိုင်းစီ ဖြိုခွဲချေမှုန်းရေးသည် နှစ်ပေါင်း ၃၀ ကျော်ကြာအောင် ကျားကုတ်ကျားခဲ ကြိုးစားပမ်းစား အားထုတ်ခဲ့ကြသည်။

သို့သော် NLD သည် အစလည်းမကောင်း၊ အလယ်လည်းမကောင်း၊ အဆုံးလည်း မကောင်းခဲ့ပေ။ NLD ပါတီ စတင်ဖွဲ့စည်းစဉ်က ပါတီတွင်း လက်ဝဲအုပ်စုများနေရာယူခဲ့သည်။ ဗကပအမာခံများ သွေးထိုးလှုံ့ဆော်ခဲ့သည်။ အာဏာဖီဆန်ရေးလမ်းကြောင်းပေါ်သို့ ဝန်းရံတွန်းပို့ခဲ့ကြခြင်းကြောင့် မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ထင်ပေါ်လာခဲ့သည်ဟုဆိုရမည်။ အာဏာဖီဆန်ရေးလုပ်ငန်းများနှင့် နာမည်ကျော်ခဲ့သည်။

**မြေပေါ်၊ မြေအောက်**

ဤသို့ နာမည်ကျော်လာသည်ကို မိမိကိုယ်မိမိ အထင်ကြီး သွေးနားထင်ရောက်ပြီး တည်ငြိမ်နေသော မြို့ကြီးအချို့တွင် ထိပ်တိုက်ရင်ဆိုင်ရေး၊ ဆူပူရေးလုပ်ငန်းများ လုပ်ခဲ့သည်။ မြို့နေပြည်သူများ စိုးရိမ်ထိတ်လန့်ဖြစ်ခဲ့ကြသည်။ ဆူပူရေးလုပ်ငန်းများလုပ်နေစဉ် ၁၉၈၉ ခုနှစ် ဧပြီလတွင် NLD ရန်ကုန်တိုင်းစည်းရုံးရေးမှူးနှင့်အဖွဲ့ တောခိုခဲ့သည်။ တောခိုပြီး မြို့ပေါ်ပြန်တက်၍ ဇူလိုင် ၇ ရက်တွင် သန်လျင်ရေနံချက်စက်ရုံကို ဗုံးဖောက်ခွဲခဲ့သည်။ ယင်းသည် ပထမဆုံးအဖျက်လုပ်ရပ်ဖြစ်သည်။ ဆက်လက်၍ မကြာခဏဆိုသလို အဖျက်လုပ်ရပ်များ လုပ်ခဲ့သည်။ မြေပေါ်၊ မြေအောက် နှစ်ဖက်ညှပ်တိုက်သည့် သဘောမျိုးဖြစ်သည်။ NLD သည် အာဏာဖီဆန်ရေးလမ်းကြောင်းကို တစ်လျှောက်လုံးသွားခဲ့ပြီး တစ်ဖက်တွင် မြေအောက်ယူဂျီများက အဖျက်လုပ်ရပ်များနှင့် အစိုးရအကျပ်အတည်း ဖြစ်အောင် လုပ်ခဲ့သည်။

မြန်မာ့နိုင်ငံရေးသမိုင်းတွင် တိုင်းပြည်နှင့် အစိုးရကို မည်သို့မည်ပုံ တွန်းတိုက်ဖြိုဖျက်သော်လည်း ပြည်ထောင်စုကြီးမှာ မယိမ်းယိုင်၊ အစိုးရမှာလည်းမယိုင်လဲ ကျောက်စိုင်ကျောက်သားပမာ မားမားမတ်မတ် ရပ်တည်ခဲ့သည်။ ဖျက်သူတို့သည်သာ စေတနာမကောင်း၍ ကံမကောင်းကြပေ။ ကိုယ့်ပြုသည့်ကံ ကိုယ့်ထံပြန်၍ ပြုသူသာ ပျက်စီးခြင်းကိန်း ဆိုက်ကြ၏။

တပ်မတော်သည် နိုင်ငံ့တာဝန်ကို အတိုင်းအတာတစ်ခုအထိ ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်လာအောင် ရေးရှုလျှောက်လှမ်းခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးပြီး NLD အပါအဝင် နိုင်ငံရေးပါတီများအားလုံးကို နိုင်ငံရေး စင်မြင့်ပေါ်သို့ တင်ပေးခဲ့သည်။ သို့သော် NLD ပါတီသည် မူလစရိုက်မပျောက်ခဲ့ပေ။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဖြောင့်ဖြောင့်တန်းတန်း မလျှောက်လှမ်းခဲ့ပေ။

**အစ မကောင်း၍ အကြောင်းမလှ၊**
**နိဂုံး ဘယ်လို ဆုံးမည်နည်း။**
**ဆက်၍ ကြည့်ကြပါဦးစို့၊**
**ဇာတ်စုံ၊ ဇာတ်ခုံအမျိုးမျိုး ခင်းပါလိမ့်ဦးမည်။**

**အိပ်မက်ပျက်သုဉ်း**

၂၀၂၁ ခုနှစ်တွင် NLD မိုးပြိုမြေပြို အာဏာယူရေးအကြံအစည် မအောင်မြင်သောအခါ ပြည်သူတို့အား လမ်းမပေါ်သို့ တွန်းထုတ်ခဲ့သည်။ ဆူပူအကြမ်းဖက်ရေးမအောင်မြင်ပြန်သောအခါ R2P ဝင်တော့မလို၊ UN လာတော့မလို၊ US စစ်သင်္ဘောအုပ်စုကြီး ရောက်တော့မလို ပြည်တွင်းမှ GZ၊ PDF တို့ကို မြှောက်ပင့်ပေးခဲ့သည်။ CRPH၊ NUG နှင့် NLD လော်ဘီများသည် ယခုအချိန်အထိ တစ်နေ့တစ်မျိုး မရိုးအောင် သတင်းမှားများ၊ ဝါဒမှိုင်းများ ရိုက်သွင်းကြသည်။

**ပြည်တွင်းက GZ နှင့် PDF ဘဝများ၊ အသက်များနှင့် တိုင်းပြည်အလုံးစုံပျက်စီးရေးကို အားထည့်ဖျက်ကြသည်။ ပြည်ပအထောက်အပံ့ခံ ဝါဒဖြန့်ချိရေးအဖွဲ့များသည် တိုင်းပြည်ပျက်စီးရေးကို တွန်းပို့နေသည့် အဓိကလက်သည်များဖြစ်သည်။ တစ်ဖက်လိုက်သတင်းများ၊ မမှန်မကန်သတင်းများဖြင့် တွန်းထုတ်ခဲ့ကြသည်။ ဇွန် ၃၀ ရက်ကို D-Day ဟု လှုံ့ဆော်စစ်ခေါ်ပေးခဲ့သည်။ D-Day သည် ဒုတိယကမ္ဘာစစ်အတွင်းက စစ်ပွဲကြီးစတင်သောနေ့ သင်္ကေတဖြစ်သည်။ D-Day သည် Dead-Day ရလဒ်ထွက်ခဲ့သည်။ အမှန်တကယ်တွင် စိတ်ကူးယဉ် D-Day ကို လက်တွေ့ဖြစ်အောင် ကြိုတင်ကြံစည်ထားခဲ့သည်။**

၂၀၂၀ ရွေးကောက်ပွဲအောင်နိုင်ရေးကို NLD လုပ်ဆောင်ခဲ့ရာ၌ ၎င်း၏ အန္တိမရည်မှန်းချက်သည် အဆုံးသတ်ဆုံးဖြတ်ချက် ဖြစ်ခဲ့လေသည်။ ၁၉၈၈ ခုနှစ်က ဆူပူဆန္ဒပြသူများ ကြွေးကြော်ခဲ့သည့် "ရလျှင်ရ မရလျှင်ချ" ထုံးနည်းကားအတိုင်း အာဏာရရေးကို ကြံသည့်အတိုင်း ဖြစ်မလာသောအခါ "အလုံးစုံ ဖျက်ဆီးရေး"ကို အားထုတ်တော့သည်။ စည်းရုံးသိမ်းသွင်းထားသော ဝန်းရံသူတို့အင်အားဖြင့် အမိုက်ဇာတ်ခင်းခဲ့ကြသည်။

ယခုလည်း မြေပေါ်၊ မြေအောက်၊ ပြည်တွင်းပြည်ပ နှစ်ဖက်ညှပ်တိုက်ခဲ့သည်။ မြေပေါ်တွင် ဆူပူဆန္ဒပြမှုများ ပြုလုပ်နေချိန်တွင် တစ်ဖက်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ NLD နှင့် NLD မှ မြှောက်ပင့်အားပေး ထောက်ပံ့ပေးသည့် အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များ ဆက်တိုက်လုပ်ကိုင်လာခဲ့သည်။ အကြမ်းဖက်သမားများကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဖမ်းဆီးရမိသလို အကြမ်းဖက်အဖျက်သမားများ၏ လက်လုပ်သေနတ်၊ လက်လုပ်ဗုံးများအပါအဝင် လက်နက်ပစ္စည်းများ ပေါင်းစုလိုက်လျှင် ထောင်သောင်းချီနေလောက်ပြီ။

**အဖျက်လုပ်ရပ်တားဆီး**

သက်သေသာဓကများဖြင့်ဆိုရပါလျှင် မတ်လ ၅ ရက်နေ့မှစ၍ အကြမ်းဖက်သမားများနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။ ဧပြီလ ၂၉ ရက်တွင် KNLA တပ်မဟာ (၅) နယ်မြေအတွင်းရှိ ခင်ကျော် (UNRA) ထံမှ ဖောက်ခွဲရေးသင်တန်းတက်ရောက်၍ မြို့ပေါ်တက်လာသော အကြမ်းဖက်သမား ၁၁ ဦးကို ဖမ်းဆီးရမိခဲ့သည်။ မေ ၁ ရက်တွင် သုံးဦး၊ မေ ၂ ရက်တွင် ၁၁ ဦး၊ မေ ၁၃ ရက်မှ ၂၇ ရက်အတွင်း NLD မှ သိန်းနိုင်နှင့်အဖွဲ့၊ ညီညီနှင့်အဖွဲ့ စသည့် ဆက်စပ်အဖွဲ့ ၂၁ ဖွဲ့ကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဇွန် ၆ ရက်တွင် မိတ္ထီလာမြို့နယ် ရွှေအုန်းပင်စားသောက်ဆိုင်ဝင်းအတွင်း မြေအောက်ခန်း၌ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပြီး ဖောက်ခွဲရေးပစ္စည်းအမြောက်အမြား ဖမ်းဆီးရမိခဲ့သည်။

အကြမ်းဖက်လုပ်ရပ်များအား ဖန်တီးပေးသည့် အဓိကလက်သည်တို့ကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇွန် ၁၈ ရက်တွင် ပေါင်မြို့ စစ်ဆေးရေးဂိတ်၌ တိုင်းရင်းသားနယ်မြေအတွင်း ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် NUG အဖွဲ့မှ ရည်မွန်ထံသို့ အကြမ်းဖက်လုပ်ငန်းများနှင့် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရေး လိုအပ်သောညှိနှိုင်းမှုများ ပြုလုပ်ရန် သွားရောက်ခဲ့သည့် ခင်ကျော်ပါ လေးဦးကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံတို့ကို လက်နက်များနှင့်အတူ ဘီးလင်းမြို့၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ခင်ကျော်၏ ထွက်ဆိုချက်များအရ သာကေတ၊ လှိုင်သာယာ၊ လှိုင်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့အတွင်းနှင့် ပဲခူး၊ သထုံ၊ ဘီးလင်းမြို့များတွင် လူသတ်သမား၊ အကြမ်းဖက်သမားများကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ကြံရာပါတစ်သိုက်**

ထို့နောက် PDF အကြမ်းဖက်အဖွဲ့များကို ထောက်ပံ့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသူ ကိုကိုနိုင် (ခ) ဒေါ်နန (အမေရိကန်နိုင်ငံသား၊ ဆိုရှယ်ဗီဇာဖြင့် နေထိုင်သူ) ကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇွန် ၂၄ ရက်တွင် မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသော တရားခံများ၏ ထုတ်ဖော်ချက်များအရ မန္တလေးတွင် ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်ရေးလုပ်ရပ်များ ကျူးလွန်နေသူ PDF များအား ဇွန်လ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်တို့တွင် လက်နက်များနှင့်အတူ အသေ၊ အရှင်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် ထွန်းတောက်နိုင်နှင့် အဖွဲ့ဝင်များ၏ ထွက်ဆိုချက်အရ NLD များ စီစဉ်ပေးမှုဖြင့် KIA ဌာနချုပ် လိုင်ဇာတွင် စစ်သင်တန်းတက်ရောက်ပြီး မြို့ပေါ်ပြန်လာကြသည့် PDF များအား ဖမ်းဆီးရမိခဲ့သည်။ ထိုမှုများပြားသော လက်နက်ပစ္စည်းများနှင့် စနစ်တကျလုပ်ကိုင်ပါက ကြောက်မက်ဖွယ်ရာကောင်းသည့် အန္တရာယ်ဆိုးကြီးနှင့် ကြုံတွေ့နိုင်ဖွယ်ရာရှိသည်။ ပြည်သူလူထုနှင့် ပူးပေါင်းနိုင်၍သာ အန္တရာယ်ဆိုးကြီးကို အချိန်မီတားဆီးနိုင်ခဲ့သည်။

**စာမျက်နှာ ၁၀ သို့** ❄

**ဖြစ်စဉ်များတွင် အသွားစေခိုင်းသူ NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းများ၊ ကြံရာပါ ခင်ကျော် (UNRA) နှင့် ကိုကိုနိုင်(ခ)ဒေါ်နန အပါအဝင် ကျူးလွန်သူ PDF ၁၇၃ ဦးတို့ကို လက်နက်မျိုးစုံ ၁၃၁ လက်၊ လက်လုပ်သေနတ် ၃၇ လက်၊ လက်ပစ်ဗုံး ၅၅၉ လုံး၊ လက်လုပ်ဗုံး ၂၂၅၁ လုံး၊ ၄၀ မမ ဗုံးသီး ၁၄၇၃ လုံး၊ RPG ဒုံးသီး ၁၄ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ကျည်အိမ် ၂၆၉ ခု၊ ကျည်မျိုးစုံ ၁၀၅၁၅ တောင့်နှင့် ဆက်စပ် ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့သည် အဓိကကျပြီး အများအပြား ဖမ်းဆီးရမိသည့် အဖျက်လုပ်ရပ်များဖြစ်သည်။ အကြမ်းဖက်အဖျက်လုပ်ရပ် ပြုလုပ်ကြသည့် ကျန်ကျူးလွန်သူများနှင့် လက်နက်ပစ္စည်းများလည်း ပေါင်းစုလိုက်လျှင် အမြောက်အမြားရှိသေး။**

# နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာပစ္စည်းများ အဆက်မပြတ်ဝင်ရောက်လျက်ရှိ




**နေပြည်တော် ဇူလိုင် ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ တင်သွင်းရာတွင် လုပ်ငန်းရှင်များ လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ဖြေလျှော့မှုများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ ကုန်သွယ်ရေးဇုန်နှင့် စခန်းများမှ ကုမ္ပဏီ ၁၃ ခုမှ မော်တော်ယာဉ် ၂၁ စီးဖြင့် အောက်ဆီဂျင်အရည် လီတာ ၁၅ ဒသမ ၄၁၈ သန်း၊ အောက်ဆီဂျင် ခတ်ငွေ့အိုးဖြင့် လီတာ ၄၀၀၀၊ အောက်ဆီဂျင်အိုးအခွံ ၂၆၂၃ ခု၊ PPE ဝတ်စုံ ၁၂၇၉၅ စုံ၊ လက်အိတ်အစုံ ၁၉၀၀၀၊ နှာခေါင်းစည်း တန် ၁၈၀ တင်သွင်းနိုင်ခဲ့သည်။

သို့ပါ၍ ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ အောက်ဆီဂျင်(အရည်) လီတာ ၄၉ သန်း၊ အိမ်သုံး အောက်ဆီဂျင်စက် ၆၅၀၅ ခု၊ နှာခေါင်းစည်း တန် ၂၉၀ တင်သွင်းနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးဆိုင်ရာ ဆေးဝါးများ တင်သွင်းရာတွင် ထိုင်းနိုင်ငံမှ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို အဓိကလမ်းကြောင်းဖြစ်သည့် မြဝတီကုန်သွယ်ရေးဇုန်မှ အများဆုံးတင်သွင်းနိုင်ခဲ့ပြီး ရောဂါထိန်းချုပ်မှုအတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ဇူလိုင် ၁၂ ရက် မှ ၁၈ ရက်အထိ မော်တော်ယာဉ် ၁၁၇ စီး တင်သွင်းခွင့်ပြုခဲ့ကြောင်း၊ စတင်တင်သွင်းသည့် ဇူလိုင် ၁၂ ရက်မှစပြီး ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာပစ္စည်းများကို နေ့စဉ်ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်နယ်စပ်ဂိတ်တွင် တရုတ်နိုင်ငံ ဝမ်တိန်ဂိတ်မှ ဝယ်ယူတင်သွင်းထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် အောက်ဆီဂျင်ဘူးများ ခွဲဝေလှူဒါန်းပေး

**မူဆယ် ဇူလိုင် ၁၈**

ရှမ်းပြည်နယ် မူဆယ်ခရိုင်၌ ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါပိုးသည် ပြည်သူများအတွင်း ကူးစက်မှုတိုးမြင့်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိသည်။

မူဆယ်ဒေသရပ်ဝန်းတွင် အခြေစိုက်သော ဝမ်တိန်ယိင်းယိကုမ္ပဏီ၊ မုံးပေါ်ပြည်သူ့စစ်အဖွဲ့၊ နမ့်ဖတ်ကာပြည်သူ့စစ်အဖွဲ့တို့ပူးပေါင်း၍ ယမန်နေ့ညနေပိုင်းက မူဆယ်မြို့ ပြည်သူ့ဆေးရုံ၊ ပန်ဆိုင်းပြည်သူ့ဆေးရုံ၊ ဒေသန္တရဆေးခန်းများဖြစ်သော နမ့်ဖတ်ကာ၊ မုံးပေါ်၊ နမ့်တောင်း၊ မိုင်းယု(၁၀၅)မိုင်၊ မော်တောင်းနမ့်အွမ်များရှိ ဆေးခန်းများ၊ ဒေသတွင်း ပရဟိတအသင်းများသို့ အောက်ဆီဂျင် လီတာ ၄၀ ဝင် ဘူး ၂၀၀၊ PPE ဝတ်စုံများ၊ Examination Glove၊ N-95 Mask၊ Oxygen Flow meter and pipe၊ Masks Pulse oxygen meter Apron၊ Surgical Glove စုစုပေါင်း ငွေကျပ် ၁၉၈၀၃၁၁၆၆ တန်ဖိုးကို တရုတ်နိုင်ငံ ဝမ်တိန်ဂိတ်မှ ဝယ်ယူတင်သွင်းကာ ခွဲဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံအရပ်ရပ်၌ လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အိုးများ မူဆယ်ကုန်သွယ်ရေးဇုန်မှ ရောက်ရှိနိုင်ရေး၊ ဆက်လက်တင်သွင်းနိုင်ရေးကို သက်ဆိုင်ရာများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**




❄ စာမျက်နှာ ၉ မှ

**အထက်ပါဖြစ်စဉ်များတွင် အသွားစေခိုင်းသူ NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းများ၊ ကြံ့ရာပါ ခင်ကျော် (UNRA) နှင့် ကိုကိုနိုင် (ခ) ဒေါနအပါအဝင် ကျူးလွန်သူ PDF ၁၇၃ ဦးတို့ကို လက်နက်မျိုးစုံ ၁၃၁ လက်၊ လက်လုပ်သေနတ် ၃၇ လက်၊ လက်ပစ်ဗုံး ၅၅၉ လုံး၊ လက်လုပ်ဗုံး ၂၂၅၁ လုံး၊ ၄၀ မမ ဗုံးသီး ၁၄၇၃ လုံး၊ RPG ဒုံးသီး ၁၄ လုံး၊ ရှေ့ထွက်မိုင်းတစ်လုံး၊ ကျည်အိမ် ၂၆၉ ခု၊ ကျည်မျိုးစုံ ၁၀၅၁၅ တောင့်နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့သည် အဓိကကျပြီး အများအပြားဖမ်းဆီးရမိသည့် အဖျက်လုပ်ရပ်များဖြစ်သည်။ အကြမ်းဖက်အဖျက်လုပ်ရပ်ပြုလုပ်ကြသည့် ကျန်ကျူးလွန်သူများနှင့် လက်နက်ပစ္စည်းများလည်း ပေါင်းစုလိုက်လျှင် အမြောက်အမြား ရှိသေးသည်။**

**လူမိုက်နှင့်ချိတ်ဆက်**

တိုင်းရင်းသားလက်နက်ကိုင် နယ်မြေတွင် စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းတက်ခြင်း၊ လက်နက်ခဲယမ်း ဝယ်ယူခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး ဆောင်ရွက်ခြင်းကို CRPH နှင့် NUG မှ NLD ရည်မွန်က စေခိုင်းခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် နေထိုင်သူ ထွန်းအောင်ကျော် (ABSDF) ဥက္ကဋ္ဌဟောင်း၊ အမေရိကန်နိုင်ငံတွင် နေထိုင်သူ အေးမင်းတို့က နိုင်ငံတကာနှင့် ပြည်တွင်းရှိ NLD ပါတီဝင်များ၊ ၎င်းပါတီကို ဝန်းရံသူ၊ ထောက်ခံသူများထံမှ ငွေကြေးထောက်ပံ့မှုများကိုရယူ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့သည်မှာ ထင်ရှားပေါ်လွင်နေသည်။ ခင်ကျော်သည် ၁၉၈၈ ခုနှစ်တွင် ABSDF သို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ABSDF မှ ခွဲထွက်၍ အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖာပွန်မြို့နယ် လဲဝါကျေးရွာ၌ UNRA ကို ဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ ဖောက်ခွဲရေးသင်တန်းများ ဖွင့်လှစ်ခဲ့ပြီး NUG မှ လူမိုက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

ကိုကိုနိုင် (ခ) ဒေါန (NDF အဖွဲ့၏ နိုင်ငံတကာဆက်သွယ်ရေးတာဝန်ခံ) သည် PDF သင်တန်းအတွက် လိုအပ်သော စစ်အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးများ ထောက်ပံ့နိုင်ရေးအတွက် NUG မှ ရည်မွန်၊ ဂျပန်နိုင်ငံမှ ထွန်းအောင်ကျော်၊ ပြည်ပရောက် NLD ပါတီဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။ ထွန်းအောင်ကျော်သည် NDF (National Defense Force) အားဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ ပြည်ပရောက် NLD အဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီရရှိရေးနှင့် NUG အဖွဲ့ဝင်များနှင့်ချိတ်ဆက်ကာ ပြည်တွင်း၌ အကြမ်းဖက်လုပ်ငန်းများ အကောင်အထည်ပေါ်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်။

**အဖျက်စီမံချက်**

NLD လက်ပါးစေ NUG သည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်အတွက် အဆင့်သုံးဆင့်ဖြင့် လုပ်ဆောင်နေပြီး ပထမအဆင့်အနေဖြင့် သင်တန်းဆင်း PDF များ မြို့ပေါ်သို့ ပြန်ရောက်ပါက စက်ရုံ/ အလုပ်ရုံများအား မီးရှို့/ ဖောက်ခွဲဖျက်ဆီးခြင်းတို့အပြင် အုပ်ချုပ်ရေးမှူးများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ ဒုတိယအဆင့် အနေဖြင့် ဒေသအလိုက် PDF များသည် EAOs အဖွဲ့များနှင့် ပူးပေါင်း၍ တပ်ဌာနချုပ်များကို စီးနင်းတိုက်ခိုက်ခြင်း၊ တတိယအဆင့်အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့်လက်နက်များ လက်ခံရယူ၍ အင်အားပိုမိုကြီးမားအောင် လုပ်ဆောင်ခြင်းတို့ကို ကြံစည်ထားသည်။

သို့သော် **အကြံအစည် အထမမြောက်မီ ပျက်ပြုန်းကျဆုံးရလေသည်။ NUG ၏အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံအတွင်း အပြစ်မဲ့ပြည်သူ ၁၈၉ ဦး သေဆုံးကာ မီးရှို့ဖျက်ဆီးခံရသော စာသင်ကျောင်း ၆၀၊ အုပ်ချုပ်ရေးမှူးရုံး ၇၄ ရုံး၊ ရဲကင်း/ ရဲစခန်း ၃၅ ခုရှိပြီး စာသင်ကျောင်းများ ဗုံးပေါက်ကွဲမှု ၂၃၂ ကြိမ်၊ အုပ်ချုပ်ရေးမှူးရုံး ဗုံးပေါက်ကွဲမှု ၁၈၂ ကြိမ်၊ ရဲကင်း/ရဲစခန်း ဗုံးပေါက်ကွဲမှု ၆၆ ကြိမ် စုစုပေါင်း ဗုံးပေါက်ကွဲမှု အကြိမ် ၄၈၀ ရှိခဲ့သည်။ ယင်းတို့ကို နိုင်ငံတကာမီဒီယာများက ဖော်ပြခဲ့ခြင်း မရှိပေ။**

စေခိုင်းသူ CRPH၊ NUG နှင့် NLD နှင့် ပြည်တွင်း၊ ပြည်ပ အပေါင်းပါတို့၏ အကြမ်းဖက်ဖျက်ဆီးရေး လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများနှင့် အများပြည်သူအဆောက်အအုံများ ပျက်စီးခဲ့ရသော်လည်း မကောင်းမှုဟူသည် ကြာရှည်ခံရိုး ထုံးစံမရှိဆိုသကဲ့သို့ အကြမ်းဖက်အဖျက်သမား လူ၊ လက်နက်များ လုံးဝ ရေစုန်မျောခဲ့ရသည်။ မကောင်းမှုကို တာစူ၍မရ ပြိုကွဲခဲ့ရသည်။ အာဏာပြန်လည်လိုချင်မက်မောသော စိတ်ကူးယဉ်အိပ်မက်များဖြင့် သူတစ်ပါး အထောက်အပံ့များနှင့် အထောက်အပံ့ပေးသည့် လက်နက်များကို အားကိုးခဲ့ကြသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးကို အနိုင်ကျင့်ဗိုလ်ကျသတ်ဖြတ်ပြီး နိုင်ငံခြားသား၊ မျက်နှာဖြူ မျက်နှာမည်း နယ်ချဲ့လက်သစ်များကို ဆရာတင်သည့် စီမံပုံအလွဲအမှားများအား ပြည်သူတို့ နားလည်လာကြသည်။ ရှောင်ဖယ်လက်မခံကြတော့ပါ။

တိုင်းပြည်နှင့် လူမျိုးကို မီးလောင်တိုက်သွင်းကာ ဖျက်ဆီးဖို့သက်သက် ယုတ်မာရက်စက်သည့် ကြံစည်ချက်များ ဖြစ်သည်။ ယခုအခါ တိုင်းပြည်ဖျက်ဆီးနေသူများကို အပြီးတိုင်ချေမှုန်းနေပြီဖြစ်သည်။ တိုင်းပြည်နှင့် လူမျိုးအားလုံး အမြန်ဆုံးအေးချမ်းလုံခြုံလိုပါက သတင်းမှန်သိရသမျှကို သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ကြစေလိုပါသည်။ ဤတာဝန်သည် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားမပျက်စီးရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်လုပ်ဆောင်ရမည့် အဓိကအချက်ပင်ဖြစ်သည်။ ပြည်သူလူထု ပူးပေါင်းကူညီမှုဖြင့် အကြမ်းဖက်အဖျက်အန္တရာယ်ကို ကာကွယ်နိုင်ခဲ့သည်မှာ ပြည်သူလူထု အကျိုးစီးပွားအတွက်ပင်ဖြစ်ပါသည်။

**အကျိုးအကြောင်း၊ အဆိုးအကောင်းနှင့်
အဟောင်းအသစ်၊ ဖြစ်ပျက်ခြင်းမှာ
ဤလူ့ရွာ၌
ထင်လာနိမိတ်၊ ကြေးမုံရိပ်ဝယ်
အစိပ်အကျဲ၊ အမည်းအဖြူ
အပူအအေး၊ နီးဝေး၊ ထက်အောက်
ဖြောင့်ကောက်၊ တွင်းပြင်၊ ပီပီထင်၍။
ဆင်ခြင်တွေးဆ၊ သိလိုက်ရသော်
လောကအမြင် ရှင်းလိမ့်မည်။ ။
လေးမြိုင် (၂၀၀၄ တစ်သက်တာ စာပေဆုရှင်)**

ဆရာကြီး ဦးလေးမြိုင် ဖွဲ့ဆိုခဲ့သော အထက်ပါစာချိုးလေးကဲ့သို့ပင် အကျိုးအကြောင်း အဆိုးအကောင်းတို့ကို ပြည်သူအများ အမှန်သိထားပါက အဖျက်သမားများ ခိုစရာနေရာမရှိပေ။ ထိုအခါ နိုင်ငံတစ်ဝန်း အေးချမ်းပါဘိ။ ပြည်တွင်းသစ္စာဖောက် လောက်ကောင်များ ဖယ်ရှားရှင်းလင်းလိုက်ပါက ပြည်ပရန်စွယ် ဝင်လာနိုင်ဖွယ်မရှိပေ။ "ပြည်သူ့စွမ်းအား အထူးကြီးမား" သည်ဟု ဆိုချင်ပါသည်။ ။

■

# အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင် Cylinder အိုးများ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဝင်ရောက်လာသည့် ပုံရိပ်များ

နေပြည်တော်  ဇူလိုင်  ၁၈

**အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်  Cylinder အိုးများ နယ်စပ်ကုန်သွယ်ရေးဇုန်နှင့် စခန်းများမှ တင်သွင်းလာမှုကို ဤသို့ တွေ့မြင်ရပါသည်။**

























# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၁၁ ဦး ထပ်မံတွေ့ရှိ



**မနီလာ ဇူလိုင် ၁၈**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၁၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၀၇၇၅၅ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၁၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၆၇၁၄ ဦးရှိလာပြီဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်အထိ ပြည်သူ ၁၅ သန်းအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်မှုလျော့ကျစေရန်အတွက် လူစုလူဝေးမပြုလုပ်ကြရန်နှင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာကြရန် ဖိလစ်ပိုင်ပြည်ထဲရေးဝန်ကြီး အက်ဒူရာဒိုအာနိုက ပြည်သူများအား တိုက်တွန်းထားသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၅ ဦးရှိသည်။ ယင်းတို့အနက် ၁၁ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၁၈၄ ဦးရှိ

**တီဟီရန် ဇူလိုင် ၁၈**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၁၈၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၅၂၃၂၆၃ ဦးအထိရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၅ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၈၇၁၆၁ ဦးရှိကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရန်နိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၁၃၅၀၆၀ ရှိသွားပြီဖြစ်ကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါလူနာ ၄၃၀၆ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၆၁၇၉၂၄၄ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၂၂၆၈၂၆ ဦးရှိကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းမှစတင်ကာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လာသည့်အပြင် ဒယ်လ်တာဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သည်လည်း ကူးစက်ပျံ့နှံ့လျက်ရှိခြင်းကြောင့် ကျန်းမာရေး စည်းကမ်းချက်များကို ပြန်လည်ချမှတ်ခဲ့ကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၆၆၆ ဦးရှိ

**အန်ကာရာ ဇူလိုင် ၁၈**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၆၆၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၅၂၂၀၃၉ ဦးရှိကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၀၄၈၈ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၄၉၀ ရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် တူရကီနိုင်ငံ ကျန်းမာရေးအာဏာပိုင်အဖွဲ့က အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၃၈ ဒသမ ၈၆ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၂၀ ဒသမ ၃၅ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဂျာမနီနိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ၁၆၀ ကျော်သေဆုံး







**ဘာလင် ဇူလိုင် ၁၈**

ဂျာမနီနိုင်ငံအနောက်ပိုင်းရှိ ရိုင်နီလန်-ပါလာတီနိတ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိရာ ၁၆၀ ကျော်သေဆုံးပြီး အများအပြား ပျောက်ဆုံးလျက်ရှိကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

အဆိုပါပြည်နယ်အတွင်း ဇူလိုင် ၁၅ ရက်မှ စ၍ မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ဇူလိုင် ၁၇ ရက်တွင် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုများကြောင့် လက်ရှိအချိန်အထိ ၁၆၀ ကျော် သေဆုံးပြီး ၆၇၀ ပျောက်ဆုံးလျက်ရှိကြောင်း ဒေသန္တရအာဏာပိုင်ရဲအရာရှိများကကနဦးရရှိသော အချက်အလက်များအရ ပြောသည်။

အိမ်နီးချင်း ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့တွင်လည်း ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိသည်။ ဘယ်လ်ဂျီယံနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ၂၄ ဦးရှိကြောင်း ဘယ်လ်ဂျီယံအာဏာပိုင်များက ဆိုသည်။

ဂျာမနီအနောက်ဘက်ပိုင်းရှိ အာဝီလာမြို့၌ မြစ်ရေလျှံမှုဖြစ်ပွားပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည်။ နှစ်မီတာအမြင့်အထိ ရေများမြင့်တက်လာခဲ့ကြောင်း ဒေသခံပြည်သူများက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၃ ဦး ထပ်မံသေဆုံး



**ကွာလာလမ်ပူ ဇူလိုင် ၁၈**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၅၃ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၇၀၁၉ ဦးရှိလာကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောသည်။

အဆိုပါသေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ စတင်ပျံ့နှံ့သည့်အချိန်မှစပြီး နေ့စဉ် သေဆုံးမှုအရေအတွက် စံချိန်တင်ကြောင်း ကျန်းမာရေး အာဏာပိုင်များက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၇၁၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၉၁၆၅၆၁ ဦးရှိလာပြီဖြစ်သည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၁၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၀၆၉၈ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၇၈ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၇၈၄၉၄၉ ဦး (၈၅ ဒသမ ၆ ရာခိုင်နှုန်း) ရှိလာသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၂၄၅၉၃ ဦးရှိပြီး ယင်းတို့အနက် ၉၀၉ ဦးသည် အထူးကြပ်မတ် ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရပြီး ယင်းတို့အနက် ၄၄၅ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်–အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၄၁၂၆၆ ဦးရှိ

**ဆော်ပေါ်လို ဇူလိုင် ၁၈**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၈၆၈ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၄၁၂၆၆ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၃၃၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၉၃၄၂၄၄၈ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် တတိယအများဆုံးနိုင်ငံအဖြစ်ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရပြီး ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းလျှင် လူဦးရေ ၂၅၇ ဒသမ ၆ ဦး သေဆုံးနေရကြောင်း သိရသည်။ ထို့ပြင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ သန်း ၁၂၀ ရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၃ ဒသမ ၂ သန်းကျော် ရှိကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၇၂၁ ဦးထပ်မံတွေ့ရှိ

**ဂျကာတာ ဇူလိုင် ၁၈**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၇၂၁ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂၈၇၇၄၇၆ ဦးအထိ မြင့်တက်လာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ၁၀၉၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၇၃၅၈၂ ဦး ရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၂၆၄ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၂၂၆၁၆၅၈ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

လာမည့်ဘာသာရေးပွဲတော်အတွင်း ရောဂါကူးစက်မှုများ မြင့်တက်လာမည်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကိုင်တွယ်ဖြေရှင်းရေးအဖွဲ့က ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို ထပ်မံထုတ်ပြန်ခဲ့သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**






# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၀၁၈ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဇူလိုင် ၁၈**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၀၁၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၉၅၈၁၃၃ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၆၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၈၄၁၉ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၈၈၈၆ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၅၃၄၁၂၃၁ ဦးရှိလာသည်။

ကိုဗစ်–၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၃၅၇ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ မြို့တော်အတွင်း ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၄၆၃၁၃၅ ဦးရှိလာသည်။

လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း၌ ပြည်သူ ၁၅၉ သန်းကျော်အား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ လုပ်ဆောင်ပြီးဖြစ်သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၉၀၉၄၄၁၄၇ | ဦး |
| သေဆုံးသူ | ၄၁၀၁၉၀၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၇၃၉၅၅၈၅၆ | ဦး |

## မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သူများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၈**
အကြမ်းဖက် အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေရန်ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်းများအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် ရှာဖွေစုံစမ်းဖော်ထုတ်ခြင်းများ အပါအဝင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မကွေးမြို့နယ် ကံပြားကျေးရွာအုပ်စု ကန်လှကျေးရွာရှိ စစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် မသင်္ကာဖွယ်လူနှစ်ဦးဖြစ်သည့် ရဲမင်းသူ(ဘ) ဦးစိုးလွင်နှင့် ငြိမ်းမင်းဇော်(ဘ) ဦးအောင်အေးတို့အား ဇူလိုင် ၁၇ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ဖမ်းဆီးရမိခဲ့ပြီး လိုအပ်သည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရဲမင်းသူ၏ ဖော်ထုတ်ချက်အရ အကြမ်းဖက်သူများသည် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် ၆၅(ဘီ) လမ်း၊ ၁၀၅ လမ်းနှင့် ၁၀၆ လမ်းကြားရှိ နေအိမ်၌ ခိုအောင်းလှုပ်ရှားလျက်ရှိကြောင်း သိရှိရသဖြင့် ယနေ့ နံနက် ၁၁ နာရီခန့်တွင် သွားရောက် ရှာဖွေစစ်ဆေးခဲ့ရာ ယင်းနေအိမ်အတွင်းမှ အောင်ပိုင်(ဘ) ဦးထွန်းမောင်၊ သက်နိုင်ဝင်း(ဘ) ဦးစံ၊ ကျော်တင့်(ဘ) ဦးဖိုးတင့်၊ ကျော်သီဟ (ဘ) ဦးခင်မောင်လွင်နှင့် ဆန္ဒအောင်(ဘ) ဦးအောင်မျိုးထွန်းတို့ ငါးဦးကို အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ၄၀ မမ ဗုံးပစ်လောင်ချာ တစ်လက်၊ KA–25 မောင်းပြန်ရိုင်ဖယ် လေးလက်၊ လက်ပစ်ဗုံးရှစ်လုံး၊ ၄၀ မမ ဗုံးသီး ၁၅ လုံး၊ ကျည် ၄၈၄ တောင့်၊ KA–25 ကျည်အိမ် ၁၂ ခု၊ အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်တွေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကမ်းနားလမ်းတစ်လျှောက် အရက်ဝိုင်းဖွဲ့စားသောက်သူများအား ဖမ်းဆီးအရေးယူ

**စစ်တွေ ဇူလိုင် ၁၈**
စစ်တွေမြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကမ်းနားလမ်းတစ်လျှောက် အရက်ဝိုင်းဖွဲ့စားသောက်သူများအား ယနေ့ညနေပိုင်းတွင် ဖမ်းဆီးအရေးယူမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်စဉ် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့က ကမ်းနားလမ်းတစ်လျှောက် လိုက်လံစစ်ဆေးမှုများပြုလုပ်ခဲ့ရာ အရက်ဝိုင်းဖွဲ့စားသောက်နေသူ ၁၁ ဦးအား ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့သည်။ ဖမ်းဆီးခံရသူများကို မြန်မာနိုင်ငံရဲအက်ဥပဒေပုဒ်မ ၄၇ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်တွေခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

စစ်တွေမြို့အတွင်း ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးထိန်းချုပ်ရေးအတွက် လူအများဆုံးလာရောက်အပန်းဖြေနေရာဖြစ်သော စစ်တွေပွိုင့်ကမ်းခြေတွင် အားကစားလုပ်ခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်းများကို အတတ်နိုင်ဆုံးဟန့်တားနိုင်ရန်အတွက် စနေနှင့် တနင်္ဂနွေနေ့တို့တွင် ခေတ္တပိတ်ထားမည်ဖြစ်ပြီး အခြားနေ့တို့တွင်လည်း



ဝိုင်းဖွဲ့စားသောက်ခြင်းများ တွေ့ရှိပါက ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဇူလိုင် ၁၅ ရက်တွင် အသိပေးကြေညာထားပြီးဖြစ်ရာ ယနေ့တွင် ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၈**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**

## ယနေ့ညနေအထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ဖားကန့်မြို့နယ်၌ မြေစာပြိုကျပိမိ၍ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၁၈**
ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဇူလိုင် ၁၇ ရက်က မြေစာပြိုကျပိမိ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက ဆိုင်းရာရွာသစ်ကျေးရွာအနီး မနောကွင်းအနောက်ဘက် တစ်သုံးလုံးကျောက်မျက်တူးဖော်ရေးကုမ္ပဏီပိုင် လုပ်ကွက်ဟောင်းမြေစာပုံ၌ အမျိုးသားတစ်ဦး မြေစာပြိုကျပိမိသေဆုံးသွားကြောင်း သတင်းအရ လုံးခင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ လုံးခင်းကျေးရွာ ရပ်ကွက် (၅)နေ ဇော်လီမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် စိစစ်ရာ ၎င်းသည် နံနက် ၉ နာရီတွင် တစ်ဦးတည်း မြေစာပုံဟောင်းမျောချောင်းအတွင်း ရေမဆေးကျောက် ရှာဖွေနေစဉ် အမြင့်ပေ ၄၀ ခန့်မှ မြေစာများ ပြိုကျပိမိ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် လုံးခင်းနယ်မြေရဲစခန်း၌ သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## မင်းတုန်းမြို့နယ်၌ တူမီးသေနတ်ကိုင်ဆောင်သူအား အရေးယူ

**နေပြည်တော် ဇူလိုင် ၁၈**
မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ ဇူလိုင် ၁၆ ရက်က တူမီးသေနတ်တစ်လက်ကိုင်ဆောင်သွားလာသူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၆ ရက် ညနေ ၆ နာရီက မင်းတုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် အခြေခံပညာမူလတန်းကျောင်း (ငကုန်း) အနီး ရွာလယ်လမ်းထိပ်တွင် အင်းလည်ကုန်းကျေးရွာနေ ဇော်ဝင်းအား တူမီးသေနတ်တစ်လက်ကိုင်ဆောင်သွားလာနေသည်ကို တွေ့ရှိရသဖြင့် မင်းတုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၇-၂၀၂၁ တနင်္လာနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | ဂုဏ်တော်ပါဠိ ရတနသုတ်ပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၁၅ | အောက်မေ့အခါခါ အမှတ်တရများစွာတည်ရှိရာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)မှာ |
| ၀၇:၄၀ | (၇၄)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု |
| ၁၀:၃၇ | အာဇာနည်နေ့ဂါရဝအလေးပြု Countdown အစီအစဉ် |
| ၁၁:၁၀ | ဘဝနှင့်အနုပညာ |
| ၁၁:၃၅ | သမိုင်းဝင်သင်ခန်းစာများမှတစ်ဆင့် ဆန့်ကျင်ရှုတ်ချရမည့် အကြမ်းဖက်လူသတ်ဝါဒ |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သချာဘာသာရပ်' |
| ၁၇:၀၅ | This Week's Special Interest |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၂၅ | ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ |
| ၁၉:၂၀ | ၁၉ ဇူလိုင်နှင့် အကြမ်းဖက်လူသတ်ဝါဒ |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ |
| ၂၁:၂၅ | ဝသာန်ခါမီတေးသံသီ ဖျော်ဖြေမှုအစီအစဉ် |
| ၂၁:၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'အိမ်ထောင်ရေးပညတ်ချက်များ'** (အပိုင်း–၇) |

**mitv**

| | |
|---|---|
| 07:01 | News |
| 07:27 | Myanmar Sculpture-work of Art |
| 07:42 | A Day Tour On A Cart (Bagan Trip) |
| 07:54 | Myanmar Street Foods |
| 08:01 | Lessons Learnt from History |
| 08:09 | Goldsmith |
| 08:39 | Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar |
| 08:54 | Waso or the Buddhist Lent |
| 09:01 | Ecotourism: Tour to explore |
| 09:14 | Dawei - Tavoy, Travel To The Southern Part Of Myanmar |
| 09:33 | Sons of the Lake |
| 09:55 | Dances of Myanmar "Gaybar Kayin Traditional Dance" |
| 10:01 | Styles of Mro & Thet |
| 10:36 | Bogyoke Aung San Museum (Yangon) |

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ကချင်ရိုးရာစကောထမင်း

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ(အပိုင်း–၂)

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ပျောက်ချေးခါးဟင်းချက်နည်း

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရှန်းကန်လှုပ်ရှားသူတို့ဘဝများ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဖားစည်မြေမှုရောင်စုံအလှ(အပိုင်း–၃)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဆန်းပြားလှသည့် ချင်းရိုးရာနှာခေါင်းပုလွေ

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
သွားဝါခြင်းအကြောင်းသိကောင်းစရာ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း–၃)

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း–၂)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း–၂)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း–၂)

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၁) |
| ၁၁:၀၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ပမှန်သတင်းပေးခြင်း'** |
| ၁၁:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၂) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews







ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြားကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။




လူတိုင်း ကိုယ့်တာဝန်ကိုယ်ယူပါ၊ ရှောင်ကြဉ်ရန် အချက် (၃) ချက်ကို လိုက်နာပါ။ မိမိကိုယ်တိုင်နဲ့ အခြားသူတွေကိုပါ COVID-19 မှ ကင်းဝေးအောင် နေထိုင်ပြုမူပါ။

(၁) လူအစုအဝေးကို ရှောင်ရှားပါ။

(၂) လူအများနဲ့အနီးကပ်ပြောဆိုဆက်ဆံတာကို ရှောင်ရှားပါ။

(၃) လူအများအပြားရှိတဲ့ အလုံပိတ်နေရာတွေနဲ့ လေဝင်လေထွက်ကောင်းစွာမရတဲ့နေရာတွေကို သွားရောက်တာ ရှောင်ရှားပါ။

ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်လို့ရတဲ့ အရာမဟုတ်ပါဘူး။ အားလုံးညီတူ ဆောင်ရွက်မှသာ အောင်မြင်မှာ ဖြစ်ပါတယ်။ COVID ကို အတူတကွတိုက်ထုတ်ကြပါစို့။




မိမိကိုယ်တိုင်က ရောဂါပိုးဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်။

ရောဂါပိုးဖြန့်ဖြူးမိတဲ့သူမဖြစ်ပါစေနဲ့။ စည်းကမ်းတွေကို လိုက်နာတာက သင်ကိုယ်တိုင်အပြင် အခြားသူများကိုလည်း ရောဂါကူးစက်မယ့် အန္တရာယ်ကနေ ကာကွယ်ပြီးသားဖြစ်မှာပါ။ သင့်မှာ COVID-19 ရောဂါလက္ခဏာတွေ ရှိနေတယ်ဆိုရင် အခြားသူတွေ မကူးစက်အောင် အိမ်မှာပဲ တတ်နိုင်သမျှနေပါ။ ကိုဗစ်ကို အတူတိုက်ထုတ်ကြပါစို့။

# အိုဘယ့်မိခင် စာပေဂီတပညာရှင် ဆရာမကြီးစောမုံညင်း

ရှင်စောဖြူ(စာပေဗိမာန်)

**ယမန်နေ့မှအဆက်**

**မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှုနှင့် ဆိုကရေးတီး၏ ခြေလှမ်းများ**

နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်မှာ ယဉ်ကျေးမှုပင် ဖြစ်သည်။ သစ်ပင်ကြီးများ၏ ရေသောက်မြစ်နှင့် တူသည်ဟုလည်း တင်စားသင့်သည်။ မည်မျှပင် အားခွန်ဗလရှိစေကာမူ နှလုံးသည်းပွတ် ချွတ်ယွင်းသွားပါက အသက်ရှင်တော့မည် မဟုတ်ပေ။ ရေသောက်မြစ် ပြတ်သွားပါကလည်း အပင်ကြီး ဗိုင်းဗိုင်းလဲတော့မည်မှာ သေချာသည်။ မြေပေါ် မြေအောက်သယံဇာတပစ္စည်းများ အဆမတန်ကြွယ်ဝသောနိုင်ငံ ဖြစ်လင့်ကစား မိမိတို့စောင့်ရှောက်အပ်သော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ကွယ်ပျောက်သွားခဲ့လျှင် လူမျိုးပါတိမ်ကောသွားဖွယ်ရာ ရှိပေသည်။ ထို့ကြောင့် နှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားတိုင်း ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရမည်ဟူ၍ ခံယူထားသော ဆရာမကြီးက "မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု" စာအုပ်တွင် တိမ်မြုပ်လုနီးဖြစ်နေသော ယဉ်ကျေးမှုအထောက်အထားများ၊ မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားခဲ့ပုံများကို ရှာဖွေဖော်ထုတ်ရုံမကဘဲ မှတ်တမ်းမှတ်ရာများပါ ကျန်ရစ်ရလေအောင် ကြိုးပမ်းအားထုတ်ထားသည်ကို ဖတ်မှတ်သိရပြီးနောက် အံ့ဩမှင်တက်မိပါသည်။

ရှေးဟောင်းယဉ်ကျေးမှု အခြေခိုင်ခဲ့ခဲ့သော တိုင်းပြည်တစ်ပြည်ဖြစ်ခဲ့သည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ် ဆက်စပ်မှုများရှိလင့်ကစား ကိုယ်ပိုင်အနုပညာ၊ စာပေနှင့် ယဉ်ကျေးမှုတို့တွင် မြန်မာ့စရိုက်၊ မြန်မာ့ဟန်ဖြင့်သာ အများဆုံး ရပ်တည်လာခဲ့ပုံများကို တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊ အမရပူရခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးခေတ် စသည်ဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုများကို အသေးစိတ်ခြယ်မှုန်းထားလေသည်။ ဤသို့အားဖြင့် အမျိုးသမီးများ၏ ဂုဏ်ရည်မှာ မြင့်မားနက်ရှိုင်းလာစရာရှိပါသည်။ မိမိတို့၏ အမျိုးအနွယ်ကို စောင့်ထိန်း၍ မြန်မာ့ယဉ်ကျေးမှုကို မထိပါးရအောင် ဝိုင်းဝန်းကာကွယ်ပေးကြလိမ့်မည်ဟုလည်း မျှော်မှန်းရပါသည်။

"ကလေးငယ်တစ်ယောက်သည် လမ်းမလျှောက်တတ်မီ မိဘက လက်နှစ်ဖက်ကိုကိုင်ပြီး လမ်းလျှောက်သင်ပေးရသည်။ နောက်မှ တဖြည်းဖြည်းလက်လွှတ်လိုက်ပြီး ခပ်ယိုင်ယိုင်လျှောက်ရင်းနှင့် သန်မာလာခဲ့သည့်နည်းတူ မြန်မာ့ရိုးရာယဉ်ကျေးမှုကို လူငယ်များ ခံ့မင်တွယ်တာမြတ်နိုး





စိတ် ပေါ်ပေါက်လာစေရန် နိုင်ငံတော်က အရင်းအနှီးများစွာနှင့် ဆိုကရေးတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစ၍ ကျင်းပပေးခဲ့ပါသည်။ ဂီတသည် လူတို့၏စိတ်ကို နူးညံ့သိမ်မွေ့စေသည်။ ယဉ်ကျေးစေသည်။ မြန်မာတို့၏ဂီတသည် သာယာငြိမ့်ညောင်း၍ ကြမ်းတမ်းသောစိတ်ကို ယဉ်ကျေးစေသည်။ သားငယ်သည် မိခင်၏ ချော့မြူသောတေးကြောင့် ကြည်နူးပျော်ပိုက်စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်းပင် ဖြစ်ပါသည်။

ခေတ်စနစ်ပြောင်းလဲမှုအရ မိမိတို့၏ရိုးရာဓလေ့ထုံးစံ အဆို၊ အတီး၊ အကများအပေါ် အထင်အမြင်သေးပြီး တိုင်းတစ်ပါး ယဉ်ကျေးမှုများကိုသာ ခံ့မင်တွယ်တာနေကြခြင်းကို ကာကွယ်ပေးရန်..." ဟူ၍ စောမုံညင်း၏ စောမုံညင်းတွင် ဆရာမကြီးက အထက်ပါအတိုင်း ရေးသားကာ လူငယ်များ အရိုးပေါ်အရွက်မဖုံးရလေအောင် ကရုဏာဒေါသောလေးနှင့် သတိပေးထားပြန်ပါသည်။

**ဆေးစက်ကျရာ အရုပ်ထင်လေသူ**

ဆရာမကြီးသည် စာပေသမားစစ်စစ်အပြင် လူမှုရေးသမား တစ်ဝက်လည်း ဖြစ်သည်။ စာပေချစ်စိတ်ပြင်းထန်ပြီး မြန်မာစာပေအပေါ် သံယောဇဉ်ကြီးသူ၊ သစ္စာကြီးသူလည်း ဖြစ်သည်။ ဆရာကြီးဦးသုခ၊ ဆရာကြီးမြတ်ထန်နှင့် ဆရာကြီး သိပ္ပံမှူးတင်တို့မှာ ဆရာမကြီးနှင့် စာပေဟောပြောဖက်များ ဖြစ်သည်ဟု ဆို၍ရသည်။ ဆရာကြီး ဒဂုန်ဦးစန်းငွေ၊ ဆရာကြီးလယ်တီဦးလှပိုင်၊ ဆရာကြီးသော်တာဆွေ၊ ဆရာကြီးပါရဂူ၊ ဆရာကြီးထီလာစစ်သူ၊ ဆရာမကြီး ခင်နှင်းယု၊ ဆရာမကြီး ခင်ဆွေဦး၊ ဆရာကြီး ဗိုလ်




ကလေးတင့်အောင်၊ ဆရာကြီး ဂီတလုလင်ဦးကိုကို၊ ဆရာချစ်ဦးညို၊ ဆရာ စန္ဒရားလှထွတ် စသည့် ပုဂ္ဂိုလ်များနှင့်လည်း စာပေဂီတ ဗဟုသုတများကို မမောနိုင်မပန်းနိုင် အကြိမ်များစွာ အတူတကွ ဟောပြောခဲ့လေသည်။ ပရိသတ်အတွက် အကျိုးရှိမည်ဆိုပါက အချိန်မရွေး၊ နေရာမရွေး စာပေတာဝန်ကျေပွန်ခဲ့သူဖြစ်သည်။ အလယ်တောရ မော်လမြိုင်စာသင်တိုက်ရှိ သီလရှင်လေးများကို အင်္ဂလိပ်ဘာသာ၊ သဒ္ဒါနှင့် ရှေးဦးသူနာပြုစုနည်းများကို ဆရာမကြီး ဒေါ်စောရင် (ဆရာ ဇော်ဂျီ၏ဇနီး)၊ ဒေါ်ခင်ဘုန်းကြည်တို့နှင့်အတူ တစ်ပတ်နှစ်ကြိမ် သွားရောက်သင်ကြားပေးခဲ့သည်။

ခန်းမကြီးတွင် ဟောရသည်။ လမ်းဘေးပီပါပုံးများပေါ်တွင် ကျူဖျာခင်းထားသည့် စင်ပေါ်၌လည်း ဟောခဲ့ဖူးသည်။ ကားလမ်းဘေးနေရာမျိုးတွင် ဟောရသည့်အခါ စပယ်ယာများ၏ "အာလူး" ဟု ဩဘာပေးခြင်းကိုလည်း ခံခဲ့ရသည်။ ပြဇာတ်များတွင်လည်း ကိုယ်တိုင်ကပြ အသုံးတော်ခံခဲ့သလို ဟောရပြောရမည်ဆိုလျှင် အစဉ်ရွှင်လန်းတက်ကြွနေသည်။ ဝီရိယကောင်းနေတော့သည်။ တစ်ခါက ဟောပြောပွဲသွားရန် လာကြိုမည့်ကားကို စောင့်နေစဉ် ကားတစ်စီး ထိုးရပ်လာသည်နှင့် တက်လိုက်သွားရာမှ အခြားတစ်နေရာသို့ ရောက်ခဲ့ရရှာသည်။ ဆရာကြီးမြတ်ထန်က "ကားနဲ့လာခေါ်တိုင်း မမေးမမြန်းဘဲ လိုက်သွားရသလား၊ နောင်ကို ခေါ်တိုင်း မလိုက်နှင့်၊ မကြီးမငယ်နှင့်" ဟူ၍ သတိပေးရသည် အထိပင်။

ဆိုကရေးတီးမှာလည်း တွေ့ရသည်။ မြဝတီအငြိမ့်တွင်လည်း ညစဉ်လိုလို၊ နေရာတကာ ဖျောက်ဆိပ်ကြယ်ဖြစ်နေသော ဆရာမကြီးကို အချို့က ကရုဏာစိတ်နှင့်လား၊ ခပ်ချဉ်ချဉ်ဖြစ်၍လား မသိ "မပင်ပန်းဘူးလား" ဟုပင် မေးယူရသည်အထိ ဆရာမကြီးက ဘက်စုံတာဝန်ကျေခဲ့သူဖြစ်သည်။ မည်သို့သော စိတ်ထားမျိုးနှင့် ဤမျှနေရာတကာတွင် အပင်ပန်းခံ ဟောပြောရေးဖွဲ့ တင်ဆက်နိုင်ပါသနည်း။ မည်သို့သော စေ့ဆော်မှုက ရှိနှင့်လေသနည်း။

မိခင်တစ်ယောက်သည် မိမိ၏ဝမ်းကြာတိုက်၌ ဖြစ်တည်လာသော သန္ဓေသားကို မမွေးဖွားမီ ဂရုစိုက်ယုယ ပုံဖော်မှန်းဆ ချစ်ခင်ရသကဲ့သို့ မွေးစဉ်အခါမှာလည်း အသက်ကိုပင်မငဲ့ဘဲ သေမင်းနှင့် စစ်ခင်းကာ အားစိုက်ရုန်းကန် မွေးဖွားရလေသည်။ မည်မျှပင် နွမ်းလျစေကာမူ ရင်သွေးငယ်၏ မျက်နှာကို မြင်ရသည်နှင့် မိခင်၏စိတ်နှလုံးမှာ ပီတိအဟုန်ဖြင့် လွှမ်းခြုံသွားလေတော့သည်။ ဤနည်းနှင်နှင်ပင် စာပေဂီတအနုပညာရှင်များသည်လည်း မိမိရင်မှ ဖွဲ့တည်လာသော စေတနာအဟုန်ဇောနှင့် စာကောင်းပေမွန် အနုပညာများကို အပင်ပန်းခံ ဖန်တီးရေးဖွဲ့ သီကုံးအန်ထုတ်ခဲ့ကြလေသည်။ လူအများအတွက် အကျိုးရှိတန်သလောက် ရှိသွားကြလျှင်ပင် သူတို့ခမျာ ပန်းသမျှပြေကြရသည်။ နွမ်းသမျှ လန်းကြရလေသည်။

ဤသို့လျှင် ဆရာမကြီးဒေါ်စောမုံညင်းသည်လည်း စာပေဂီတအနုပညာများကို မွေးဖွားပေးခဲ့သူ ဂန္ထဝင်စာပေမိခင်ကြီးပင် ဖြစ်ပေတော့သည်။

**ဆရာမကြီး၏ ဘဝအကြောင်း တစေ့တစောင်း**

၁၉၅၆ ခုနှစ်တွင် အင်ဒီပင်းဒင့် ဒေါ်စန်းကွယ်လွန်သည့် သုံးနှစ်မြောက်ကဗျာပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆု ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် "ရှေ့ဆောင်လူငယ် သောက်ရှူးကြယ်" စာအုပ်ဖြင့် အမျိုးသားစာပေဆု (ကလေးလူငယ်) တတိယဆု ရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ချီးမြှင့်သော ယဉ်ကျေးမှုစာပေ ဒုတိယဆုကို "မြန်မာမှုစုံ ပန်းရဂုံ" စာအုပ်ဖြင့် ရရှိသည်။ မြတ်နိုးစရာ မြန်မာ့ရိုးရာများ၊ နော်ဇာရွှေကုံးနှင့် ပုလဲသွယ်များ၊ မြန်မာ့ဇာတ်သဘင် တစ်ခေတ်ပြောင်းလဲရေး၊ ကရင်ပြည်နယ်ဓာတ်ပုံမှတ်တမ်း၊ မြန်မာအမျိုးသမီး၊ ကင်းထောက်အမျိုးသမီး လက်စွဲနှင့် မီးပုံပွဲသီချင်းများ၊ ကင်းထောက်အစည်းအရုံး ဘာသာပြန်စာအုပ်များစသည့် စာအုပ်များအပါအဝင် ရိုးရာဓလေ့ထုံးစံ၊ တေးဂီတဆိုင်ရာ အနုပညာဆောင်းပါးများနှင့် ယဉ်ကျေးမှုရေးရာ ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် "မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု" စာအုပ်ဖြင့် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ) ရရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ်ခန့်က အင်းလေးခေါင်တိုင် လူငယ်စခန်း၌ သပြေတေး၏ဖခင်ကြီး မှူးသပြေနှင့်တွေ့ဆုံစဉ် သပြေတေးမဂ္ဂဇင်းတွင် မဟာဂီတကဏ္ဍကို ရေးသားရန် တိုက်တွန်းခံရသဖြင့် ရေးသားခဲ့ရာ ပထမဆုံးခေါင်းစဉ်မှာ "ဥက္ကလာပတိဂုံဘွဲ့" ဖြစ်သည်။ ပတ္တလားဆရာ ဆရာမောင်၊ စန္ဒရားဆရာ ဒေါ်စောမြကြည်၊ အကဆရာ ဒေါ်ဗလပြန်၊ စောင်းဆရာ ပြည်ဦးမောင်ကလေးနှင့် မဟာဂီတ ဆရာစိုး (ဘာဂျာ) တို့မှာ ဆရာမကြီး၏ ဂီတမိခင် ဖခင် ဆရာကြီးများ ဖြစ်ကြသည်။ မဟာဂီတ သီချင်းကြီးများကို ၁၄ နှစ်တိုင်သင်ယူခဲ့ပြီး ကိုယ်တိုင်သီဆိုအသံလွှင့်ခဲ့သည့်အပြင် ၁၉၈၈ ခုနှစ်မှစ၍ မြန်မာ့အသံ ယဉ်ကျေးမှုရေးရာအဖြာဖြာ အခန်းကဏ္ဍတွင် တစ်လနှစ်ကြိမ် အသံလွှင့်ခဲ့သည်။

ဆရာမကြီးသည် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့တွင် အကြံပေးပုဂ္ဂိုလ်၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ နာယက၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုကော်မတီဝင်၊ အမျိုးသမီးအကျဉ်းထောင်ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်၊ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဝင်၊ ရုပ်ရှင်အကယ်ဒမီ ဘုတ်အဖွဲ့ဝင်၊ မဟာဂီတ သီချင်းကြီး စိစစ်ရေးအဖွဲ့ အဖွဲ့ဝင်၊ ယဉ်ကျေးမှုတက္ကသိုလ် ဇာတ်သဘင်အကြံပေး၊ ဆိုကရေးတီး ပြိုင်ပွဲကြီး၏ ဦးစီးအဖွဲ့ဝင် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

စာမျက်နှာ ၁၇ သို့ ☆

**ခေတ်စနစ်ပြောင်းလဲမှုအရ မိမိတို့၏ရိုးရာဓလေ့ထုံးစံ အဆို၊ အတီး၊ အကများအပေါ် အထင်အမြင်သေးပြီး တိုင်းတစ်ပါးယဉ်ကျေးမှုများကိုသာ ခံ့မင်တွယ်တာနေကြခြင်းကို ကာကွယ်ပေးရန်ဟူ၍ စောမုံညင်း၏ စောမုံညင်းတွင် ဆရာမကြီးက အထက်ပါအတိုင်း ရေးသားကာ လူငယ်များ အရိုးပေါ်အရွက်မဖုံးရလေအောင် ကရုဏာဒေါသောလေးနှင့် သတိပေး ထားပြန်။**

# ပြည်သူ့ဆေးရုံတွေ၊ ကိုဗစ်စင်တာတွေမှာရှိတဲ့ ပြည်သူလူထုဝန်ဆောင်မှု လုပ်ငန်းတွေအားလုံးကို တစ်ဖက်တစ်လမ်းကနေ ပြည်သူလူထုအတွက်၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေဖို့ ကျွန်တော်တို့ ကူညီဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကိုဗစ် –၁၉ လူနာများအတွက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူနာများ အောက်ဆီဂျင် မပြတ်လပ်စေရန် အထူးလိုအပ်ပါသည်။ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဖြူးလှူဒါန်းနေမှုများနှင့်ပတ်သက်၍ ဦးကျော်မျိုးအောင် မန်နေဂျာ ( ရွှေဗျိုင်းဖြူကုမ္ပဏီ )နှင့် တွေ့ဆုံမေးမြန်းထားပါသည်။

**ဦးကျော်မျိုးအောင်**
**မန်နေဂျာ (ရွှေဗျိုင်းဖြူကုမ္ပဏီ )**

ဒီနေ့ကျွန်တော်တို့ ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်ကနေပြီးတော့ အများပြည်သူအတွက် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ပြည်သူလူထုအတွက် ကျန်းမာရေးဝန်ဆောင်မှုအနေနဲ့ တစ်ဖက်တစ်လမ်းက လိုအပ်တဲ့ အောက်ဆီဂျင်ကို ပေးဝေလှူဒါန်းခြင်းဖြစ်ပါတယ်။

ပေးဝေလှူဒါန်းတာက ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်နဲ့အတူ အလှူရှင်များစွာ လှူဒါန်းတဲ့အလှူလည်းဖြစ်ပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်–၁၉ ရောဂါ အခြေအနေကြောင့် လိုအပ်တဲ့ အောက်ဆီဂျင်ကို ပထမအကြိမ် ကနဦးအလှူရှင် ခုနစ်ဦးကနေပြီးတော့မှ စုစုပေါင်း အလုံးရေ ၂၆ လုံးကို လှူဒါန်းပြီးတဲ့ နောက်မှာ နောက်ထပ်လည်း ဒီလိုပဲ အလှူရှင်တွေ ထပ်ထပ်တိုးလာတဲ့အခါမှာ အလှူရှင် အားလုံးဟာ ၂၄ ဦးရှိပြီးတော့ ဒုတိယအကြိမ် အခုလ ၁၅ ရက်နေ့မှာပဲ နောက်ထပ် ၄၄ လုံး စုစုပေါင်း အလုံး ၇၀ ရှိတဲ့ အောက်ဆီဂျင်ပမာဏကို ထိုင်းနိုင်ငံနဲ့ ကျွန်တော်တို့ သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။



ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ကနဦးအနေနဲ့ ကျွန်တော်တို့ ကုမ္ပဏီဘက်ကနေပြီးတော့ မန္တလာမင်းနဲ့အတူ ပူးပေါင်းဆောင်ရွက်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်ကနေ မှာယူရရှိပြီး ဖြစ်ပါတယ်။ နောက်ထပ်နောက်ထပ်လည်း လှူဒါန်းမှုအတွက် အလှူရှင်အများကြီးရှိသလို မြန်မာနိုင်ငံရဲ့ လိုအပ်တဲ့ တိုင်းဒေသကြီးတွေဖြစ်တဲ့ အထူးအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ လိုအပ်တဲ့ တိုင်းဒေသကြီးတို့မှာလည်း ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်ပေးဖို့ ရှိပါတယ်။

အလှူရှင်တွေရဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူ့ဆေးရုံတွေ၊ ကိုဗစ်စင်တာတွေမှာရှိတဲ့ ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းတွေအားလုံးကို တစ်ဖက်တစ်လမ်းကနေ ပြည်သူလူထုအတွက် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေဖို့အတွက် ကျွန်တော်တို့ ကူညီဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျွန်တော်မှာယူတဲ့ ထိုင်းနိုင်ငံက အောက်ဆီဂျင်အနေနဲ့ကတော့ Medical Industrial Liquid Oxygen အမျိုးအစားဖြစ်ပါတယ်။ ဒီနေ့မှာတော့ Unity Oxygen Plus ကနေတစ်ဆင့် ပြည်သူလူထုလိုအပ်တာတွေကို ပေးလှူခြင်းဖြစ်ပါတယ်။ ဒီကနေတစ်ဆင့် ကိုဗစ်စင်တာတွေ၊ ဆေးရုံတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ တခြားသောဝန်ဆောင်မှုတွေ လုပ်နေတဲ့ သူတွေလက်ထဲကို တတ်နိုင်သမျှ လက်ထဲရောက်အောင် ဖြန့်ဖြူးဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

ဦးစားပေးအနေနဲ့ကတော့ ကိုဗစ်စင်တာတွေ၊ ဆေးရုံတွေ၊ ကျန်းမာရေးအသင်းအဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေကို ဦးစားပေးဆောင်ရွက်ပေးပါတယ်။ ပြည်သူလူထုကို ကိုဗစ်ရောဂါ စည်းကမ်းချက်များနှင့်အညီ ရောဂါပြန့်ပွားမှုမဖြစ်အောင် Token စနစ်နဲ့ ၁၀ လုံးဆို ၁၀ လုံး ပမာဏကိုသွင်းကာ ဖြည့်သွင်းခြင်းများလုပ်ပြီး သူတို့ကို ပြန်ပေးဝေခြင်းလုပ်ပါတယ်။ အခြားသော အလှူရှင်တွေရဲ့ မွန်မြတ်တဲ့အလှူဒါနဇီဝိတဒါနတွေမှာ ပင်ပန်းတယ်လို့မရှိဘဲနဲ့ လုပ်ဆောင်ပေးရတာကို ကျွန်တော့်အနေနဲ့ ပြည်သူလူထုနဲ့အတူ ထပ်တူဝမ်းသာပီတိဖြစ်ရပါတယ်။

**သတင်းစဉ်**

## အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်က အမ်းမြို့နယ်ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်များ ပေးအပ်လှူဒါန်း

**အမ်း ဇူလိုင် ၁၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ၄၇ လုံး၊ နွားနို့၊ ကြက်ဥ၊ ဘီစကွတ်မုန့်တို့ကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

ထိုသို့လှူဒါန်းရာတွင် ယခုအချိန်၌ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုမြင့်တက်နေသဖြင့် ပြည်သူလူထုအတွက် အထောက်အကူပစ္စည်းဖြစ်သည့် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ၄၇ လုံးနှင့်အတူ အာဟာရပြည့်ဖြစ်စေမည့် နွားနို့၊ ကြက်ဥ၊ ဘီစကွတ်မုန့်များကို အမ်းမြို့နယ်အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**စိုးမင်းထွန်း(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၆ မှ

နိုင်ငံခြားခရီးစဉ်များအဖြစ် လန်ဒန်၊ ဆွစ်ဇာလန်၊ ဟော်လန်၊ ပြင်သစ်၊ ဂျပန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှစာပေဆု (S.E.A WRITE AWARD) ကို ရရှိခဲ့သည်။ ယင်းအရှေ့တောင်အာရှစာပေဆုကို ထိုင်းနိုင်ငံက ကမကထကျင်းပပြုလုပ်ရာ နှစ်စဉ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အိုရီယင်တယ်လ်ဟိုတယ်တွင် ကျင်းပလေ့ရှိသည်။ သို့သော် ထိုင်းနိုင်ငံ ကလောင်ရှင်များအသင်း၊ စာရေးဆရာများ၊ ပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တွေ့ဆုံပွဲကိုမူ ထိုင်းနိုင်ငံ အမျိုးသားစာကြည့်တိုက်ကြီးက စာကြည့်တိုက်၏ခန်းမကြီးတွင် ဦးဆောင်ကျင်းပပေးပါသည်။ ထိုပွဲတွင် အရှေ့တောင်အာရှ ၁၀ နိုင်ငံမှ ဆုရပုဂ္ဂိုလ်များအားလုံး တက်ရောက်ပြီး ဆုရစာရေးဆရာများကို ပွင့်လင်းစွာ ဆွေးနွေးမေးမြန်းကြသည်။ ဤကား နှစ်စဉ်ကျင်းပပြုလုပ်နေကျ အလေ့အထပင်။

ဆရာမကြီး၏ အလှည့်တွင်မူ ဤသို့မဟုတ်။ တစ်မူထူးခြားသည်။ ဆရာမကြီးကိုယ်တိုင်က အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာပြောနိုင်သည်ဖြစ်ရာ မေးသမျှမေးခွန်းများကို ဟာသစွက်၍ ဖြေကြားပေးနေရာ ခန်းမကြီးတစ်ခုလုံး ရယ်မောသံများ လွှမ်းနေခဲ့သည်။ ဤပရိသတ်ထဲမှ အမျိုးသမီးတစ်ဦးက ထူးခြားသောမေးခွန်းကို အင်္ဂလိပ်ဘာသာဖြင့် မေးပါသည်။ "ဆရာမကြီးသည် မဟာဂီတသီချင်းကြီးများကို ကိုယ်တိုင်သီဆို အသံလွှင့်ခဲ့သည်ဟု ကြားဖူးပါကြောင်း၊ ထို့ကြောင့် ယခုလိုဆုံခိုက်တွင် အမှတ်တရရှိစေရန် သီချင်းကြီးတစ်ပုဒ်ဖြင့် သီဆိုဖျော်ဖြေပေးစေလိုပါကြောင်း" တောင်းဆိုလိုက်လေသည်။

မေးမြန်းသူမှာ တက္ကသိုလ်မှ ဆရာမတစ်ဦးဖြစ်ကြောင်း သိရသည်။ ဆရာမကြီးသည် မည်သို့မျှ တုံ့ဆိုင်းခြင်းမရှိဘဲ 'မြမန်းဂီရိ' ယိုးဒယားသီချင်းကို အစမှအဆုံး (ဆိုင်းမပါသော်လည်း) သာယာနာပျော်ဖွယ် ဆိုပြပေးလိုက်ပါသည်။ ထိုစဉ်က ဆရာမကြီး၏အသက်မှာ ၈၁ နှစ်ထဲ ရောက်နေပါပြီ။ သို့သော် အသံမှာကောင်းနေဆဲပင်။ သီချင်းဆုံးသွားသည်နှင့် ခန်းမတစ်ခုလုံး လက်ခုပ်သံက ပို၍မြိုင်သွားသည်။ ဆုရပုဂ္ဂိုလ်များအပါအဝင် ပရိသတ်များစွာက ဆရာမကြီးကို လာရောက်ပွေ့ဖက်နှုတ်ဆက်ကြသည်မှာ အထူးခြားဆုံးဖြစ်ခဲ့ရသည်။ ဤအကြောင်းကို ဆရာမကြီးနှင့်အတူ လိုက်ပါသွားခဲ့သည့် စာရေးဆရာ မောင်ဆွေငယ်က ပြန်လည်ပြောပြခဲ့သည်။

၂၀၀၁ ခုနှစ်တွင် နတ်ရေကန်ရွှေစောင်းဆုနှင့် ရွှေစောင်းရင်ထိုး၊ ၂၀၀၂ ခုနှစ်အတွက် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)၊ ၂၀၀၄ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုနှင့် ၂၀၀၅ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် "စောမုံညင်း၏ စောမုံညင်း" စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆု ရရှိခဲ့သည်။

အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးတတ်အောင်၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို သိနားလည်လာအောင်နှင့် တန်ဖိုးထားတတ်လာအောင် လမ်းပြပေးခဲ့သူ၊ သမိုင်းတာဝန်ကျေသူ ဆရာမကြီးသည် စာပေတာဝန်များကို ထမ်းဆောင်ရင်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် အမှတ် ၃၁၈၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ် နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။

ဆရာမကြီးကို လေးစားချစ်ခင်သူ ကဗျာဆရာကြီး ကြည်အောင် (ကေတုမတီ) ခေါ် ဗိုလ်ချုပ်ကြည်အောင်က ဆရာမကြီး ကွယ်လွန်သည့်နှစ်တွင် ကဗျာတစ်ပုဒ်ဖြင့် "နိုင်ငံ့ဂုဏ်ရည်" မဂ္ဂဇင်းတွင် ဂုဏ်ပြုဖွဲ့ဆိုခဲ့လေသည်။



ဆရာမကြီးစောမုံညင်း တည်းခိုခဲ့သည့် ပေကျင်းဟိုတယ်ရှေ့အမှတ်တရ။

**စာရေးဆရာမကြီး**
**ဒေါ်စောမုံညင်း (ဒေါ်ရင်ရင်) သို့ ဂုဏ်ပြုကဗျာ**

❖ စာပေနယ်တွင်၊ ကြယ်စင်တစ်ပွင့်
စွင့်စွင့်ငွါးငွါး၊ ကြွားရရွှားတည့်
မှတ်သားစံပြု၊ စာမှုစာရေး
စာတွေးစာဟော၊ စာပြောစာလုပ်
လွှန်အားထုတ်ခဲ့၊ တစ်ပုဒ်ပြီးတစ်ပုဒ်
သူရေးထုတ်ခဲ့
နောက်ဆုတ်တယ်လို့မရှိဘူး။

❖ ကလောင်လက်ရဲ့၊ စွဲမြဲစိတ်သန်
အားမာန်မချ၊ လုံ့လမဏ္ဍိုင်
ခေတ်နှင့်ပြိုင်၍၊ မယိုင်မတိမ်း
လမ်းကြောင်းထိန်းလျက်၊
မိန်းမကောင်းစွမ်းအားရှင်
ဒေါ်ရင်ရင်တဲ့၊ မြန်တစ်ခွင်ကျော်ကြား
ကလောင်သွားထက်တဲ့သူ။

❖ တစ်ချိန်ကဆို၊ နုပျိုစဉ်အရွယ်
စာပေနယ်တစ်ကြော၊ ဟောပြောရေးထုတ်
သူ့အလုပ်ချည်း၊ မငြီးမငွေ့
စာဓလေ့မှာ၊ စာပေ့တာဝန်
ကျေပွန်ခဲ့သူ၊ ဇမ္ဗူထွန်းတောက်
ခရီးလည်းပေါက်ပါ၏။

❖ အမျိုးသမီးအရေး၊ မိန်းကလေးတို့
ယဉ်ကျေးလိမ္မာ၊ မြန်မာပီသဖို့
ခဏခဏ၊ တဖွဖွသတိပေး
ရေးလည်းရေး ပြောလည်းပြော၊ မမောနိုင်
မပန်းနိုင်
ကလောင်ကိုင် လက်မချ၊ အာဂ ရပ်ကြီးသူ
ဂုဏ်ယူမဆုံး၊ နိဂုံးမရှိ
ကျွန်ုပ်၏ကုသလ၊ အမျှ ...အမျှ...အမျှ
ရပါစေသော်၊ ဒေါ်စောမုံညင်း ရစေသော်။ ။

**စာကိုး**


၁။ ကြည်အောင် (ကေတုမတီ) ၏ နိုင်ငံ့ဂုဏ်ရည် ကဗျာများ
၂။ ၂၀၁၂ ခုနှစ်ထုတ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်
၃။ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀ (အတ္ထုပ္ပတ္တိအကျဉ်း)
၄။ ဆရာမကြီးစောမုံညင်းရေးသားခဲ့သော စာအုပ်များ
၅။ ဒဂုန်ရွှေမျှား၏ မြန်မာနိုင်ငံစာပေဆုများ
၆။ မြန်မာ့အလင်းသတင်းစာ (၆–၆–၂၀၂၁)

# သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးတို့က ပေါင်းစပ်ဆောင်ရွက်ရသလို ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါမှသာ ဒီရောဂါဆိုးကြီးကို အမြန်တိုက်ထုတ်နိုင်မှာ ဖြစ်ပါတယ်

ရခိုင်ပြည်နယ် သံတွဲခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းထွန်းအား ဇူလိုင် ၁၄ ရက်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြအပ်ပါသည်-

**မေး။** ကိုဗစ်-၁၉ ရောဂါ သံသယလူနာတွေကို ရောဂါရှိ/မရှိ ဘယ်လို စစ်ဆေးပေးနေပါသလဲ။

**ဖြေ။** ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ WHO က အသိအမှတ်ပြုထားတဲ့ Rapid Diagnostic Test (RDT Test Kit) တွေနဲ့ စစ်ဆေးပေးနေပါတယ်။

**မေး။** ပြည်သူတွေအနေနဲ့ ရောဂါလက္ခဏာတွေ့ရှိရင် ဘယ်လို ဆက်သွယ်ဆောင်ရွက်ရပါမလဲ။

**ဖြေ။** ပြည်သူတွေအနေနဲ့ ရောဂါလက္ခဏာတွေရှိလာရင် ကျွန်တော်တို့သံတွဲမှာရှိတဲ့ ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန အစရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးတဲ့ နေရာတိုင်းကို ဆက်သွယ်ဆောင်ရွက်လို့ ရပါတယ်။ ကျန်းမာရေးဝန်ထမ်းအားလုံးက ကူညီဆောင်ရွက်ဖို့ အသင့်ရှိပါတယ်။ အိမ်မှာပဲ ကျိတ်ကုသမနေဘဲ ထိရောက်တဲ့ ကုသမှုကို ခံယူစေချင်ပါတယ်။

**မေး။** ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိရပြီဆိုရင် ဘယ်လိုဆောင်ရွက်ပေးပါသလဲ။

**ဖြေ။** တွေ့ရှိတဲ့နေရာဒေသပေါ်မှာမူတည်ပြီး ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာ ပြုစုကုသနိုင်တဲ့ နေရာတွေထိ ပို့ဆောင်ပေးပါတယ်။ ရောဂါအတိမ်အနက်အလိုက် ပြုစုကုသမှုကို လူတန်းစားမရွေး ခံယူစေချင်ပါတယ်။

**မေး။** ဘယ်လိုရောဂါလက္ခဏာများပြသရင် စိုးရိမ်ရတဲ့အခြေအနေလို့ ခေါ်ပါသလဲ။

**ဖြေ။** ကိုဗစ်-၁၉ ရောဂါဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတစ်မျိုးဖြစ်တဲ့အတွက် လူသားတို့ရဲ့ အသက်ရှူလမ်းကြောင်းကို ပို၍ ဒုက္ခပေးတတ်ပါတယ်။ လူ့အသက် သေဆုံးတဲ့အထိ ဖြစ်ပွားတတ်တဲ့ ရောဂါတစ်မျိုးဖြစ်တဲ့အတွက် အသက်ရှူမရတာ၊ အသက်ရှူကျပ်တာ ၊ မောပန်းတာ၊ သွေးထဲက အောက်ဆီဂျင် ပမာဏ ကျဆင်းတာတွေဟာ စိုးရိမ်ရတဲ့အခြေအနေလို့ ပြောလို့ရပါတယ်။

**မေး။** လူနာတွေအတွက် အောက်ဆီဂျင်လိုအပ်ချက်တွေကို ဘယ်လို စီစဉ်ထားပါသလဲ။

**ဖြေ။** ကျွန်တော်တို့ သံတွဲဆေးရုံမှာ ကိုဗစ်-၁၉ ရောဂါ(Third Wave) မဖြစ်ပွားမီကတည်းက အောက်ဆီဂျင်ဆလင်ဒါအချို့ကို စုဆောင်းထားပြီးဖြစ်ပါတယ်။ သို့သော်လည်း ထင်ထားတာထက် လူနာအရေအတွက်နဲ့ အသုံးပြုမှုများလာတဲ့အတွက် အောက်ဆီဂျင်ရနိုင်မယ့် နေရာတွေက သွားရောက်ဝယ်ယူတာ တစ်မျိုး၊ အကူအညီတောင်းတာကို ရဟန်းသံဃာတွေ၊ စေတနာရှင်တွေ၊ ပရဟိတသမားတွေနဲ့ ဝိုင်းဝန်းဆောင်ရွက်နေတဲ့အတွက် အခက်အခဲမရှိပါဘူး။ သံတွဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနဲ့ သက်ဆိုင်ရာ ဌာနအကြီးအကဲတွေကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ လက်ရှိမှာ အောက်ဆီဂျင်အလုံးကြီး ၂၀ နဲ့ ၂၅ လုံးကြား ကျန်ရှိနေပြီး လိုအပ်ချက်များကို အချိန်မီ ဖြည့်တင်းနိုင်အောင်လည်း လုပ်ဆောင်ပေးလျက်ရှိပါတယ်။



ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းထွန်း

**မေး။** ပိုးတွေ့လူနာတွေ Quarantine ဝင်ရောက်နိုင်ဖို့ စီစဉ်ထားရှိမှု အခြေအနေကို သိလိုပါတယ်။

**ဖြေ။** ပိုးတွေ့လူနာတွေထဲမှာတော့ Quarantine ထားရှိကုသမှုကတော့ နှစ်ပိုင်းရှိပါတယ်။ ရောဂါပိုမို ပြင်းထန်လူနာနဲ့ သာမန်လူနာဆိုပြီး ခွဲခြားထားပါတယ်။ သာမန်လူနာတွေကိုတော့ ငပလီမှာရှိတဲ့ ၂၅ ခုတင်ဆံ့ဆေးရုံမှာ ထားရှိကုသပေးနေပြီး ရောဂါပိုမိုပြင်းထန်တဲ့လူနာတွေကို သံတွဲခရိုင် ခုတင် ၁၀၀ ဆေးရုံရဲ့ ကိုဗစ်-၁၉ ကုသဆောင်၊ အထူးကုသကြပ်မတ်ဆောင်တွေမှာ ကုသစောင့်ရှောက်ပေးလျက်ရှိနေပါတယ်။

**မေး။** ကိုဗစ်-၁၉ ရောဂါဖြစ်လာရင် ဘယ်လိုနေထိုင်စားသောက်သင့်ပါသလဲ။

**ဖြေ။** ကိုဗစ်-၁၉ ရောဂါ ဖြစ်လာပြီဆိုရင်တော့ ပထမဆုံးအနေနဲ့ ကိုယ်ခံစွမ်းအား မြင့်တက်နေဖို့ လိုပါတယ်။ ဒါကြောင့် ကိုယ်ခံစွမ်းအားမြင့်တက်စေမယ့် အားရှိမယ့်အစားအသောက်တွေကို ရွေးချယ်စားသုံးဖို့လိုပါတယ်။ လိုအပ်တဲ့ရေနဲ့အာဟာရ၊ ဓာတ်ဆားစသည်တို့ကို ဆောင်ထားဖို့လိုပါတယ်။ ဆေးလိပ်၊ အရက်၊ ကွမ်းစားတာတွေကို ရှောင်ရှားဖို့လိုပါတယ်။

**မေး။** ရောဂါကူးစက်ပြန့်ပွားမှုမရှိအောင် အသိပညာပေးလုပ်ငန်းများကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။

**ဖြေ။** အသိပညာပေးလုပ်ငန်းအနေနဲ့ လူနေထူထပ်ပြီး လူသွားလူလာများတဲ့နေရာတွေမှာ Mask Campaign လှုပ်ရှားမှုများကို အပတ်စဉ် ဆောင်ရွက်ပြီးတော့ ဗီနိုင်းပိုစတာစိုက်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ဆော်ဩခြင်းများကို ရောဂါကာကွယ်ထိန်းချုပ်ရေးအဖွဲ့ဝင်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။** ပိုးတွေ့လူနာများအတွက် ဆေးရုံက ဆောင်ရွက်ပေးမှု အခြေအနေကို သိချင်ပါတယ်။

**ဖြေ။** ပိုးတွေ့လူနာတွေထဲမှာ ရောဂါမပြင်းထန်၊ ရောဂါလက္ခဏာမပြတဲ့ လူနာတွေကိုတော့ ငပလီဆေးရုံမှာ ထားရှိကုသပေးနေပါတယ်။ သူတို့ရဲ့ အခြေခံကျန်းမာရေးကို အထူးအလေးထားစောင့်ရှောက်ပြီး နေ့စဉ် သွေးပေါင်ချိန်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးအတွင်း အောက်ဆီဂျင် ကောင်း၊ မကောင်းတိုင်းတာခြင်းတွေကို ဆရာဝန်၊ ဆရာမ လုံလောက်စွာနဲ့ စောင့်ကြည့်ကုသပေးနေပါတယ်။ ရောဂါပြင်းထန်တဲ့ လူနာတွေကိုတော့ သံတွဲခရိုင်ဆေးရုံမှာပဲ ထားရှိပြီး အထူးကြပ်မတ်ကုသပေးလျက်ရှိပါတယ်။

**မေး။** လက်ရှိဆေးရုံတက်နေတဲ့ လူနာဦးရေ၊ ရောဂါပျောက်ကင်းလို့ ဆေးရုံကနေ ဆင်းခွင့်ရသူဦးရေ (ပြန်လည်ကျန်းမာလာမှု အခြေအနေ)ကို သိချင်ပါတယ်။

**ဖြေ။** လက်ရှိဆေးရုံမှာ ဆေးရုံတက်ရောက်ကုသခံလူနာ ၆၉ ဦးကို ကုသပေးလျက်ရှိပြီး ဆေးရုံကနေ ကျန်းမာရေးပြန်လည်ကောင်းမွန်သွားလို့ ဆေးရုံကနေ ဆင်းခွင့်ရရှိသူ ၄၉ ဦးကျော်ရှိပါတယ်။

**မေး။** ကာကွယ်ဆေးထိုးဖို့ ကျန်ရှိနေသူများကို ထိုးနှံနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို သိချင်ပါတယ်။

**ဖြေ။** ကာကွယ်ဆေးအချို့ကတော့ ကျွန်တော်တို့ဆီမှာ ရောက်ရှိနေပါပြီ။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက လမ်းညွှန်ထားတဲ့ ဦးတည်အုပ်စုများကို အဓိကထိုးနှံပေးသွားဖို့ ဆောင်ရွက်နေပါတယ်။

**မေး။** အခြားဖြည့်စွက် ပြောကြားလိုမှုရှိပါက ပြောကြားစေလိုပါတယ်။

**ဖြေ။** ဒီ ကိုဗစ်-၁၉ ရောဂါဟာ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်း လုပ်ဆောင်လို့မရပါဘူး။ သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးတို့က ပေါင်းစပ်ဆောင်ရွက်ရသလို ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါမှသာ ဒီရောဂါဆိုးကြီးကို အမြန်တိုက်ထုတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး ကျန်းမာရေးအသိ၊ သတိနဲ့ ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းချင်ပါတယ်။

ကျေးဇူးတင်ပါတယ် ဆရာကြီး ခင်ဗျာ။

**တွေ့ဆုံမေးမြန်း**
**နေမျိုးအောင်၊ ညီနိုင်းထက်(သံတွဲခရိုင် ပြန်/ဆက်)**

---

### ○ တရုတ်နိုင်ငံမှ

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာခဲ့သည့် အောက်ဆီဂျင်အိုးအလွတ်များကို ချင်းရွှေဟော်မြို့ရှိ စီတိုဂိုဒေါင်နှင့် ကွမ်းလုံမြို့နယ် ရွှေကူဝကျေးရွာရှိ ရွှေတော်ဝင်ဂိုဒေါင်များတွင် ခေတ္တချထားပြီး ၎င်းဂိုဒေါင်များမှတစ်ဆင့် လားရှိုးမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ပြီး ဇူလိုင် ၁၅ ရက်မှ ဇူလိုင် ၁၈ ရက်အထိ အောက်ဆီဂျင်အိုးအလွတ် စုစုပေါင်း ၄၉၆၆ လုံး ဝင်ရောက်လာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

---

### ❒ ကျောဖုံးမှ

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ အချိန်ကြန့်ကြာမှုမရှိဘဲ ပြည်သူများလက်ဝယ် လွယ်ကူလျင်မြန်စွာ ရောက်ရှိစေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန်က ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ လတ်တလော ကိုဗစ်-၁၉ ရောဂါ ကုသရေးတွင် လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်စက်များ တင်သွင်းမှုအတွက် FDA ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုအပ်သည့်အပြင် အကောက်ခွန် သုံးရာခိုင်နှုန်းအတွက်လည်း လက်ငင်းပေးဆောင်ရန်မလိုဘဲ ကြိုတင်ထုတ်ယူနိုင်ရန် ဖြေလျှော့ခွင့်ပြုပေးထားကြောင်း မြဝတီကုန်သွယ်ရေးဇုန်မှ သိရသည်။

**ထိန်လင်းအောင်**

---

## အောင်မြေသာစံမြို့နယ်ရှိ တပ်မတော် ကိုဗစ်-၁၉ ရောဂါ လူနာများ ကုသရေးဌာနသို့ စေတနာရှင် အလှူရှင်တစ်ဦးက Portable Digital X-Ray ဓာတ်မှန်စက် တစ်လုံး လာရောက်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၈**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စေတနာရှင် အလှူရှင် တစ်ဦးက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိတပ်မတော် ကိုဗစ်-၁၉ ရောဂါ လူနာများ ကုသရေးဌာနသို့ Portable Digital X-Ray ဓာတ်မှန်စက် တစ်လုံးကို ယနေ့ မွန်းလွဲပိုင်းတွင် လာရောက်ပေးအပ်လှူဒါန်းရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်းနှင့် အဆိုပါဓာတ်မှန်စက်သည် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ၏ အဆုတ်ရောင်ရမ်းမှုအခြေအနေကို တိကျလျင်မြန်စွာ စစ်ဆေးကြည့်ရှုနိုင်သည့် စက်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

### ❖ ရေတာရှည်မြို့နယ်မှ

ယနေ့ ညနေပိုင်းကစတင်၍ RDT test kit ဖြင့် စစ်ဆေးပြီး Positive ရောဂါပိုးတွေ့ရှိသူများကို စတင်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ရေတာရှည်မြို့နယ်တွင် ဇွန် ၂၃ ရက်မှ ဇူလိုင် ၁၇ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ကျား ၁၃၄၊ မ ၂၁၂ ဦး စုစုပေါင်း ၃၄၆ ဦး၊ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံဆင်းခွင့်ရရှိသူ ၁၄၈ ဦး၊ ရေတာရှည်၊ ဆွာ၊ ရေနီဆေးရုံများရှိ ကျန်းမာရေးစောင့်ရှောက်မှုစင်တာများ၌ ကျန်ရှိသူ ၁၉၈ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်တွင် ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များရှိ FQ များတွင် အသွားအလာကန့်သတ်ထားရှိသူ အများအပြား ကျန်ရှိနေသေးသည်ဖြစ်ရာ ရေတာရှည်မြို့ အမှတ် (၃) ရပ်ကွက်ရန်ကုန်-မန္တလေးကားလမ်း အနောက်ဘက်ရှိ မြို့နယ်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ခုတင်များပြင်ဆင်ထားမှု၊ သန့်စင်ခန်းနှင့် ရေချိုးရန်နေရာများ ပြင်ဆင်ဆောင်ရွက်မှုများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာညီဆွေနှင့် ကော်မတီဝင်များက ကြည့်ရှုခဲ့သည်။

**ကိုလွင်(ဆွာ)**

# ဇူလိုင် ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၂၈၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၇-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၈-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၄၉၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅,၂၈၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၉၇၂,၀၀၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၂၉,၅၂၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၂,၈၉၀)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၆၁,၈၅၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၂၃၁)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၅,၀၀၀) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၇၇) ခု | (၂၇၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၁) ခု | (၂၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၄၀) ခု | (၃၈၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၃၂) ခု | (၃၂၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၇) ခု | (၁၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၉၉) ခု | (၁,၁၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၂၅၆) ခု | (၃,၀၂၁) ဦး |
| စုစုပေါင်း | (၁၄,၄၉၂) ခု | (၅,၂၈၅) ဦး |



# မိတ္ထီလာ၌ တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၁၂၀ ဖြည့်တင်းပေးနိုင်မည့် အောက်ဆီဂျင်စက်ရုံစတင်ဆောက်လုပ်လျက်ရှိ

**မိတ္ထီလာ ဇူလိုင် ၁၈**

မိတ္ထီလာ၌ တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၁၂၀ ဖြည့်တင်းပေးနိုင်မည့် အောက်ဆီဂျင်စက်ရုံကို အောင်ဇေယျာရပ်ကွက် မြို့ဦးကျောင်းတိုက် တောင်ဘက်ရှိ မြေနေရာတွင် စတင်ဆောက်လုပ်လျက်ရှိကြောင်း မိတ္ထီလာမြို့ဦးဆောင်စေတနာရှင်များအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"မနေ့က စက်ရုံအဆောက်အအုံမြေနေရာ ပန္နက်တင်မင်္ဂလာကျင်းပပြီး စက်ရုံကို အားချင်းဆောက်လုပ်နေတာဖြစ်ပါတယ်။ စက်ရုံဆောက်လုပ်ပြီးစီးလို့စက်တပ်ဆင်ပြီးရင် တစ်နေ့ကို အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၁၂၀ ဖြည့်တင်းပေးနိုင်မှာဖြစ်ပါတယ်။ စက်ရုံမြေနေရာအတွင်းမှာ အောက်ဆီဂျင်ထုတ်လုပ်တဲ့စက်ထားရှိမယ့် အဆောက်အအုံနဲ့ စက်ရုံဝန်ထမ်းထားရှိမယ့် ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း၊ အဝီစိတွင်းတူးဖော်ခြင်း၊ လျှပ်စစ်ထရန်စဖော်မာအိုးထားရှိမယ့်နေရာ တည်ဆောက်ခြင်းတွေကို တစ်ပြိုင်တည်းဆောင်ရွက်နေတာပါ။ အဲဒီလုပ်ငန်းတွေ အားလုံးအတွက် ငွေကျပ်သိန်း ၂၅၀၀ လျာထားခန့်မှန်းပေမယ့် ကုန်ဈေးနှုန်းအခြေအနေနဲ့လုပ်ငန်းအနေအထားအရ အဲဒီထက်မက ကုန်ကျနိုင်ပါတယ်"ဟု အဆိုပါဦးဆောင်စေတနာရှင်များအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဩဂုတ်လကုန်ပိုင်းပြီးစီးရန် ခန့်မှန်းထား**

ကိုဗစ်-၁၉ရောဂါဒုတိယလှိုင်းကာလတွင် ဒေသခံစေတနာရှင်အလှူရှင်များ၊ ရပ်နီးရပ်ဝေးမှ အလှူရှင်များက စုပေါင်းလှူဒါန်းထားသည့် လှူဒါန်းငွေများဖြင့် အဆိုပါစက်ရုံကို ဆောက်လုပ်ခြင်းဖြစ်သည်။ ယင်းအောက်ဆီဂျင်စက်ရုံမှ မိတ္ထီလာခရိုင်အတွင်းရှိမိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည် မြို့နယ်များအပြင် အနီးပတ်ဝန်းကျင်ရှိ ပျော်ဘွယ်၊ တောင်သာ စသည့်မြို့များသို့လည်း လိုအပ်သည့်အောက်ဆီဂျင်အိုးများအတွက် အောက်ဆီဂျင် ဖြည့်တင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ အဆိုပါစက်ရုံအား လာမည့်ဩဂုတ်လကုန်ပိုင်းတွင် ဆောက်လုပ်ပြီးစီးရန် ခန့်မှန်းထားကြောင်းသိရသည်။

ချမ်းသာ(မိတ္ထီလာ)

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၉၅၃၉၃၇ | ၂၉၃၆၉၁၈၁ | ၆၂၄၇၁၅ |
| ၂။ | အိန္ဒိယ | ၃၁၁၀၆၀၆၅ | ၃၀၂၆၉၇၉၆ | ၄၁၃၆၄၀ |
| ၃။ | ဘရာဇီး | ၁၉၃၄၂၄၄၈ | ၁၇၉၈၃၂၇၅ | ၅၄၁၃၂၃ |
| ၄။ | ရုရှား | ၅၉၅၈၁၃၃ | ၅၃၄၁၂၃၁ | ၁၄၈၄၁၉ |
| ၅။ | ပြင်သစ် | ၅၈၅၅၁၉၈ | ၅၆၅၈၅၅၄ | ၁၁၁၄၆၇ |
| ၆။ | တူရကီ | ၅၅၂၂၀၃၉ | ၅၃၈၀၇၅၂ | ၅၀၄၈၈ |
| ၇။ | ဗြိတိန် | ၅၃၈၆၃၄၀ | ၄၃၉၀၉၄၂ | ၁၂၈၆၈၃ |
| ၈။ | အာဂျင်တီးနား | ၄၇၄၉၄၄၃ | ၄၃၇၉၁၆၉ | ၁၀၁၄၃၄ |
| ၉။ | ကိုလံဘီယာ | ၄၆၂၁၂၆၀ | ၄၃၇၂၄၃၄ | ၁၁၅၈၃၁ |
| ၁၀။ | အီတလီ | ၄၂၈၄၃၃၂ | ၄၁၁၂၉၇၇ | ၁၂၇၈၆၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၈၇၇၄၇၆ | ၂၂၆၁၆၅၈ | ၇၃၅၈၂ |
| ၂။ | ဖိလစ်ပိုင် | ၁၅၀၇၇၅၅ | ၁၄၃၃၈၅၁ | ၂၆၇၁၄ |
| ၃။ | မလေးရှား | ၉၁၆၅၆၁ | ၇၈၄၉၄၉ | ၇၀၁၉ |
| ၄။ | ထိုင်း | ၄၀၃၃၈၆ | ၂၈၃၉၁၀ | ၃၃၄၁ |
| ၅။ | မြန်မာ | ၂၂၉၅၂၁ | ၁၆၁၈၅၉ | ၅၀၀၀ |
| ၆။ | ကမ္ဘောဒီးယား | ၆၇၁၈၁ | ၅၈၉၃၀ | ၁၁၀၆ |
| ၇။ | စင်ကာပူ | ၆၃၀၇၃ | ၆၂၅၁၂ | ၃၆ |
| ၈။ | ဗီယက်နမ် | ၅၁၀၀၂ | ၁၀၃၁၂ | ၂၂၅ |
| ၉။ | လာအို | ၃၄၂၆ | ၂၁၇၄ | ၅ |
| ၁၀။ | ဘရူနိုင်း | ၂၈၃ | ၂၆၀ | ၃ |

ဓမ္မ ပုံပြင်

# နှုတ်မစောင့်သူ၏ အဖြစ်

## မင်းယုဝေ

တစ်ရံရောအခါ လိပ်တစ်ကောင်သည် ရေအိုင်တစ်ခုတွင်နေသည်။ ထိုရေအိုင်သို့ ငန်းနှစ်ကောင်သည်လည်း လာရောက်ကျက်စားနေထိုင်သည်။ ထိုငန်းနှစ်ကောင်နှင့် လိပ်တို့သည် အဆွေခင်ပွန်းဖြစ်ကာ သင့်မြတ်စွာနေထိုင်ကြလေသည်။

တစ်ခါသော် ထိုအရပ်မှာ မိုးခေါင်သည်။ ထိုအရပ်ဒေသရှိ မြစ်၊ ချောင်း၊ အင်းအိုင်များ ရေခန်းခြောက်ကြသည်။

သည်တွင် ငန်းနှစ်ကောင်သည် ရေရှိရာ အခြားရေအိုင်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ရန် စီစဉ်ကြသည်။ ထိုအခါ လိပ်က မိမိလည်းအတူ လိုက်ပါမည်ဟူ၍ ပြောဆိုသည်။ ငန်းတို့က မိမိတို့သည် အဆွေခင်ပွန်းကောင်းပီသစွာဖြင့် အတူခေါ်လိုပါသည်။ သို့ရာတွင် မဖြစ်နိုင်။ သည်မှာပင် နေရစ်ခဲ့ပါဟု ပြောဆိုကြသည်။

"အဆွေ လိပ်၊ ငါတို့နှင့်အတူ သင် မည်သို့လိုက်ပါနိုင်မည်နည်း။ ရေရှိရာရေအိုင်မှာ ဝေးလှသည်။ ငါတို့မှာ တောင်ပံရှိကာ ကောင်းကင်ယံမှ ပျံသန်းသွားနိုင်သည်။ သင် မြေပြင်မှ မည်သို့ လိုက်ပါနိုင်မည်နည်း"

"ငါ့ကို သင်တို့ ကောင်းကင်ယံမှ သယ်ဆောင်သွားလျှင် ဖြစ်နိုင်ပါသည်"

"မည်သို့သယ်ဆောင်ရမည်နည်း"

"တုတ်တစ်ချောင်း၏ အစွန်းတစ်ဖက်စီကို သင်တို့နှုတ်သီးဖြင့် ကိုက်ချီပျံသန်းပါ၊ ငါက တုတ်ချောင်းအလယ်ကို ပါးစပ်ဖြင့် ကိုက်ချီ လိုက်ပါနိုင်ပါသည်"

ငန်းနှစ်ကောင်သည် လိပ်၏အကြံကို နှစ်သက်မိကြသည်။ သို့ရာတွင် အန္တရာယ်ကို တွေးမိသဖြင့် စိုးရိမ်ပူပန်ကြပြန်သည်။

"အဆွေလိပ်၊ သင့်အကြံကား ကောင်းပါပေသည်။ သို့ရာတွင် အန္တရာယ်ကြီးလှသည်။ သင် စကားလုံးဝမပြောဘဲ နှုတ်စောင့်စည်းရန် အထူးလိုအပ်လှသည်။ အကယ်၍ သင် လိုက်ပါလာရာမှ စကားတစ်ခွန်း ပြောမိပါက သင်ပြုတ်ကျကာ မြေသို့ကျ၍ အသက်ဆုံးရှုံးတော့မည်"

"အဆွေငန်းတို့၊ သည်အတွက် မစိုးရိမ်ပါနှင့်။ ငါ စကားမပြောဘဲ နှုတ်စောင့်စည်းနိုင်ပါသည်။ နှုတ်စောင့်စည်းရန် မခက်ပါအဆွေတို့"

နောက်ဆုံး၌ ငန်းနှစ်ကောင်သည် လိပ်၏ အလိုကိုလိုက်ကာ ခေါ်ဆောင်သွားသည်။ သူတို့သည် ခိုင်မာသောတုတ်တစ်ချောင်း၏ အစွန်းတစ်ဖက်စီကို နှုတ်သီးဖြင့် ခိုင်မြဲစွာကိုက်ချီသည်။ လိပ်ကလည်း တုတ်အလယ်ကို ပါးစပ်ဖြင့် ကိုက်ခဲထားသည်။

ငန်းတို့ အမြင့်သို့ပျံတက်ရာ လိပ်သည်လည်း အတူတကွပါလာလေသည်။

သူတို့သည် ကောင်းကင်ယံသို့တက်ကာ သစ်ပင်များ၊ ချုံနွယ်များ၊ လယ်ကွင်းများကို ဖြတ်သန်းပျံသန်းလာသည်။ မကြာမီ ရွာတစ်ရွာပေါ်သို့ ရောက်လာသည်။ ထိုရွာကိုလွန်လျှင် ရေရှိရာ ရေအိုင်သို့ ရောက်တော့မည်ဖြစ်သည်။

သို့ရာတွင် ရွာသို့ ဖြတ်သန်းပျံလာစဉ် ရွာသူရွာသားများသည် သူတို့ကို မြင်တွေ့ကာ အုတ်အုတ်ကျက်ကျက် ဖြစ်ကြသည်။

"အဆွေတို့အံ့ဖွယ်ပါတကား။ ငန်းနှစ်ကောင်က လိပ်တစ်ကောင်ကို ကြံကြံဖန်ဖန် သယ်ဆောင်ပျံသန်းလာသည်။ ထူးဆန်းလေစွ"

ထိုအခါ ငန်းနှစ်ကောင်က ဘာမျှပြန်မပြော၊ နှုတ်စောင့်လျက် ပျံမြဲပျံသန်းသည်။ လိပ်မှာမူ မခံချင်စိတ်ဖြစ်ပေါ်လာသည်။ ရွာသူရွာသားတို့ကို ပြန်လည်ချေပပြောဆိုလိုလာသည်။ နှုတ်စောင့်ရမည်ကို သတိမထားနိုင်တော့။

"ဟယ်... သူမိုက်တို့၊ ငါတို့အမှုကိစ္စနှင့် ငါတို့ပျံသန်းလာသည်ကို သင်တို့ဘာကြောင့် အထူးအဆန်းဖြစ်နေကြသနည်း"ဟူ၍ လှမ်းအော် ပြောလိုက်သည်။

ထိုခဏမှာပင် လိပ်သည် တုတ်မှ ပြုတ်ထွက်ကာ မြေပြင်သို့ ကျသွားသည်။ သူ့ကိုယ်ခန္ဓာသည် အစိတ်စိတ် အမွှာမွှာကွဲကြေကာ တစ်ခဏချင်း သေဆုံးသွားလေသည်။

ငန်းနှစ်ကောင်က...

"နှုတ်စောင့်သင့်သည့် အခြေအနေမျိုးတွင် နှုတ်မစောင့်သဖြင့် ငါတို့အဆွေလိပ်သည် ပျက်စီးရလေပြီတကား"

ဟူ၍ ဝမ်းနည်းစွာ မြည်တမ်းလျက် ပျံသန်းသွားကြလေသည်။ ။

(ပဉ္စတန္တရမှ)

ဆရာမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကဗျာ


## မမေ့တဲ့နိုင်

မမေ့နိုင်ပြီ။
တစ်နှစ်ပြောင်းသော်လည်း
ဖြစ်ကြောင်းငယ် အထွေထွေတို့
ဖြေမပြေ မြင်ယောင်မှတ်လို့ငယ်
လွမ်းထပ်ပွေလီ။
တို့ခေါင်းဆောင် ဇာနည်များရယ်တို့
ပြည်ကောင်းအောင် သေခံသွားသော်လည်း
ရန်စွယ်တွေပွားပါလို့ မသာမကြည်
အော်– မြန်မာပြည်မှာဖြင့် မိုက်မှောင်ဖုံး။
မြတ်နန်းဇာနည်
ပြာသာဒ်ကယ် ဆောင်ဘုံဆီက
မှုပွေလီ ရန်မာန်သွမ်းပါတဲ့
ခုနေပြည် ဌာနစခန်းဆီသို့။
ရော်ရည်ကာ မျှော်မည်မှန်းလို့ငယ်
(ဗိုလ်ချုပ်ရေ) လှမ်းကြည့်လို့အုံး။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၁)၊ အမှတ်(၂၀)၊ (၁၇-၅-၆၉)

လူမှု ၁၀

# ဆယ်ကျော်သက်နှင့် လူမှုကွန်ရက်

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

လူမှုမီဒီယာနှင့် အခြားမီဒီယာများသည် ဆယ်ကျော်သက်များ၏ သဘောထားအမြင်နှင့် အပြုအမူအပေါ် လွှမ်းမိုးသည်။ ဆယ်ကျော်သက်များသည် မီဒီယာ၏လွှမ်းမိုးမှုကို သတိပြုမိပါက မီဒီယာဖိအားကို ပိုမို ကောင်းမွန်စွာ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ စကားပြောခြင်းနှင့် မေးမြန်းခြင်းသည် သင်၏ကလေးကို လူမှု မီဒီယာနှင့် အခြားမီဒီယာများ၏ လွှမ်းမိုးမှုကို ထိန်းချုပ်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

ဆယ်ကျော်သက်များသည် မီဒီယာသတင်းအချက်အလက်များကို အလွန်အမင်းသုံးစွဲသူများ ဖြစ်နိုင် သည်။ သူတို့သည် လူမှုမီဒီယာ သို့မဟုတ် အခြားမီဒီယာများတွင် သူတို့မြင်သမျှ ကြားသမျှကို အမြဲတမ်း ရယူသုံးစွဲနေကြသည် မဟုတ်ချေ။ ဆယ်ကျော်သက်များအပေါ် မီဒီယာ၏လွှမ်းမိုးမှုသည် တမင်ရည်ရွယ် သည်လည်း ဖြစ်နိုင်သည်။ တိုက်ရိုက်လည်း ဖြစ်နိုင်သည်။ ဥပမာအားဖြင့် ကြော်ငြာခြင်းသည် ကလေးများနှင့် ဆယ်ကျော်သက်များကို မကြာခဏ ဆွဲဆောင်ကြသည်။ ဆိုလိုသည်မှာ ကလေးများနှင့် ဆယ်ကျော်သက်များ သည် အမှတ်တံဆိပ်နှင့် ရုပ်ပုံများကို ပိုမိုသတိထားသိရှိလာကြသည်။

မီဒီယာ၏ လွှမ်းမိုးမှုသည် သွယ်ဝိုက်သောအားဖြင့်လည်း ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် Instagram, Snapchat, Facebook နှင့် You Tube တို့တွင် လိင်ပိုင်းဆိုင်ရာ ရုပ်ပုံများနှင့် အကြောင်းအရာများ ပါဝင်ကြ သည်။ သတင်းမီဒီယာများ၊ မှတ်တမ်းရုပ်ရှင်များ၊ ဗီဒီယိုဂိမ်းများနှင့် အချို့သီချင်းများတွင် အကြမ်းဖက်ပုံစံနှင့် ကြမ်းတမ်းသော စကားတို့လည်း ပါဝင်နိုင်သည်။

လူမှုမီဒီယာနှင့် အခြားမီဒီယာများသည် ဆယ်ကျော်သက် အပြုအမူနှင့် သဘောထားအမြင်များအပေါ် အပြုသဘောဆောင်သော ဩဇာလွှမ်းမိုးမှုလည်း ရှိနိုင်ပါသည်။ သတင်းမီဒီယာများကို စိတ်ဝင်စားသော ဆယ်ကျော်သက်များသည် လူမှုရေးနှင့် နိုင်ငံရေးပြဿနာများကို ပိုမိုစိတ်ဝင်စားလာနိုင်သည်။

ဆယ်ကျော်သက်များသည် လူမှုမီဒီယာနှင့် အခြားမီဒီယာများမှ အရေးကြီးသော ကျန်းမာရေး သတင်း အချက်အလက်များကိုလည်း ရယူနိုင်သည်။ ၎င်းတွင် လူငယ်စိတ်ခံစားကျမှုနှင့် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း ကို ကာကွယ်ခြင်း အပြုသဘောဆန်ပြီး လေးစားမှုရှိသော ဆက်ဆံရေးကိုမြှင့်တင်ခြင်း သို့မဟုတ် ကျန်းမာ သော စားသောက်ခြင်းနှင့် လူနေမှုဘဝပုံစံ အလေ့အထများ အားပေးခြင်းတို့ကို ရည်ရွယ်ထားသော သတင်း စကားများ ပါဝင်သည်။

ရုပ်မြင်သံကြား အစီအစဉ်များနှင့် ရုပ်ရှင်ဇာတ်ကားများ၊ အရည်အသွေးကောင်းသော ဇာတ်လမ်းများ သည် လိင်မှုဆက်ဆံရေးများ၊ ကျား/မ သို့မဟုတ် ကျင့်ဝတ်များ စသော လက္ခဏာများကို စူးစမ်းလေ့လာရန် ဆယ်ကျော်သက်များကို ကူညီနိုင်သည်။

မီဒီယာသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဆယ်ကျော်သက် အပြုအမူနှင့် သဘောထားအပေါ် လွှမ်းမိုးမှုများစွာထဲမှ တစ်ခုဖြစ်သည်ကို အမြဲတမ်းသတိရသင့်သည်။ အခြားလွှမ်းမိုးမှုများတွင် မိသားစု၊ သူငယ်ချင်းများနှင့် ရွယ်တူချင်းများ၊ ယဉ်ကျေးမှုနောက်ခံနှင့် အခြားအရာများ ပါဝင်သည်။ ဤလွှမ်းမိုးမှုများ သည် များသောအားဖြင့် မီဒီယာလွှမ်းမိုးမှုထက် ပိုမိုအားကောင်းနိုင်သည်။

မီဒီယာသတင်းစကားများသည် ကိုယ်ခန္ဓာပုံသဏ္ဌာန်၊ ကျန်းမာရေးနှင့် နိုင်ငံသားဖြစ်မှုအပါအဝင် အချို့နေရာများရှိ ဆယ်ကျော်သက်အပြုအမူနှင့် သဘောထားများအပေါ် မသင့်လျော်သောလွှမ်းမိုးမှု သို့မဟုတ် အပျက်သဘောဆောင်သော လွှမ်းမိုးမှု ရှိနိုင်သည်။

သင့်ကလေး၏ ကိုယ်ခန္ဓာပုံသဏ္ဌာန်ကို လူမှုမီဒီယာ၊ အခြားမီဒီယာနှင့် ကြော်ငြာများက လွှမ်းမိုးထား သည်။ ဆယ်ကျော်သက်များသည် ပိန်ပါးသော သို့မဟုတ် ကြွက်သားစိုင်ကြီးမားသော ကိုယ်ခန္ဓာအမျိုးအစား များကို သူတို့ကြည့်နေသော မီဒီယာများတွင် မကြာခဏ တွေ့မြင်ပါက ၎င်းသည် သူတို့၏ ကိုယ်ခန္ဓာပုံသဏ္ဌာန် နှင့် အစားအသောက်အပြုအမူအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်သည်။

လူမှုမီဒီယာနှင့် အခြားမီဒီယာသည် ဆယ်ကျော်သက်များ၏ ကျန်းမာရေးနှင့် လူနေမှု ဘဝပုံစံနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်သည်။ ဥပမာအားဖြင့် မီဒီယာသတင်းစကားများသည် ကြည့်လိုက်လျှင် ပုံမှန်ဟုထင်ရသော်လည်း အရွယ်ရောက်သူများ၏ အပြုအမူဖြစ်သော တိုလီမိုလီ အစားအစာ များ၊ ဆေးလိပ်သောက်ခြင်းနှင့် အရက်သောက်ခြင်းများကို အတုယူနိုင်သည်။

တာဝန်သိသော နိုင်ငံသားများဖြစ်ရန် ဆယ်ကျော်သက်များသည် ယုံကြည်စိတ်ချရပြီး အရည်အသွေး ကောင်းမွန်သော သတင်းအချက်အလက် လိုအပ်သည်။ သို့သော် ရွေးကောက်ပွဲနှင့် အခြားအချိန်များတွင် လူမှုမီဒီယာနှင့် အခြားမီဒီယာများကို အပျက်သဘော အသုံးပြုကြသည်။ ဥပမာအားဖြင့် သတင်းအရ(Fake news)သည် ဆယ်ကျော်သက်များအား နိုင်ငံရေးသမား၊ လူထုကြား ထင်ပေါ်ကျော်ကြားသူများနှင့် ပတ်သက် ၍ မှားယွင်းသော အချက်အလက်များကို ယုံကြည်ရန် ဩဇာသက်ရောက်နိုင်သည်။ သို့မဟုတ် တစ်ခါတစ်ရံ တွင် အွန်လိုင်းဖိုရမ်များသည် လူအုပ်စုများအပေါ် ဘက်လိုက်သော သို့မဟုတ် မုန်းတီးသော သဘောထား များကို တိုးပွားစေသည်။

ဗီဒီယိုဂိမ်းများတွင် တွေ့ရသော အကြမ်းဖက်မှုသည် လက်တွေ့ဘဝ၌ ဆယ်ကျော်သက်များကို ရန်လိုခြင်း သို့မဟုတ် အကြမ်းဖက်ခြင်းသို့ ဦးတည်စေနိုင်ခြင်း ရှိ၊ မရှိကို ကျွမ်းကျင်သူများက သဘောမတူပါ။ သို့သော် လည်း ဗီဒီယိုဂိမ်းများမှ အကြမ်းဖက်မှု ပြဿနာကို ဖြေရှင်းရန် အကောင်းဆုံးနည်းလမ်းသည် သင်၏ကလေး နှင့် စကားပြောဆိုခြင်းနှင့် သင်၏ မိသားစု တန်ဖိုးများကို မျှဝေခြင်းဖြစ်ကြောင်း သူတို့သဘောတူကြသည်။

လူသိထင်ရှား ကျော်ကြားသူများနှင့် မီဒီယာကို သူတို့ အသုံးပြုနည်းက ဆယ်ကျော်သက်များအပေါ် စွမ်းအားရှိသော ဩဇာလွှမ်းမိုးမှုများ ရှိနိုင်သည်။ အထူးသဖြင့် လူနေမှုဘဝပုံစံများ၊ ထုတ်ကုန်ပစ္စည်းများနှင့် လူသိထင်ရှားကျော်ကြားသူများ လူမှုမီဒီယာတွင် မြှင့်တင်သော အပြုအမူများဖြင့် ဆယ်ကျော်သက်များကို ဆွဲဆောင်နိုင်သည်။ ဤသည်မှာ တစ်ခါတစ်ရံတွင် အပျက်သဘောဆောင်သော လွှမ်းမိုးမှု ဖြစ်နိုင်သည်။ ဥပမာ– You Tuber Logan Paul ၏ အန္တရာယ်ရှိသော အပြုအမူ။ သို့ရာတွင် လူနေမှုဘဝပုံစံများ၊ တန်ဖိုးများ နှင့် အမူအကျင့်ကောင်းများကို ပြသသည့် ထင်ရှားကျော်ကြားသူများလည်း များစွာရှိသည်။ ထုတ်ကုန် ပစ္စည်းများအတွက် ကြော်ငြာရန် ထင်ရှားကျော်ကြားသူများကို အခကြေးငွေ ပေးရကြောင်း ဆယ်ကျော်သက် များ သတိပြုရန်လိုသည်။

မီဒီယာ၏ လွှမ်းမိုးမှုကို ကိုင်တွယ်ရန် ဆယ်ကျော်သက်များအားကူညီရန် မိဘများ နားလည်ထားသင့် သည်။ မီဒီယာသတင်းစကားများနှင့် ထိတွေ့ခြင်းသည် ခေတ်သစ်ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော်လည်း ဂရုပြုသင့်သောအရာကို ဖြေရှင်းရန် ဆယ်ကျော်သက်များကို မိဘများက ကူညီနိုင်သည်။

[Ref: Media influence on teenagers, raisingchildren.net.au]

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



ပြုံး စ ရာ

## နေရာတိုင်း သူတို့ရှိတယ်

ကလေးနှစ်ယောက် စကားပြောနေကြသည်။

တစ်ဦးက “ပုရွက်ဆိတ်တွေဟာ ရယ်စရာကောင်းတဲ့ သတ္တဝါတွေပဲ၊ သူတို့ အလုပ်ပဲ လုပ်နေကြတယ်၊ တစ်ခါမှ မကစားကြဘူးကွ” ဟု ပြောသဖြင့်

ကျန်တစ်ဦးက “အို ဒါတော့ ငါမသိဘူး၊ ငါတို့ ပျော်ပွဲစားထွက်တိုင်း အဲဒီနေရာမှာ သူတို့ ရှိနေကြတာချည်းပဲ”ဟု ပြန်ပြောလိုက်၏။

## လျှော်ကိုသာ ပို့လိုက်ပါ

မကြာခင်က လျှော်တစ်ခုလှုပ်သွားသဖြင့် မြို့တစ်မြို့တွင် နေထိုင်သူများ ကြောက်လန့်တကြား ဖြစ်ကုန်ကြသည်။

ထိုအခါ ဇနီးမောင်နှံနှစ်ဦးက သူတို့ရဲ့သားငယ် ကို အခြားမြို့မှာရှိသည့် ဦးလေးထံသို့ အဆောတလျင် ပို့လိုက်၏။

နှစ်ရက်ခန့်အကြာတွင် ဇနီးမောင်နှံထံ သံကြိုးရောက်လာသည်။ သံကြိုး စာတွင် “နင်တို့သား ပြန်ပို့လိုက်ပြီ၊ လျှော်ကိုသာ ငါ့ဆီပို့လိုက်”တဲ့။

မာတင်ဖဲ

# ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးစေမည်

ချမ်းမြေ့မောင်

**နေပြည်တော်သည် ပဲခူးရိုးမတောင်တန်းနှင့် ရှမ်းရိုးမတောင်တန်း နှစ်ခုတို့အကြား မြန်မာနိုင်ငံ၏ အလယ်ဗဟိုအနီးတွင် တည်ရှိကာ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အချက်အချာမြို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့နှင့် ထိစပ်လျက်ရှိသည်။**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှဆောင်ရွက်သည့် ညောင်ပင်သာကျေးရွာနှင့် သာဝတ္တိအုပ်စု စည်ပင်သာကျေးရွာဆက်သွယ်သော လမ်းပေါ်ရှိ ရေနီချောင်းကူးကွန်ကရစ်တံတား (ပေ ၁၁၀)။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်ဟူ၍ ခရိုင်နှစ်ခုရှိပြီး ဒက္ခိဏခရိုင်တွင် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ပါဝင်ပြီး ဥတ္တရခရိုင်တွင် ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ ပါဝင်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မြို့ပေါင်း ရှစ်မြို့ရှိပြီး ကျေးရွာစုစုပေါင်း ၇၉၆ ရွာရှိသည့် အနက် ကျေးရွာ ၁၇၉ ရွာသည် ရာသီမရွေးသွားလာနိုင်ပြီး ကျေးရွာ ၆၁၇ ရွာသည် ခြောက်သွေ့ရာသီမှသာ သွားလာနိုင်သည်။ ထို့ကြောင့် ရာသီမရွေးသွားလာနိုင်သည့်လမ်းများ ဖြစ်စေရန် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျေးလက်လမ်း၊ တံတားများဖွံ့ဖြိုးပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးစေရန်နှင့် ကျေးလက်လမ်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ ကျေးလက်လမ်းကို အသုံးပြုပြီး အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ကိစ္စများအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြုပြီး အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းကို အထောက်အကူဖြစ်စေရေးတို့သည် ကျေးလက်နေ ပြည်သူများအတွက် ချမှတ်ထားသည့် ရည်မှန်းချက်များဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် နှစ်စဉ်အဆင့်မြှင့်ဆောင်ရွက်ရေးသည်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်သူအတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် ရည်မှန်းချက်ဖြစ်ရာ ထိုရည်မှန်းချက်များကို ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေထိုင်ကြသော ကျေးလက်နေပြည်သူ ၈၇၀၄၃၀ အတွက် မြေသားလမ်းသာရှိသော အခြေအနေမှ ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းများအဖြစ်လည်းကောင်း၊ ဒေသဆောက် ဝါးတံတား၊ သစ်သားတံတားများမှ သဘာဝဘေးဒဏ်ခံနိုင်သော သံကူကွန်ကရစ်တံတားများအဖြစ် လည်းကောင်း အဆင့်မြှင့်တင် ဆောက်လုပ်ပေးလျက်ရှိသည်။

ကျေးလက်နှင့်မြို့ပြလူနေမှုဘဝ ကွာဟမှုနည်းပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ရာတွင် နေပြည်တော်အတွင်း ကွန်ကရစ်လမ်း ၆၄/၇ ဒသမ ၇၁ မိုင်၊ ကတ္တရာလမ်း ၁၀၄/၃ ဒသမ ၆ မိုင်၊ ကျောက်လမ်း ၁၈၇/၂ ဒသမ ၀၈ မိုင်၊ အမာခံလမ်း ၄၃၇/၄ ဒသမ ၄ မိုင်၊ မြေသားလမ်း ၄၈၆/၆ ဒသမ ၂၇ မိုင်၊ ဆိုင်ကယ်လမ်း ၃၂၇/၀ ဒသမ ၆၃ မိုင် စုစုပေါင်းကျေးလက်လမ်းမိုင် ၁၆၀၈/၀ ဒသမ ၇၂ မိုင်ကို နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ဌာနစတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကွန်ကရစ်လမ်း ၈၅/၇ ဒသမ ၃ မိုင်၊ ကတ္တရာလမ်း ၅၉/၁ ဒသမ ၆၃ မိုင်၊ ကျောက်ချောလမ်း ၈၇/၄ ဒသမ ၂၃ မိုင်၊ ဂဝံ/ဂျင်းလမ်း ၁၅၁/၄ ဒသမ ၈၈ မိုင်၊ မြေသားလမ်း ၁၂၃/၃ ဒသမ ၈၂ မိုင် စုစုပေါင်း လမ်းမိုင် ၅၀၇/၅ ဒသမ ၈၆ မိုင်ကို ကျေးလက်နေပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၂၃ သို့ ○



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် နတ်သူရဲ-ပေါစံခေါ-သစ်စိမ့်ပင် ကျေးရွာချင်းဆက်ကတ္တရာလမ်း။

**ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် နေပြည်တော်အတွင်း နေထိုင်ကြသော ကျေးလက်နေပြည်သူ ၈၇၀၄၃၀ အတွက် မြေသားလမ်းသာရှိသော အခြေအနေမှ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းများအဖြစ် လည်းကောင်း၊ ဝါးတံတား၊ သစ်သားတံတားများမှ သံကူကွန်ကရစ်တံတားများအဖြစ် လည်းကောင်း အဆင့်မြှင့်တင် ဆောက်လုပ်ပေး...**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်။**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

○ စာမျက်နှာ ၂၂ မှ

**ကျေးလက်တံတားများ**

ထို့ပြင် ကျေးလက်တံတားများအနေဖြင့် နေပြည်တော်အတွင်း ကွန်ကရစ်တံတား ၄၆ စင်း၊ သစ်သားတံတား သုံးစင်း၊ ရေကျော်အစင်း ၃၀၊ Box Culvert ၂၆၆ စင်း စုစုပေါင်း ၃၄၇ စင်းကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

**ဌာန၏ဆောင်ရွက်ချက်များ**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ ကွန်ကရစ်လမ်း ၈၅/၇ ဒသမ ၃ မိုင်၊ ကတ္တရာလမ်း ၅၉/၁ ဒသမ ၆၃ မိုင်၊ ကျောက်ချောလမ်း ၈၇/၄ ဒသမ ၂၃ မိုင်၊ ဂဝံ/ဂျင်းလမ်း ၁၅၁/၄ ဒသမ ၈၈ မိုင်၊ မြေသားလမ်း ၁၂၃/၃ ဒသမ ၈၂ မိုင် စုစုပေါင်းလမ်းမိုင် ၅၀၇/၅ ဒသမ ၈၆ မိုင်ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး နေပြည်တော်အတွင်းရှိ ကျေးလက်လမ်းများအား ရာသီမရွေးသွားလာနိုင်သောလမ်းမှာ ၂၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ခြောက်သွေ့သောရာသီတွင် သွားလာနိုင်သောလမ်း ၇၇ ဒသမ ၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်း ကျေးလက်လမ်းများကို အသုံးပြုနိုင်ရန်ဖြစ်သည့်အတွက် လက်ရှိစာရင်းကောက်ယူထားသော ကျေးရွာများ၏ လူဦးရေ ၁၀၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံး ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ ၉၀၀ အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၂၅၀ နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာအားလုံး၏ ၉၀ ရာခိုင်နှုန်းတို့ကို ၂၀၃၀ ပြည့် နှစ်တွင် ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မကျီးပင်-ကျောက်စရစ်ကုန်း ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း။

**ဆက်လက်အဆင့်မြှင့်တင်မည်**

ထို့အတူ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးလက်လမ်း၊ တံတားများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာ၍ နေပြည်တော်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

## တင့်ဆွေ (ဖျာပုံ) ရေးသားသည့် “ကျောပိုးအိတ်လေးကို ချီကာလွယ်” စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က တင့်ဆွေ (ဖျာပုံ) ရေးသားသည့် “ကျောပိုးအိတ်လေးကို ချီကာလွယ်” စာအုပ်ကို ထုတ်ဝေ ဖြန့်ချိလိုက်သည်။ ယင်းစာအုပ်မှာ ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ (စာပဒေသာ) ဆုရစာအုပ်ဖြစ်ပြီး ပဉ္စမအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။ ဇနီးအဖြစ် အနှစ် (၆၀) တိုင်တိုင် တာဝန်ကျရာ ဒေသအသီးသီးသို့ လိုက်ပါပြီး ခင်ပွန်းဖြစ်သူ ကျန်းမာအောင်၊ ပျော်ရွှင်အောင်၊ အလုပ်တာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်အောင် ဖဝါးခြေထပ် အမြဲမခွဲဘဲ လိုက်ပါပါရမီ ဖြည့်ခဲ့ရသူ ဇနီးသည်ကို ရည်စူး၍ ရေးသားထားသည့် မှတ်တမ်းစာအုပ်ဖြစ်သည်။ မြေပြန့်တောင်ပေါ်၊ ပင်လယ်ကမ်းရိုးတန်း၊ မြန်မာပြည်အနှံ့ တာဝန်ကျရာ ဒေသများသို့ ကျောပိုးအိတ်လေးလို လိုက်ပါနေရပြီး ဆင်းရဲအတူ၊ ချမ်းသာမခွဲ၊ ဝါးတဲတန်းလျား၊ စစ်မြေပြင်ပါမကျန် တစ်ဦးနှင့်တစ်ဦး ချည်နှောင်တွယ်တာ လွယ်ပိုးခဲ့ရသူဖြစ်၍ ဇနီးသည်ကို စစ်သားတစ်ယောက်၏ ကျောပိုးအိတ်လေးဟု တင်စားဖွဲ့နွဲ့ကာ စာအုပ်နာမည်ပေးထားခြင်းဖြစ်သည်။





စာရေးသူသည် တပ်မတော်သားဘဝတွင် ရဲဘော်မှ ဗိုလ်မှူးချုပ်အထိ ရာထူးအဆင့်ဆင့် တာဝန်ယူခဲ့ပြီး တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ တိုင်းမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်များ ထမ်းဆောင်ခဲ့ရပုံ များကိုလည်း အတတ်နိုင်ဆုံး ပြည့်စုံမှန်ကန်အောင် ရေးသားထားသည်။ လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှ စ၍ လွတ်လပ်ရေးရရှိပြီး သောင်းကျန်းမှု ချေမှုန်းရေးကာလများတွင် တပ်မတော်၌ ကျရာတာဝန်များကို စစ်ဆင်ရေး၊ လေ့ကျင့်ရေး၊ စီမံရေးများ မည်ကဲ့သို့ ထမ်းဆောင်ခဲ့ရသည်ကို မှတ်တမ်းတင်ရေးသားထားသည်။

စာအုပ်တွင် စာမျက်နှာ (၃၉၇) မျက်နှာပါဝင်ပြီး အခန်းပေါင်း (၄၈) ခန်း ပါဝင်ကာ မှတ်တမ်းဓာတ်ပုံများ၊ ကျေးဇူးတင်လွှာ၊ ကျမ်းကိုးစာရင်းများနှင့် ပြည့်စုံဝေဆာစွာ ရေးသားထားသည်။ တန်ဖိုးငွေကျပ် ၇၅၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၃-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် တ-၅၅၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၆၄၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒေါက်တာမောင်မောင်ရေးသားသည့် “သားမောင်စစ်သည်သို့” စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၁၈**

ပြန်ကြားရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဒေါက်တာမောင်မောင် ရေးသားသည့် “သားမောင်စစ်သည်သို့” စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်းစာအုပ်မှာ စတုတ္ထအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။ ကိုယ်တိုင်လည်း တပ်မတော်သားဖြစ်ပြီး တပ်မတော်သားစစ်သည်တို့၏ ဖခင်ဖြစ်သူက တပ်မတော်သည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသည့် အခန်းကဏ္ဍဖြစ်ကြောင်း ရေးသားထားသည့် စာအုပ်ဖြစ်သည်။




စာရေးသူသည် ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်တွင် စတင်တာဝန် ထမ်းဆောင်ကာ မင်္ဂလာဒုံစစ်တက္ကသိုလ် စတုတ္ထပတ် ဗိုလ်သင်တန်း တက်ရောက်ခဲ့သည်။ ထိုမှ ရန်ကုန်တက္ကသိုလ် တက်ရောက်ကာ အင်္ဂလိပ်စာဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့၊ ဥပဒေဝိဇ္ဇာဘွဲ့၊ ဥပဒေပါရဂူဘွဲ့တို့ ရရှိခဲ့သူ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ကထိက၊ ပြန်ကြားရေးဌာန နယူးတိုင်းသတင်းစာ အယ်ဒီတာဘဝမှသည် တရားသူကြီးချုပ်၊ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဗမာ့တပ်မတော်တွင် ခေတ္တတာဝန်ထမ်းခဲ့စဉ်အတွင်း တော်လှန်ရေး၊ စစ်ရေးအတွေ့အကြုံများကို သားဖြစ်သူ တပ်မတော်သားစစ်သည်ကို ရည်စူးကာ ရေးသားခဲ့ခြင်းဟု ဆိုသော်လည်း သားမောင်စစ်သည်များ၊ တိုင်းပြည်၏ သားကောင်းရတနာများအားလုံးအတွက် ရည်ရွယ်ရင်းဖြစ်သည်။ မိမိ၏ ငယ်ဘဝ၊ ဗမာ့ကာကွယ်ရေး တပ်မတော်သားဘဝ၊ စစ်တက္ကသိုလ် ကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းဆရာဘဝ၊ ပြန်ကြားရေးဌာန အယ်ဒီတာဘဝ၊ လန်ဒန် ပညာတော်သင်ဘဝတို့နှင့်အတူ နိုင်ငံ၏အကျိုးကို တပ်မတော်သည် ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို စုံလင်စွာရေးသားထားသည်။

စာအုပ်တွင် စာမျက်နှာ (၂၇၇)မျက်နှာ ပါဝင်ပြီး အခန်း (၈)ခန်း ပါဝင်သည်။ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ရန်ကုန်မြို့၊ အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

### တာဝန်ကိုယ်စီရှိပါသည်နှင့် အခြားပြဇာတ်များ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ တတိယဆုရရှိသည့် စာရေးဆရာ မောင်စိုးထိုက် (သုံးဆယ်) ၏ **“တာဝန်ကိုယ်စီရှိပါသည်နှင့် အခြားပြဇာတ်များ”** စာအုပ်ကို ရောင်းဈေး ကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရန်ကုန်-နေပြည်တော် အဝေးပြေးလမ်းမကြီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးပြဇာတ်အပါအဝင် ပြဇာတ်တို ၉ ပုဒ် ပါဝင်သည်။ ပြဇာတ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးဓလေ့များ မပျောက်ပျက်စေရေး၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်စေရေး၊ ကျေးဇူးသိတတ်ရန် လိုအပ်မှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစေရေးနှင့် ရိုးရာလှေသဘင်စသည့် အကြောင်းအရာများကို ပြဇာတ်အသွင် ခြယ်မှုန်းတင်ပြထားသည်။ တစ်ခန်းရပ် ပြဇာတ်များအဖြစ် စင်တင်ကပြနိုင်သည့် ပြဇာတ်စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

### နာမည်နှင့် မြန်မာ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆုရရှိသည့် စာရေးဆရာမ မေမြန်မာ၏ **“နာမည်နှင့် မြန်မာ”** စာအုပ်ကို ရောင်းဈေး ကျပ် ၁၇၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် နာမည်မှည့်ပုံ နည်းစနစ်များကို အဓိကထား ရေးသားထားသည်။ ကမ္ဘာပေါ်ရှိ နာမည်မှည့်ပုံများနှင့် မြန်မာတို့၏ နာမည်မှည့်ပုံများကို နည်းစနစ်ကျနစွာ ရေးသားတင်ပြထားသည်။ မြန်မာနာမည်မှည့်နည်း အမျိုးမျိုးအကြောင်း၊ ပုဂံခေတ်မှ မျက်မှောက်ခေတ်တိုင်အောင် မြန်မာနာမည်များ အဆင့်ဆင့်ပြောင်းလဲလာပုံ၊ ကျား၊ မ နာမည်၊ တိုင်းရင်းသားနာမည်၊ နာမည်နှင့် ဆက်စပ်သော ဝိသေသသဘောများကိုလည်း အသေးစိတ် အနုစိတ် အကိုးအကားများဖြင့် ဖော်ပြသည်။ နာမည်နှင့် ယုံကြည်လိုက်နာမှုဓလေ့၊ နာမည်အပေါ် စရိုက်လက္ခဏာ လွှမ်းမိုးမှု၊ နာမည်နှင့် လူမှုဆက်ဆံရေးတို့၏ ထူးခြားဖြစ်တည်မှုများကိုလည်း စိတ်ဝင်စားဖွယ် ဖော်ထုတ်တင်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

### ခေတ်သစ်ဂေါတမီ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ တတိယဆုရရှိသည့် စာရေးဆရာ မောင်လွယ်အိတ်၏ **“ခေတ်သစ်ဂေါတမီ”** စာအုပ်ကို ရောင်းဈေး ကျပ် ၁၄၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။ .

ယင်းစာအုပ်တွင် အခန်းပေါင်း ၃၀ ပါဝင်ပြီး ဇာတ်ကောင်အင်အားများစွာ ပါဝင်သည့် ပြဇာတ်ရှည် ဖြစ်သည်။ စာရေးသူက ကျေးရွာသူကျေးရွာသားများ၏ ရိုးရှင်းပွင့်လင်းသော စရိုက်ရှိပုံ၊ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းကြပုံများ၊ တိုင်းရင်းသူတို့၏ ရိုးသားတည်ကြည်သော စိတ်ဓာတ်များကို နှစ်လိုဖွယ်ဖြစ်အောင် တင်ဆက်ထားသည်။ သံသယနှင့် အမုန်းတရားက လမ်းမှားသို့ တင်ပို့ပေးနိုင်ကြောင်း၊ နားလည်မှုနှင့် ချစ်ခြင်းမေတ္တာတရားက လမ်းမှန်ပေါ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်ကြောင်းစသည့် အသိတရားများကိုပါ ဝေငှထားပေးရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အပြင် စာဖတ်ပရိသတ်များအဖို့ သုတရသရရှိမည် ဖြစ်သည်။

### ရာမဇာတ်ထဲက ရေကျော်မောင်မောင်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရရှိသည့် စာရေးဆရာ မင်းသျှင်အောင် (တွံတေး) ၏ **“ရာမဇာတ်ထဲက ရေကျော်မောင်မောင်”** စာအုပ်ကို ရောင်းဈေး ကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာစာပေနှင့် ယဉ်ကျေးမှုနယ်ပယ်အတွင်းသို့ ပုဂံခေတ်နှင့် အင်းဝခေတ်တို့၌ ရာမဇာတ်ဝတ္ထု စတင်စီးဆင်းဝင်ရောက်လာခဲ့ပုံမှအစပြု၍ ရာမာယဏသမိုင်းကြောင်း၊ နန်းတွင်းရာမဇာတ်တော်ကြီးနှင့် ဇာတ်ဝင်သီချင်းကြီးများကို ခြေရာကောက် စုစည်းထားသည်။ ဆယ်ကျော်သက်အရွယ်တွင် ရာမဇာတ်၌ ရွှေသမင်အကဖြင့် နာမည်ရခဲ့ပြီး နောက်ပိုင်းတွင် ရာမဇာတ်သဘင်ပညာရှင်တစ်ဦး ဖြစ်သည့် ရေကျော်မောင်မောင်၏ ဘဝတစ်စိတ်တစ်ဒေသသည် ရာမဇာတ်နှင့် တစ်သားတည်း ပျော်ဝင်ခဲ့ရာမှ ဘဝဆည်းဆာအချိန်၌ သာသနာ့အရိပ်သို့ ခိုဝင်ခဲ့ပုံ ဘဝဇာတ်ခုံကို ရေးဖွဲ့ထားသော စာအုပ်ကောင်း ဖြစ်သည်။

### စာပွင့်ဝတ်မှုန်ကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ အထဝါစိုး (မန္တလေး) ၏ **“စာပွင့်ဝတ်မှုန်ကဗျာများ”**စာအုပ်ကို ရောင်းဈေး ကျပ်၂၂၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတိုစုစုပေါင်း ၇၆ ပုဒ် ပါဝင်သည်။ မိသားစုဖွဲ့၊ အညာကျေးလက်ဖွဲ့၊ မြို့ဖွဲ့၊ အမျိုးသားအားမာန်ဖွဲ့များအပြင် လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်ကို ညွှန်းဆိုသော ကဗျာများလည်း ပါဝင်သည်။ ကဗျာဟန်အနေဖြင့် လေးဆစ်ချိုးအတွဲများကို လှိုင်လှိုင်သုံး၍ ရေးဖွဲ့ထားသည်။ ကဗျာတစ်အုပ်လုံးတွင် တေးထပ်၊ လွမ်းချင်း၊ တျာချင်း၊ အဲချင်း၊ အိုင်ချင်း၊ စကြာလည်တေးထပ်၊ ဧကပိုဒ်ရတု၊ ဟိုက္ကူ စသည်ဖြင့် ကဗျာပုံစံအမျိုးမျိုးဖြင့် ရေးဖွဲ့ထားသည်။ ရေးဖွဲ့ပုံ ပေါ့ပါးသွက်လက်ပြီး အရပ်သုံးစကားလုံးများနှင့် ပါဠိသက်စကားလုံးများကို ထည့်သွင်းသုံးစွဲထားသည့် ကဗျာစာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

### သမီးနှင့် သားသို့ ပေးစာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ တတိယဆုရရှိသည့် စာရေးဆရာ နိုက်၏ **“သမီးနှင့် သားသို့ ပေးစာများ”** စာအုပ်ကို ရောင်းဈေး ကျပ် ၁၃၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဆောင်းပါး ၁၅ ပုဒ် ပါဝင်ပြီး ပေးစာပုံစံ စကားပြောဖြင့် ရေးဖွဲ့ထားသည်။ ဆောင်းပါးတစ်ပုဒ်ချင်းစီကို ဦးတည်ချက်နှင့်အညီ စုစုစည်းစည်း လှလှပပ ရေးသားတင်ပြထားသည်။ လူငယ်များကို အတွေးလိမ္မာ၊ အသိတရား၊ တွေးခေါ်နိုင်စွမ်းအားနှင့် ဆင်ခြင်ဉာဏ်တိုးတက်စေရန် သိမ်မွေ့စွာ သွန်သင်ညွှန်ပြဆုံးမထားချက်များကို ပြေပြစ်သော အရေးအသား ဆီလျော်သော နမူနာ၊ ဥပမာများ၊ ဖြစ်ရပ်များနှင့် လူငယ်များအတွက် ဦးတည်စုစည်းရေးသား တင်ပြထားသည်။

လူငယ်များအတွက် အကျိုးရှိစေမည့် ဖတ်သင့်ဖတ်ထိုက်သောအားထားထိုက်သည့်အတွက် စာဖတ်ပရိသတ်များ လက်ဝယ်ထားရှိသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်း ကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်- ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

(၁၆-၇-၂၀၂၁ မှ အဆက်)

-၂-

ညောင်ရွှေမှာ ရှိနေစဉ်တုန်းကတော့ ဘာပြဿနာမှ မရှိ။ ပတ်သက်ရာ ပတ်သက်ကြောင်းဟူ၍လည်း နိုင်လင်း သူငယ်ချင်း တစ်ယောက်သာရှိသည်။ ထိုသူငယ်ချင်းကလည်း စိတ်အနှောင့် အယှက် ဖြစ်စရာစကား ဘာတစ်ခွန်းမှ မပြော။ အခုမှ ခိုးပြေးလာကြသည့် လူပျို၊ အပျိုဇနီးမောင်နှံ အသစ်စက်စက်ကဲ့သို့ပင် ဆက်ဆံသည်။ ရန်ကုန်က အခြေအနေကို မေးလည်း မမေး။ ပြောလည်း မပြော။

သို့အတွက် သက်သက် စိတ်ထဲမှာ မမဦးရယ် ဘာရယ်ရှိခဲ့ခြင်းကိုပင် မေ့နေတော့သည်။ အင်းထဲ လည်လိုက်၊ အချိန်တန် စားလိုက်၊ သောက်လိုက်နှင့် သုံးလေးရက် အချိန်ဖြုန်းလိုက်သေးသည်။ နောက်မှ တောင်ကြီးတက်၊ တောင်ကြီး ဟိုတယ်မှာတည်းပြီး တောင်ကြီး တစ်ဝိုက်မှာ တစ်ပတ်လောက်လည်၊ ထိုမှတစ်ခါ ပြန်ဆင်း၊ ကလောဆက်၊ ပင်းတယဘက်မှာ ဆယ်ရက်လောက် အချိန်ဖြုန်းနှင့် ရန်ကုန်မှာ တက္ကသိုလ် စာမေးပွဲများ ဖြေနေရချိန်တွင် သက်သက် ကလော ရောက်နေသည်။

"စာမေးပွဲကိစ္စ ဘယ်လိုလုပ်မလဲ သက်သက်"

"နောက်နှစ်ကျမှပဲ အပြင်ကဖြေတော့မယ် ကိုနိုင် ။ မထူးပါဘူး"

"အင်းပေါ့၊ သက်သက် ဖြေချင်လည်း ဖြေ၊ မဖြေချင်လည်း အကြောင်းမဟုတ်ပါဘူး။ သက်သက် အလုပ်လုပ်စရာမှ မလိုဘဲ၊ ကိုယ်ရှာကျွေးမှာပေါ့။ ကိုယ်ကတော့ အားလုံးကို ကျေးဇူးတင်ရ မလိုတောင် ဖြစ်နေပြီ။ နို့မို့ သက်သက်နဲ့ ဒီလောက် စောစောပေါင်းရမှာ မဟုတ်ဘူး။ ခုတော့ ဘယ်လောက် အိုကေလဲ"

သက်သက် မျက်စောင်းတစ်ခု အပြုံးနှင့်ရော၍ ထိုးသည်။

"ဘာအိုကေလဲ။ ဟင်း... လူရှုပ်ကြီး" နိုင်လင်း တဟားဟား ရယ်သည်။

"မရယ်နဲ့နော် ကိုနိုင်။ ခုတိုင်းက နဂို စီစဉ်သလို ဟိုတစ်ယောက်နဲ့ ပြတ်ပြတ်သားသားဖြစ်မှ လက်ထပ်မယ်ဆိုတာ ဖြစ်လာတာမဟုတ်ဘူး။ ရန်ကုန် ရောက်မှ နှစ်ဆောင်ပြိုင် ဇာတ်လမ်းလုပ်ပြီး ဘယ်တောင်ပံ ညာတောင်ပံတွေ ရံလာရင်တော့ အသတ်ပဲ"

"မရံပါဘူးဗျာ၊ ကိုယ့်ဘက်က ပြတ်ပြီးသားပါ။ သက်သက် နားကလွဲလို့ ဘယ်မှ မသွားပါဘူး။ သွားလည်း မသွားနိုင်ပါဘူး။ စိတ်ချပါ"

သက်သက် ကျေနပ်ရသည်။ ပြီးတော့ ပျော်သည်။

သို့သော် ပျော်ခြင်းသည် ဆောင်းဦး နှင်းပွင့်မျှသာ သက်တမ်းတို၍ မိုက်မဲမှုအတွက် ရလဒ်များက သံသရာကဲ့သို့ ရှည်လျားလာခြင်းကို ရန်ကုန်ပြန်ရောက်သည်က စ၍ သက်သက် ကြုံရတော့၏။

x x x x x

ခရီးထွက်စဉ်က 'ဘဝသုခရိပ်မြုံ'ဟု နှစ်ဦးသဘောတူ အမည်ပေးခဲ့သော အင်းစိန် စော်ဘွားကြီးကုန်း အိမ်ကလေးသို့ တောက်လျှောက်တန်း၍ ပြန်ခဲ့သည်။

တကယ်နေမည်ဆိုသောအခါ အိမ်နှင့် တူရန်အတွက် လိုအပ်သည့် ပစ္စည်း ပစ္စလေးများ နေ့ချင်းအမီပင် ဝယ်သင့်သလောက် ဝယ်ရသေးသည်။

သည်လိုနှင့် သူတို့ ပြန်ရောက်နေသည့်ကိစ္စ အမြင်ဘယ်လောက်များသွားသည် မပြောတတ်။ ညဘက်တွင် အိမ်သို့ နိုင်လင်း ဘက်ကကော၊ သက်သက်ဘက်ကကော လူစုံတက်စုံ ရောက်လာကြတော့သည်။

လူစုံတက်စုံက ဘက်စုံရှုထောင့်များဖြင့် ဝိုင်းဝန်းပြစ်တင် ရှုတ်ချကြသောကြောင့် နှစ်ယောက်စလုံး ခေါင်းပင် မဖော်နိုင်။

သက်သက် အဖေနှင့် ကိုကိုကြီးကဆို အခုချက်ချင်းပင် ရိုက်မည်၊ သတ်မည် တကဲကဲ လုပ်နေသဖြင့် ဘေးကလူများ မနည်း ဖျောင်းဖျ ဆွဲထားရသည်။ အမေ လုပ်သူကတော့ မထူးတော့မည့် အခြေအနေမှာ တတ်နိုင်သလောက် ဂုဏ်သိက္ခာ ရှိရေးကို တွေးပြီး

"ကဲပါလေ၊ လက်စတုံးအောင် မိုက်ပြီးကြမှတော့ ပြောနေဆုံးမနေလို့လည်း အပိုပါပဲ။ ကဲ... ဒီက ဆရာမကပဲ စပြော ဆရာမ အနေနဲ့ ဘာဖြစ်ချင်သလဲ"

မမဦးက မျက်မှောင်ကြုတ်၍ သူတို့ နှစ်ယောက်ကို ကြည့်သည်။ ပြီးမှ

"ခုချိန်မှာတော့ ကျွန်မလည်း ဘာပြောတတ်မှာလဲ ဒေါ်ဒေါ် ရယ်၊ တစ်ခုပဲရှိတယ်။ ကျွန်မဘက်က ကျွန်မ ပြောချင်တာကတော့ သူတို့နှစ်ယောက် ပေါင်းချင်ပေါင်းပါ။ ဒါပေမဲ့ ကျွန်မအနေနဲ့ ကွာတာရှင်းတာတို့ ဘာတို့ ဘာမှ မလုပ်ချင်ဘူး။ ကျွန်မ အသိုင်းအဝိုင်းနဲ့ ကျွန်မမှာ ဒီလိုပဲ မသိလိုက် မသိဘာသာနဲ့ နေသွားချင်တယ် "

"ဒါဖြင့် မင်းသဘောကကော မောင်နိုင်လင်း"

သက်သက် အမေက နိုင်လင်းဘက် ပြန်ခေါင်းတည်သည်။ နိုင်လင်းက ခေါင်း မဖော်တဖော်ဖြင့်

"ကျွန်တော်ကတော့ သက်သက်နဲ့ပဲ ပေါင်းမှာပါ။ ဖြစ်နိုင်ရင်တော့ မမဦးနဲ့ ကင်းကင်းရှင်းရှင်း ပိုကောင်းတာပေ့ါ။ ဒါပေမဲ့ မမဦးက ဒီလိုပြောနေတော့လည်း ခက်တယ်"

" ဒီမှာ မောင်၊ မမ ရှင်းရှင်းပဲပြောမယ်။ မောင့်ဘာသာမောင် ဘာလုပ်လုပ် မမက မောင့်ရဲ့ တရားဝင်မယားပဲ။ ဒီလိုပြောတဲ့အတွက် မင်းကို မမက မဖြတ်နိုင်လွန်းလို့၊ စွဲလမ်းလွန်းလို့တော့ မထင်နဲ့။ မမ အသိုင်းအဝိုင်းမှာ မမဂုဏ်သရေနဲ့ မမနေတဲ့အခါ ဒါကအရေးကြီးတယ်။ မင်း မိုက်ရိုင်းတာက မိုက်ရိုင်းတာက တခြား၊ မမဘက်က သိက္ခာရှိရှိ နေထိုင်တာက တခြားပဲ"

